# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်တွင် စတင် တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသောမဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၀ ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၇ ရက်၊ တနင်္ဂနွေနေ့။ Sunday 2 September 2018 ၄၃၄၇


# ထာဝရငြိမ်းချမ်းရေးစေတီတော် အလယ်ဌာပနာတော်သွင်း၊ အတွင်းစေတီတော်နှင့် ပုံတော်ပွားစေတီတို့အား ရွှေစင်ရွှေသား ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနား ကျင်းပ

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြည်ညို

**နေပြည်တော် စက်တင်ဘာ ၁**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီး၌ တည်ထားပူဇော်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးစေတီတော် အလယ်ဌာပနာတော်သွင်း၊ အတွင်းစေတီတော်နှင့် ပုံတော်ပွားစေတီတော်တို့အား ရွှေစင်ရွှေသားရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြည်ညို၍ အလယ်ဌာပနာတော်များ သွင်းလှူပူဇော်ကြပြီး ရွှေထီးတော်များ တင်လှူပူဇော်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော စေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ အလှူရှင် ဘုရားဒါယကာ၊ ဒါယိကာမများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ***






**ကိုးပါးသီလ ခံယူဆောက်တည်**

နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု စျေးကုန်းကျောင်းတိုက်ဆရာတော်ကြီးထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးနှင့် ဧည့်ပရိသတ်များ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။







ကြေးမုံ

# မှန်ကန်သည့်အချက်အလက်များဖြင့် ရှုမြင်

ကမ္ဘာ့ကုလသမဂ္ဂသည် ကမ္ဘာ့နိုင်ငံများ ငြိမ်းချမ်းသာယာရေးကို ဖော်ဆောင်ပေးသောအဖွဲ့ကြီးဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများအားလုံး၏ အကျိုးစီးပွားကိုရှေးရှု၍ ရှုထောင့်ပေါင်းစုံမှ ချဉ်းကပ်လေ့လာထားသည့် မှန်ကန်သောအချက်အလက်များဖြင့် လွတ်လပ်မှု၊ ဘက်မလိုက်မှု၊ တရားမျှတမှုတို့ကို အခြေခံပြီး အပြုသဘောဆောင်ကာ ကရုဏာထားလျက် ကမ္ဘာ့နိုင်ငံများ ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းသည်။

ယခုအခါ ရခိုင်ပြည်နယ်အရေးကို အကြောင်းပြု၍ လူ့အခွင့်အရေးကောင်စီက မြန်မာနိုင်ငံအပေါ် ဖိအားအမျိုးမျိုး၊ စွပ်စွဲပြောဆိုမှုအဖုံဖုံတို့ ပိုမိုပြုလုပ်လာသည်ကို မြင်တွေ့ ကြားသိကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးကောင်စီမှ ယမန်နှစ်က ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့အား သမာသမတ်မကျသဖြင့် အဆိုပါအဖွဲ့ဖွဲ့စည်းမှုနှင့် ရှာဖွေတွေ့ရှိမှုများကို လက်မခံကြောင်း ရှင်းလင်းပြတ်သားစွာ အသိပေးခဲ့ပြီးဖြစ်သည်။

ယခုနှစ် သြဂုတ်လအတွက် ဗြိတိန်နိုင်ငံက လုံခြုံရေးကောင်စီဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး မြန်မာနိုင်ငံအခြေအနေခေါင်းစဉ်ဖြင့် တံခါးဖွင့်ရှင်းလင်းပွဲတစ်ရပ်ကို သြဂုတ်လ ၂၈ ရက်နေ့က ကုလသမဂ္ဂလုံခြုံရေးကောင်စီခန်းမ၌ ကျင်းပခဲ့သည်။ ထိုရှင်းလင်းပွဲတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက မြန်မာနိုင်ငံ၏ပကတိအခြေအနေမှန်များကို ရှင်းလင်းပြောကြားခဲ့သည်။

တံခါးဖွင့်ရှင်းလင်းပွဲတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးက ဖော်ပြပါအချက်အလက်ရှာဖွေရေးအဖွဲ့၏ မြန်မာနိုင်ငံအပေါ် စွပ်စွဲချက်နှင့်ပတ်သက်၍ ဘက်လိုက်မှုကင်းနိုင်ခြေအပေါ် စိုးရိမ်သည့်အတွက် ယင်းအဖွဲ့၏ ဆောင်ရွက်ပိုင်ခွင့်ကို လက်မခံခဲ့ကြောင်း ထပ်လောင်းပြောကြားခဲ့ပြီး ၎င်းအဖွဲ့မှ အစီရင်ခံစာ အချိန်ကိုက်ထုတ်ပြန်သည့် ရည်ရွယ်ချက်အပေါ်တွင်လည်း များစွာသံသယရှိကြောင်း ပြောကြားခဲ့သည်။

ထိုအဖွဲ့သည် သြဂုတ်လ ၂၇ ရက်နေ့တွင် အစီရင်ခံစာကို ထုတ်ပြန်ခဲ့ပြီး သြဂုတ်လ ၂၈ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ မြန်မာနိုင်ငံအခြေအနေခေါင်းစဉ်ဖြင့် တံခါးဖွင့်ရှင်းလင်းပွဲကျင်းပခဲ့သည်မှာ သံသယဖြစ်ဖွယ်ဖြစ်သည်။ အမှန်တကယ်တွင် ရခိုင်ပြည်နယ်အရေးကို အကြောင်းပြု၍ ဖိအားပေးပွဲများမှာ မဆန်းသလိုပင် ဖြစ်သည်။ ရခိုင်ပြည်နယ်တွင် ပဋိပက္ခများ စတင်ဖြစ်ပွားသည့်အချိန်မှစ၍ လူ့အခွင့်အရေးကို အကြောင်းပြုပြီး စွပ်စွဲပြစ်တင်မှုများ အကြိမ်ပေါင်းမြောက်မြားစွာ ပြုလုပ်ခဲ့ကြသည်ကို သိရှိကြမည်ဖြစ်သည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများနှင့်ပတ်သက်၍ ငြိမ်းချမ်းစွာ ချဉ်းကပ်ဖြေရှင်းရန် ကြိုးပမ်းခဲ့သည့် ဒေါက်တာကိုဖီအာနန်ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ကို ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင်ဖွဲ့စည်းပြီး တစ်လအကြာ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် အာဆာအဖွဲ့ဖြစ်လာမည့် အာကွာမူမူဂျာဟီဒင် အစွန်းရောက်အကြမ်းဖက်အုပ်စုက ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်းရှိ နယ်စပ်လုံခြုံရေးစခန်းသုံးခုကို ကြိုတင်အကွက်ချ စီစဉ်တိုက်ခိုက်ခဲ့သည်။ ထို့နောက် ကိုဖီအာနန်ကော်မရှင်က အပြီးသတ် အစီရင်ခံစာကို မြန်မာအစိုးရသို့ ၂၀၁၇ ခုနှစ် သြဂုတ်လ ၂၄ ရက်နေ့တွင် တင်သွင်းခဲ့ပြီး နာရီပိုင်းအကြာ ၂၀၁၇ ခု နှစ် သြဂုတ်လ ၂၅ ရက်နေ့ အစောပိုင်းတွင် အာဆာအဖွဲ့က ရခိုင်ပြည်နယ် မောင်တောဒေသရှိ ရဲကင်းစခန်း ၃၀၊ နယ်မြေခံတပ်ရင်း၌ာချုပ်တစ်ခုတို့ကို ကြိုတင်အကွက်ချ စီစဉ်တိုက်ခိုက်ခဲ့သည်။ ထိုပဋိပက္ခအတွင်း အပြစ်မဲ့ပြည်သူများအား အာဆာအဖွဲ့က သတ်ဖြတ်ခြင်း၊ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးစေခြင်းတို့သည် အာဆာအဖွဲ့က သေချာစွာ တွက်ချက်ဖန်တီးထားခြင်းသာဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ရခိုင်ပြည်နယ်အရေး၊ လူ့အခွင့်အရေးနှင့်ပတ်သက်၍ မိမိတို့အရေးကို မိမိတို့ကသာ ဝိုင်းဝန်းကြိုးပမ်း ဖြေရှင်းဆောင်ရွက်ကြရမည် ဖြစ်သော်ငြားလည်း နိုင်ငံတကာအသိုင်းအဝိုင်းအဖွဲ့အစည်းများအနေဖြင့် မှန်ကန်သည့်အချက်အလက်များ၊ မျှတကောင်းမွန်သည့် သဘောထားများဖြင့် ပူးပေါင်းကူညီဖြေရှင်းရေးမှာ အရေးကြီးပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm




## ဘိုကလေးမြို့နယ် ဆတ်ကျွန်းကျေးရွာတွင် လေဆင်နှာမောင်းတိုက်ခတ်

**ဘိုကလေး စက်တင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဆတ်ကျွန်းကျေးရွာတွင် သြဂုတ် ၂၇ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ ခန့်က လေဆင်နှာမောင်း တိုက်ခတ်သွားခဲ့ကြောင်း သိရသည်။

အဆိုပါလေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ဆတ်ကျွန်းကျေးရွာတွင် အိမ်ခြေ ကိုးလုံး ပျက်စီးသွားခဲ့ပြီး ဆတ်ကျွန်း အမက(လွှန်) ကျောင်းမှာလည်း တိုင်ခြေများ ကွဲအက်သွားခဲ့ကာ စာသင်ခန်း အုတ်နံရံတချို့လည်း အက်ကွဲသွားကြောင်း သိရသည်။ **၁၇၂**

## ထိခိုက်ဒဏ်ရာရရှိမှုမှ ပြန်လည်သန်စွမ်းရေး ပြီးပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်ပေးမှုစီမံကိန်း ရန်ကုန်တွင် စတင်

**ရန်ကုန် စက်တင်ဘာ ၁**

စင်ကာပူနှင့် မြန်မာ့ကျန်းမာရေးဆိုင်ရာ ပညာရှင်များပူးပေါင်း၍ ထိခိုက်ဒဏ်ရာရရှိမှုမှ ပြန်လည်သန်စွမ်းရေးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအား ရန်ကုန်တွင် အရှိန်အဟုန်ဖြင့် အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း သြဂုတ် ၃၁ ရက် နံနက်ပိုင်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီး Training Centre တွင် ပြုလုပ်သည့် သုံးနှစ်တာကျန်းမာရေးစောင့်ရှောက်မှု လေ့ကျင့်သင်ကြားရေးစီမံကိန်း စတင်ခြင်းအခမ်းအနားမှ သိရသည်။

အဆိုပါ စီမံကိန်းကို Singapore International Foundation (SIF)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် Singapore Health Services (SingHealth) တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ ကျန်းမာရေးစောင့်ရှောက်မှုပညာရှင်ပေါင်း ၁၈၀ ခန့်ကို သင်တန်းပို့ချပေးရန် ရည်ရွယ်ထားပြီး ရန်ကုန်မြို့တွင် အနည်းဆုံး လူနာသုံးသောင်း အကျိုးကျေးဇူး ခံစားရမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာဌာနမှူး၊ ပါမောက္ခ ဒေါက်တာခင်မျိုးလှက "ထိခိုက်ဒဏ်ရာရရှိမှုကြောင့်ဖြစ်တဲ့ ဝေဒနာဟာ ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာပါ ဆိုးဆိုးရွားရွားထိခိုက်စေနိုင်ပြီး အသက်အန္တရာယ်ပေးနိုင်တယ်ဆိုတာလည်း အားလုံးသိပြီးဖြစ်ပါတယ်။ ပိုပြီးတော့ ကောင်းမွန်တဲ့ အဆင့်မြင့်တဲ့ ကုသမှုတွေပေးနိုင်ဖို့အတွက် အခုလို ပူးပေါင်းပြီးလုပ်ဆောင်တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း WHO ၏ လေ့လာတွေ့ရှိချက်အရ ထိခိုက်မှု (သို့မဟုတ်) ပြင်းထန်သည့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုဖြစ်ရပ်များသည် ကမ္ဘာ့အသက်ဆုံးရှုံးမှု၏ ကိုးရာခိုင်နှုန်းအထိရှိနေပြီး ကမ္ဘာပေါ်ရှိနိုင်ငံများကို ခြိမ်းခြောက်နေကြောင်း ယနေ့အခမ်းအနားမှ သိရသည်။

မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ထိခိုက်ဒဏ်ရာရရှိမှု ကာကွယ်ရေးစီမံကိန်း ၂၀၁၀ - ၂၀၁၃ ခုနှစ် ထိခိုက်ဒဏ်ရာရရှိမှု စောင့်ကြည့်စစ်ဆေးသည့် စစ်တမ်းအရ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ခုတင် ၁၀၀၀ ဆံ့ဆေးရုံကြီး၊ မကွေးပြည်သူ့ဆေးရုံကြီးနှင့် မြောက်ဥက္ကလာပဆေးရုံတို့တွင် ၂၀၁၀ ပြည့်နှစ်က ထိခိုက်ဒဏ်ရာရရှိသည့် လူနာပေါင်း ၂၄၇၈၁ ဦးရှိခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ထိခိုက်ဒဏ်ရာရရှိသူဦးရေသည် ၃၃၇၆၇ ဦးအထိ များပြားလာကြောင်း သိရသည်။



ထိုကဲ့သို့ ထိခိုက်ဒဏ်ရာရရှိမှုကြောင့် သေဆုံးသည့် အရေအတွက်သည် ၂၀၁၀ ပြည့်နှစ်တွင် ၁၈၉ ဦးရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် ၄၈၅ ဦးအထိ များပြားလာခဲ့ပြီး တွေ့ရှိချက်များအရ သယ်ယူပို့ဆောင်ရေးကြောင့် ရရှိသည့် ထိခိုက်ဒဏ်ရာများသည် မြန်မာနိုင်ငံတွင် အဖြစ်အများဆုံးဖြစ်ကြောင်း၊ မော်တော်ဆိုင်ကယ်ကြောင့်ဖြစ်သည့် ထိခိုက်ဒဏ်ရာရရှိမှုမှာ အများဆုံးနှင့် ပြုတ်ကျမှုကြောင့်ဖြစ်ခြင်းနှင့် ရိုက်နှက်ခံရမှုကြောင့်ဖြစ်ခြင်းမှာ ဒုတိယနှင့် တတိယနေရာတို့တွင်ရှိကြောင်း သိရသည်။

Singapore International Foundation (SIF) မှ Executive Director Mrs. JEAN TAN က "မြန်မာနိုင်ငံမှာ ယာဉ်မတော်တဆမှုကြောင့်ဖြစ်တဲ့ထိခိုက်မှုတွေ၊ ခိုက်ရန်ဖြစ်ပွားမှုကြောင့်ဖြစ်တဲ့ ထိခိုက်မှုတွေ၊ ပြုတ်ကျလို့ပဲဖြစ်ဖြစ်၊ လုပ်ငန်းခွင် မတော်တဆမှုကြောင့်ဖြစ်တဲ့ ထိခိုက်မှုတွေဟာ ဆေးရုံမှတ်တမ်းတွေအရ အဖြစ်များတယ်ဆိုတာတွေ့ရတယ်၊ ထိခိုက်ဒဏ်ရာရရှိမှုမှ ပြန်လည်သန်စွမ်းရေးအတွက် အရည်အသွေးမြင့်မားတဲ့ ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ဖို့အတွက် ဒီစီမံကိန်းကို ရည်ရွယ်တာဖြစ်ပါတယ်"ဟု ပြောသည်။

ယနေ့ပြုလုပ်သည့် အခမ်းအနားတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ပါမောက္ခချုပ် ဒေါက်တာဒေါ်ရီရီမြင့်၊ Singapore International Foundation (SIF)နှင့် Singapore Health Services (SingHealth) တို့မှ တာဝန်ရှိသူများက ထိခိုက်ဒဏ်ရာရရှိမှု ပြန်လည်သန်စွမ်းရေး ပြီးပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်ပေးမှုစီမံကိန်း နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။ **သီသီမင်း**

## စစ်တွေတက္ကသိုလ်၌ အနုပညာပဒေသာကပွဲ စည်ကားစွာ ကျင်းပ

**စစ်တွေ စက်တင်ဘာ ၁**

ရခိုင်ပြည်နယ် စစ်တွေမြို့ စစ်တွေတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည့် စစ်တွေတက္ကသိုလ် အနုပညာပဒေသာကပွဲသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ် တရားလွှတ်တော် တရားသူကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ စစ်တွေတက္ကသိုလ်ပါမောက္ခချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်အားပေး ကြည့်ရှုကြသည်။

ရှေးဦးစွာ ရခိုင်မင်္ဂလာစည်တော်ဖြင့် စတင်ဖွင့်လှစ်၍ စစ်တွေတက္ကသိုလ် ပါမောက္ခချုပ်က အဖွင့်အမှာစကားပြောကြားပြီး တက္ကသိုလ်က ကျောင်းသား ကျောင်းသူများက ရခိုင်ရိုးရာယိမ်း အကများဖြင့်လည်းကောင်း၊ စစ်တွေတက္ကသိုလ် ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအက အပါအဝင် အဆို၊ အကများဖြင့် ဆက်လက်ဖျော်ဖြေပေးကြသည်။ ထို့ပြင် ညနေပိုင်းတွင် King & Queen ရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က စစ်တွေတက္ကသိုလ် အနုပညာပဒေသာကပွဲဖြစ်မြောက်ရေး ကော်မတီသို့ ထောက်ပံ့ငွေကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်ရာ စစ်တွေတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းနိုင်နှင့် တာဝန်ရှိသူများက လက်ခံကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

ကြေးမုံ

ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၈ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၄၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၄၁၂၈၊ ၀၆၇-၃၄၁၃၀၊ ဖက်စ် ၀၆၇-၃၄၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၃၃၄၅



နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့ ထာဝရငြိမ်းချမ်းရေးစေတီတော် အလယ်ဌာပနာတော်တိုက်တွင် သွင်းလှူပူဇော်မည့် ဝါစိမ်းနီပြာ ရတနာကျောက်မျက်များ စီခြယ်ထားသော ရွှေကြာငါးခိုင်နှင့် ဗုဒ္ဓရုပ်ပွားတော်တို့ကို ဆက်ကပ်စဉ်။



ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အလှူရှင် ဘုရားဒါယကာတို့ ထာဝရငြိမ်းချမ်းရေးစေတီတော်၏ အတွင်းစေတီတော်အထွတ်၌ ရွှေစင်ရွှေသား ရွှေထီးတော်ကို တင်လှူပူဇော်ကြစဉ်။

*** ရွှေဖုံးမှ**

အခမ်းအနားမစတင်မီ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဓမ္မာရုံတော်အတွင်း ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်နှင့် သောက်တော်ရေချမ်းတို့ကို ဆက်ကပ်ပူဇော်သည်။

အခမ်းအနားအစီအစဉ်အရ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဈေးကုန်းဆရာတော်ကြီးထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးနှင့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

**တရားတော်များ ရွတ်ပွားသရဇ္ဈာယ်**

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက သမန္တာမှစ၍ မေတ္တာသုတ်တော်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြရာ ဧည့်ပရိသတ်များက နာယူကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို စေတီတော်ပရိဝုဏ်တွင် ပက်ဖျန်းကြဲဖြန့် ချည်နှောင်တားဆီးကာရံကြသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့က ထာဝရငြိမ်းချမ်းရေး အတွင်းစေတီတော်အထွတ်တွင် တပ်ဆင်ပူဇော်မည့် ရွှေစင်ရွှေသား ရွှေထီးတော်၊ အလယ်ဌာပနာတော်တိုက်တွင် သွင်းလှူပူဇော်မည့်ခက်မငါးဖြာနှင့် ပြည့်စုံသော ရတနာငွေဗောဓိပင်တော်၊ ဝါစိမ်းနီပြာ ရတနာကျောက်မျက်များ စီခြယ်ထားသော ရွှေကြာငါးခိုင်၊ ရတနာရွှေအိုး၊ ဓာတ်တော်ရွှေကြုတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။



ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အလှူရှင် ဘုရားဒါယကာတို့ ခက်မငါးဖြာနှင့် ပြည့်စုံသည့် ရတနာငွေ ဗောဓိပင်တော်၊ ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေတိဂုံပုံတူငွေစေတီတော်များ၊ ပရိက္ခရာရှစ်ပါး ငွေပဒေသာပင်များ၊ ငွေကြုတ်တော်များ၊ ဓာတ်တော်ငွေဆွမ်းအုပ်များ၊ ရတနာတံသင်း ငွေသေတ္တာများ၊ ဗုဒ္ဓဇာတာတော်၊ မော်ကွန်းကြေးပြားတော်နှင့် ဌာပနာတော်များကို ရှေးထုံးကျမ်းဂန်နှင့်အညီ ဌာပနာတိုက်တော်အတွင်း အစီအစဉ်အတိုင်း သွင်းလှူပူဇော်ကြစဉ်။

ယင်းနောက် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံ ထာဝရငြိမ်းချမ်းရေး ပုံတော်ပွားစေတီတော်အထွတ်တွင် တပ်ဆင်ပူဇော်မည့် ရွှေစင်ရွှေသား ရွှေထီးတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း၊ ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကထံ အလယ်ဌာပနာတိုက်အတွင်း သွင်းလှူပူဇော်မည့် ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေကံ့ကော်ရွှေပန်းအိုး ဓာတ်တော်ကြုတ်၊ ရွှေနှင်းဆီရွှေပန်းအိုး ဓာတ်တော်ကြုတ်၊ ပုလဲရတနာလည်ဆွဲနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ တပ်ကုန်းမြို့ ရွှေအင်းရိပ်သာကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ ပညာသာမိထံ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့က အလယ်ဌာပနာတိုက်အတွင်း သွင်းလှူပူဇော်မည့် မဟာမဏိမယ ဗုဒ္ဓပဋိမာရုပ်ပွားတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများက ဆရာတော်၊ သံဃာတော်များထံ အလယ်ဌာပနာတိုက်တွင် သွင်းလှူပူဇော်မည့် ဗုဒ္ဓရုပ်ပွားတော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ ဈေးကုန်းဆရာတော်ကြီးထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် အလယ်ဌာပနာတော် သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးနှင့် ဧည့်ပရိသတ်များက ရွှေစင်ရွှေသား ရွှေထီးတော်များ၊ အလယ်ဌာပနာတွင် သွင်းလှူပူဇော်မည့် ခက်မငါးဖြာနှင့် ပြည့်စုံသည့် ရတနာငွေဗောဓိပင်တော်၊ ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေတိဂုံပုံတူ ငွေစေတီတော်များ၊ ပရိက္ခရာရှစ်ပါး ငွေပဒေသာပင်များ၊ ငွေကြုတ်တော်များ၊ ဓာတ်တော်ငွေဆွမ်းအုပ်များ၊ ရတနာတံသင်းငွေသေတ္တာများ၊ ဗုဒ္ဓဇာတာတော်၊ မော်ကွန်းကြေးပြားတော်၊ မဟာဇေယျမင်္ဂလာ ၄၃ ဂါထာနှင့် ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်တို့ကို ပင့်ဆောင်ကာ စေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်ပြီး ကုသိုလ်တော်မဏ္ဍပ်သို့ ပို့ဆောင်ပေးကြသည်။

**ပင့်ဆောင်ပူဇော်**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံတော်သမ္မတ၏ဇနီး၊ ဒုတိယသမ္မတ၏ ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်ပရိသတ်များသည် အတွင်းစေတီတော်၏ ရွှေစင်ရွှေသား ရွှေထီးတော်နှင့် အလယ်ဌာပနာတော်များကို ဌာပနာတော်တိုက်သို့ လက်ဆင့်ကမ်း ပင့်ဆောင်ပူဇော်ပေးကြသည်။

မင်္ဂလာအချိန်တွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အလှူရှင် ဘုရားဒါယကာတို့က ခက်မငါးဖြာနှင့် ပြည့်စုံသည့် ရတနာငွေဗောဓိပင်တော်၊ ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေတိဂုံပုံတူငွေစေတီတော်များ၊ ပရိက္ခရာရှစ်ပါးငွေပဒေသာပင်များ၊ ငွေကြုတ်တော်များ၊ ဓာတ်တော်ငွေဆွမ်းအုပ်များ၊ ရတနာတံသင်း ငွေသေတ္တာများ၊ ဗုဒ္ဓဇာတာတော်၊ မော်ကွန်းကြေးပြားတော်နှင့် ဌာပနာတော်များကို ရှေးထုံးကျမ်းဂန်နှင့်အညီ ဌာပနာတိုက်တော်အတွင်း အစီအစဉ်အတိုင်း သွင်းလှူပူဇော်ကြသည်။

ထို့နောက် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်တို့သည် အလယ်ဌာပနာတိုက်တော်ကိုပိတ်၍ ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

**အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်**

ဆက်လက်၍ ရွှေပါရမီတောရဆရာတော်၊ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အလှူရှင်ဘုရားဒါယကာတို့က ထာဝရငြိမ်းချမ်းရေး အတွင်းစေတီတော်အထွတ်တွင် ရွှေစင်ရွှေသား ရွှေထီးတော်ကို တင်လှူပူဇော်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

ယင်းနောက် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် စေတီတော်ပရိဝုဏ် ဓမ္မာရုံတော်အတွင်းရှိ ထာဝရငြိမ်းချမ်းရေးပုံတော်ပွား စေတီတော်အထွတ်တွင် ရွှေစင်ရွှေသား ရွှေထီးတော်ကို တင်လှူပူဇော်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက ဂါထာတော်နှင့် ဇယမင်္ဂလာ အောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**



နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ တပ်ကုန်းမြို့ ရွှေအင်းရိပ်သာကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ ပညာသာမိထံ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ အလယ်ဌာပနာတိုက်အတွင်း သွင်းလှူပူဇော်မည့် မဟာမဏိမယဗုဒ္ဓပဋိမာရုပ်ပွားတော်ကို ဆက်ကပ်စဉ်။

ကြေးမုံ
စက်တင်ဘာ ၂၊ ၂၀၁၈



ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ စေတီတော်ပရိဝုဏ် မဏ္ဍာရုံတော်အတွင်းရှိ ထာဝရငြိမ်းချမ်းရေးစေတီ ပုံတော်ပွားစေတီတော်အထွတ်တွင် ရွှေစင်ရွှေသားရွှေထီးတော်ကို တင်လှူပူဇော်စဉ်။ (သတင်း-ရွှေဖုံး)



ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကထံ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထာဝရငြိမ်းချမ်းရေးစေတီ အလယ်ဌာပနာတိုက်အတွင်း သွင်းလှူပူဇော်မည့် ဗုဒ္ဓရုပ်ပွားတော်များကို ဆက်ကပ်စဉ်။ (သတင်း-ရွှေဖုံး)



## လက်ဆင့်ကမ်း ပင့်ဆောင်ပူဇော်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ချိုချို၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေး၊ ပြည်ထောင်စုဝန်ကြီးများ၏ဇနီးများနှင့် ဧည့်ပရိသတ်များ အတွင်းစေတီတော်၏ ရွှေစင်ရွှေသား ရွှေထီးတော်နှင့် အလယ်ဌာပနာတော်များကို ဌာပနာ တော်တိုက်သို့ လက်ဆင့်ကမ်း ပင့်ဆောင်ပူဇော်ကြစဉ်။

(သတင်း-ရွှေဖုံး)

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ဆွာဘူတာနှင့် ကုန်းကြီးဘူတာအကြား ရထားလမ်းပျက်စီးမှုအခြေအနေ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ယနေ့နံနက်ပိုင်းတွင် ရထားလမ်းရေကျော်ကာ ပျက်စီးခဲ့သည့်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေတာရှည်ဘူတာမှ ကုန်းကြီးဘူတာအကြား ရထားလမ်းပျက်စီးမှု၊ ကုန်းကြီးဘူတာမှ ဆွာဘက်ခြမ်း မိုင်တိုင် ၁၉၀ အကြား ရထားလမ်းပျက်စီးမှု၊ ကုန်းကြီးဘူတာနှင့် ဆွာဘူတာအကြား မိုင်တိုင်အမှတ်(၁၉၀/၂၂-၂၃)ရှိ ပေ ၄၀ အရှည် တံတားအမှတ် ၃၀၅ ပျက်စီးမှု၊ စက်ယန္တရားကြီးများဖြင့် ပြုပြင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ အဆိုပါရထားလမ်းပိုင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး အစွမ်းကုန် ကြိုးစားဆောင်ရွက်ကြရန်မှာကြားပြီး လုပ်ငန်းဆောင်ရွက်နေသည့်ဝန်ထမ်းများအား အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆွာဘူတာသို့ရောက်ရှိပြီး ရထားလမ်းတွင်အသုံးပြုမည့် ကျောက်ရထားများရောက်ရှိမှု၊ ဆွာဘူတာနှင့် ကုန်းကြီးဘူတာအကြား ရထားလမ်းပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရထားလမ်းလုပ်ငန်းများ ဆောင်ရွက်နေသောဝန်ထမ်းများစားသုံးရန်အတွက် စီစဉ်ဆောင်ရွက်ပေးနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ရထားလမ်းပြုပြင်နေမှု ဆောင်ရွက်နေစဉ်အတွင်း ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရန် တပ်မတော်နှင့် မြန်မာ့မီးရထားတို့ပူးပေါင်း၍ မန္တလေးဘက်မှလာသော အမှတ်(၁၂) အစုန် လူစီးအမြန်ရထားတွင် စီးနင်းလိုက်ပါလာသည့် ခရီးသည်များအား ဆွာဘူတာမှ ရေတာရှည်ဘူတာသို့ လည်းကောင်း၊ ရန်ကုန်ဘက်ခြမ်းမှ လာသော အမှတ်(၁၁) အဆန် လူစီးအမြန်ရထားတွင် စီးနင်းလိုက်ပါလာသောခရီးသည်များအား ရေတာရှည်ဘူတာမှ ဆွာဘူတာသို့လည်းကောင်း မော်တော်ယာဉ်များဖြင့် ကူးပြောင်းပို့ဆောင်ပေးလျက်ရှိသည့်အပြင် ခရီးသွားပြည်သူများ သွားလာမှုပိုမိုအဆင်ပြေစေရန်အတွက် အမှတ်(၃)အဆန်နှင့် အမှတ်(၄)အစုန်ရထားများကိုလည်း စက်တင်ဘာ ၂ ရက်မှစ၍ တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို နီပေါနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်ဆိုင်ရာ သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့သည် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ၏ ဖိတ်ကြားချက်အရ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့နှင့် ၂၉ ရက်နေ့တို့တွင် နီပေါနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ဩဂုတ်လ ၃၀ ရက်နေ့နှင့် ၃၁ ရက်နေ့တို့တွင် ကတ္တမန္ဒူမြို့၌ ကျင်းပသည့် ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်(ဘင်းမ်စတက်) (Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation-BIMSTEC) ထိပ်သီးအစည်းအဝေးသို့ ဆက်လက်တက်ရောက်ခဲ့သည်။

## ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းခံယူ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ်လ ၂၈ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြသည်။ နိုင်ငံတော်သမ္မတနှင့် ကိုယ်စားလှယ်အဖွဲ့အား ကတ္တမန္ဒူမြို့ Tribhuvan အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် နီပေါနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ အစ်ရှဝါ ပိုကာရယ်၊ နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သီရိပျံ့ချို ဦးထွန်းနေလင်းနှင့် နီပေါနိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာန အကြီးအကဲ၊ နီပေါနိုင်ငံမှ တာဝန်ရှိသူများနှင့် နီပေါနိုင်ငံ၊ မြန်မာသံရုံးမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူခဲ့သည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ၊ ဇနီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကတ္တမန္ဒူမြို့ရှိ နီပေါနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ သွားရောက်ခဲ့ကြသည်။ သံရုံးတွင် နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သီရိပျံ့ချို ဦးထွန်းနေလင်း၊ မြန်မာသံရုံးဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများက ကြိုဆိုခဲ့ကြသည်။ နိုင်ငံတော်သမ္မတသည် မြန်မာသံရုံးတွင် နီပေါ-မြန်မာ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ မစ္စတာ ရှီဗာ ကူမား အက်ဂရာဝါလ် နှင့် အဖွဲ့ဝင်များ၊ နီပေါ-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ရှန်ကာ ဂီမီရီ နှင့် အဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့သည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က သံအမတ်ကြီး၊ သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အမှာစကားပြောကြားခဲ့သည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် ကိုယ်စားလှယ်အဖွဲ့အား သံအမတ်ကြီးမှ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဩဂုတ်လ ၂၉ ရက်နေ့ နံနက်ပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လုမ္ဗိနီဥယျာဉ်သို့ လေကြောင်းဖြင့်သွားရောက်ခဲ့ရာ လုမ္ဗိနီဥယျာဉ်ရှိ မယ်တော်မာယာဒေဝီကျောင်းတော်သို့ ရောက်ရှိခဲ့ပြီး ဗုဒ္ဓဖွားမြင်တော်မူရာ သာသနိကနယ်မြေအား လှည့်လည်ဖူးမြော်ကာ လုမ္ဗိနီဥယျာဉ်တွင်းရှိ ပဏ္ဍိတာရာမအပြည်ပြည်ဆိုင်ရာသာသနာ့ရိပ်သာနှင့် မြန်မာရွှေကျောင်းတော်ကြီးသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

## ဆုတောင်းမိန့်ခွန်းများ အပြန်အလှန်ပြောကြား

နိုင်ငံတော်သမ္မတသည် ယင်းနေ့ ညနေပိုင်းတွင် ကတ္တမန္ဒူမြို့ရှိ Soaltee Crowne Plaza ဟိုတယ်၊ Malshree ခန်းမ၌ နီပေါနိုင်ငံဝန်ကြီးချုပ် မစ္စတာ ကေ၊ ပီ၊ ရှာမာ အိုလီ အား သွားရောက်တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ တိုးမြှင့်ဆောင်ရွက်ရေး၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် နီပေါနိုင်ငံသမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီအား သမ္မတနန်းတော်သို့ သွားရောက်တွေ့ဆုံခဲ့သည်။ ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မြဲရေး၊ နှစ်နိုင်ငံ ပြည်သူများအကြား ပိုမိုထိတွေ့ဆက်ဆံရေး၊ ဘုရားဖူးခရီးသွားလုပ်ငန်း မြှင့်တင်ရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် နီပေါနိုင်ငံသမ္မတမှ နိုင်ငံတော်သမ္မတ၊ ဇနီးနှင့် ကိုယ်စားလှယ်အဖွဲ့အား သမ္မတနန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ ဂုဏ်ပြုညစာစားပွဲတွင် နိုင်ငံတော်သမ္မတနှင့် နီပေါနိုင်ငံသမ္မတတို့မှ ဆုတောင်းမိန့်ခွန်းများ အပြန်အလှန် ပြောကြားခဲ့ကြသည်။

နိုင်ငံတော်သမ္မတသည် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ မိုင်သရီပါလ ဆီရိစီနာအား ဩဂုတ်လ ၃၀ ရက်နေ့တွင် Soaltee Crowne Plaza ဟိုတယ်၊ Boardroom ခန်းမ၌ တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များအပါအဝင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ ခရီးသွားလုပ်ငန်းတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းခရီးပျံသန်းနိုင်ရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ မြန်မာ-သီရိလင်္ကာ ဝန်ကြီးအဆင့်ပူးတွဲကော်မရှင်အစည်းအဝေး ပြန်လည်ကျင်းပရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး စသည်တို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထိုသို့ တွေ့ဆုံစဉ် သီရိလင်္ကာသမ္မတက နိုင်ငံတော်သမ္မတအား သီရိလင်္ကာနိုင်ငံသို့ တရားဝင်ခရီးအလည်အပတ်လာရောက်ရန် ဖိတ်ကြားခဲ့သည်။

နိုင်ငံတော်သမ္မတသည် ဩဂုတ်လ ၃၀ ရက်၊ မွန်းလွဲပိုင်းတွင် အခြား ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့်အတူ နီပေါနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ အား သမ္မတအိမ်တော်သို့ သွားရောက်၍ စုပေါင်းတွေ့ဆုံခဲ့ပြီး၊ နီပေါနိုင်ငံသမ္မတမှ တည်ခင်းသော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားတွင် နီပေါနိုင်ငံဝန်ကြီးချုပ်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးတက်ရောက်

ယင်းနေ့ ညနေ ၁၅း၀၀ နာရီတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် "ငြိမ်းချမ်းသာယာဝပြော၍ ရေရှည်တည်တံ့ခိုင်မြဲသော ဘင်္ဂလားပင်လယ်အော်ဒေသ" ခေါင်းစဉ်ဖြင့် ကျင်းပသော စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အစည်းအဝေးကို နီပေါနိုင်ငံဝန်ကြီးချုပ် မစ္စတာ ကေ၊ ပီ၊ ရှာမာ အိုလီမှ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်သမ္မတနှင့်အတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ် ရှိတ်ဟာဆီနာ၊ ဘူတန်နိုင်ငံ ကြားဖြတ်အစိုးရအဖွဲ့၏ အကြံပေးအရာရှိချုပ် ဒါရှိုရှာရင်းဝမ်ချွတ်၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှရီ နာရန်ဒရာမိုဒီ၊ သီရိလင်္ကာနိုင်ငံသမ္မတ မိုင်သရီပါလ ဆီရိစီနာ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာ(ငြိမ်း) တို့လည်း တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး၌ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံအသီးသီးမှ နိုင်ငံခေါင်းဆောင်များက မိန့်ခွန်းများ ပြောကြားခဲ့သည်။ နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားရာတွင် ဘင်းမ်စတက်ပူးပေါင်းဆောင်ရွက်မှု ၁၉၉၇ ခုနှစ်မှ စတင်တည်ထောင်ခဲ့ချိန်မှ ယခုအချိန်အထိ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တိုးတက်မှုများနှင့် စိန်ခေါ်မှုများကို ပြန်လည်သုံးသပ်ပြောကြားခဲ့ပြီး မြန်မာနိုင်ငံမှ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးကဏ္ဍနှင့် စွမ်းအင်ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှု တိုးတက်မှုအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှု ပိုမိုထိရောက်၍ ရလဒ်ရှေးရှုသော အဖွဲ့အစည်းတစ်ခု ဖြစ်လာစေရန်အတွက် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းနှိမ်နင်းရေးကဏ္ဍများတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားရေး၊ ဘင်းမ်စတက်၏ အခြား အရေးကြီးသည့်ကဏ္ဍများ၌လည်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များကို ထည့်သွင်းပြောကြားခဲ့သည်။

## ထပ်လောင်း ကတိကဝတ်များပြု

ထိပ်သီးအစည်းအဝေးအတွင်း တက်ရောက်လာကြသော ဘင်းမ်စတက် နိုင်ငံခေါင်းဆောင်များမှ မိန့်ခွန်းများအသီးသီးပြောကြားကြရာတွင် ကမ္ဘာ့လူဦးရေ၏ ၂၂ ရာခိုင်နှုန်းနေထိုင်ပြီး စုစုပေါင်း ဂျီဒီပီ အမေရိကန်ဒေါ်လာ ၂ . ၈ ထရီလီယံနှင့် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်း ၆ ရာခိုင်နှုန်းရှိသည့် ဘင်းမ်စတက်ဒေသသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသော အလားအလာကောင်းများ ပိုင်ဆိုင်ထားကြောင်း၊ သာယာဝပြောမှုကို အတူတကွ မျှဝေခံစားနိုင်ရန် ဘင်းမ်စတက်အဖွဲ့ကြီးအား ပိုမိုခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ရန် ထပ်လောင်းကတိကဝတ်များပြုကြောင်း၊ ထို့ပြင် ခေါင်းဆောင်များမှ အခြေခံအဆောက်အဦ၊ ကုန်သွယ်မှု၊ စီးပွားရေးလုပ်ငန်းများ၊ ခရီးသွားလာမှု၊ စွမ်းအင်၊ လမ်းနှင့် ပေါင်းစည်းဆက်သွယ်မှုကဏ္ဍများအပါအဝင် ကဏ္ဍအသီးသီး၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများကို ကျော်လွှားရန်လိုအပ်ကြောင်း၊ ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍများကို ပိုမိုထိရောက်မှုရှိစေရန် ပေါင်းစည်းဆက်သွယ်ရေး၊ ကုန်သွယ်မှု၊ ပြည်သူအချင်းချင်းဆက်သွယ်မှု၊ လုံခြုံရေး၊ သိပ္ပံနှင့်နည်းပညာ ကဏ္ဍများကို အထူးဦးစားပေးဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

## အလွတ်သဘော အမြင်ချင်းဖလှယ်

ထို့နောက် ဩဂုတ်လ ၃၀ ရက်၊ ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် နီပေါနိုင်ငံဝန်ကြီးချုပ် မစ္စတာ ကေ၊ ပီ၊ ရှာမာ အိုလီမှ ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များအား ဂုဏ်ပြုတည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ ညစာစားပွဲတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ယဉ်ကျေးမှုအကအဖွဲ့များက အကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေခဲ့သည်။

ဩဂုတ်လ ၃၁ ရက်၊ နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတသည် အခြား ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့်အတူ နံနက်စာသုံးဆောင်ရင်းကျင်းပသည့် အလွတ်သဘောအစည်းအဝေး(Retreat) သို့ ပါဝင်တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် နိုင်ငံခေါင်းဆောင်များသည် ပေါင်းစည်းဆက်သွယ်မှုမြှင့်တင်ရေး၊ ဘုရားဖူးခရီးသွားလုပ်ငန်းများ မြှင့်တင်ရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များကိစ္စ၊ ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များ ပိုမိုထိရောက်မှုရှိစေရန် ပြုပြင်ပြောင်းလဲရေး၊ ဘင်းမ်စတက် ပဋိညာဉ်စာတမ်းရေးဆွဲရေး လုပ်ငန်းစဉ်များအပေါ် အလွတ်သဘော အမြင်ချင်းဖလှယ်ခဲ့ကြသည်။

## နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးသည့်အခမ်းအနား တက်ရောက်

ဆက်လက်၍ ခေါင်းဆောင်များသည် စတုတ္ထအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။ ထို့နောက် Memorandum of Understanding for Establishment of the BIMSTEC Grid Interconnection နားလည်မှုစာချွန်လွှာကို အဖွဲ့ဝင်နိုင်ငံများ၏ ဝန်ကြီးများက လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။ အဆိုပါ သဘောတူညီချက်သည် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများအကြား လျှပ်စစ်ဓာတ်အားလိုင်းများချိတ်ဆက်၍ စွမ်းအင်ရောင်းဝယ်ရေးဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအခြေခံရမည့် မူဘောင်တစ်ရပ်ဖြစ်သည်။ ဆက်လက်၍ နီပေါနိုင်ငံဝန်ကြီးချုပ်မှ သီရိလင်္ကာနိုင်ငံသမ္မတထံသို့ ဘင်းမ်စတက်အဖွဲ့၏ ဥက္ကဋ္ဌရာထူးကို လွှဲပြောင်းပေးအပ်ခဲ့သည်။

အစည်းအဝေးတွင် ဘင်းမ်စတက်ခေါင်းဆောင်များက စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးကြေညာစာတမ်းကို အတည်ပြုချမှတ်ခဲ့သည်။ ထိပ်သီးအစည်းအဝေး ကြေညာစာတမ်းတွင် သိသာထင်ရှားသောရလဒ်များ ထွက်ပေါ်လာနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု ဧရိယာများအား ပြုပြင်ဖွဲ့စည်းမှုများ ပြုလုပ်ရန်၊ ဘင်းမ်စတက် အတွင်းရေးမှူးရုံး၏ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စများအား ကြီးကြပ်ကွပ်ကဲရန်အတွက် "ဘင်းမ်စတက် အမြဲတမ်းလုပ်ငန်းကော်မတီ" ဖွဲ့စည်းသွားရန်၊ ဖွဲ့စည်းမှုဆိုင်ရာ မူဘောင်များအဖြစ် လုပ်ထုံးလုပ်နည်းစည်းမျဉ်းများနှင့် ပဋိညာဉ်စာတမ်း ရေးဆွဲသွားရန်၊ ဘင်းမ်စတက် အတွင်းရေးမှူးရုံးအား အင်အားဖြည့်တင်းသည့်အနေဖြင့် လက်ရှိညွှန်ကြားရေးမှူး (၃)ဦးမှ (၇) ဦးအထိ တိုးချဲ့ခန့်အပ်သွားရန်၊ အကြမ်းဖက်မှုနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရန်၊ ၂၀၁၉ ခုနှစ်တွင် ဘင်းမ်စတက်၏

**စာမျက်နှာ ၈ သို့** »»

# ဆက်ရက်မင်း၏ စည်းစိမ်နှင့် ယမမင်း၏ စီရင်ချက်များ

■ ပါမောက္ခဒေါက်တာမောင်

**လူ့သမိုင်းနှင့် အတူစခဲ့သောယမကာ**

လူတို့ အရက်သောက်သောအလေ့အထသည် ရှေးပဝေသဏီမှ စခဲ့သည်။

တရုတ်နိုင်ငံမြောက်ပိုင်း ဟီနန်ပြည်နယ်၏ ရွာတစ်ရွာတွင် သမိုင်းမတင်မီခေတ်က မြေအိုးများကို တူးဖော်တွေ့ရှိခဲ့သည်။ ထိုမြေအိုးများအတွင်းတွင် စပျစ်သီး၊ ဘယ်ရီသီး၊ ပျားရည်နှင့် ဆန်တို့ကိုရောစပ်၍ ကစော်ဖောက်ထားသော အရည်တစ်မျိုးတွေ့ရပြီး ဘီစီ ၇၀၀၀ - ၆၆၅၀ အချိန်ကဖြစ်ကြောင်း ခန့်မှန်းကြသည်။

သက်တမ်းအရင့်ဆုံးသော ဝိုင်အရက်ကို ဂျော်ဂျီယာနိုင်ငံတွင် တွေ့ရှိခဲ့သည်။ ယူရေစီယစပျစ်သီးမှ ပြုလုပ်ထားပြီး သက်တမ်း ၈၀၀၀ ခန့်ရှိသော ဝိုင်အရက်ဖြစ်သည်။

စာရေးသူတို့ မြန်မာနိုင်ငံတွင် ပုဂံခေတ်မှစ၍ သေရည်ကို တွင်ကျယ်စွာသောက်သုံးနေပြီဖြစ်ကြောင်း ကျောက်စာမှတ်တမ်းများအရ သိရသည်။

မျက်မှောက်ခေတ်ကမ္ဘာကြီးတွင် အမျိုးအစား ၃၀၀ ကျော်သော အရက်တို့သည် လူမှုအသိုင်းအဝိုင်း၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာသည်။ ပျော်၍သောက်ခြင်း၊ စိတ်ညစ်၍သောက်ခြင်း၊ အထိမ်းအမှတ်အဖြစ်သောက်ခြင်း၊ ဆေးဖြစ်ဝါးဖြစ်သောက်ခြင်း၊ မိတ်ဖြစ်ဆွေဖြစ်သောက်ခြင်း စသော သောက်ခြင်းပေါင်းများစွာဖြင့် အရက်မပါလျှင် ပွဲမစည်တော့ချေ။

**ယမကာနှင့် တို့မြန်မာ**

ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ၂၀၁၄ ခုနှစ် ထုတ်ပြန်ချက်တွင် ကမ္ဘာ့လူဦးရေ၏ ၂ ဒသမ ၃ ရာခိုင်နှုန်းသည် အရက်စွဲနေကြပြီး ၁ ဒသမ ၈ ရာခိုင်နှုန်းသည် အရက်ကြောင့် ရရှိသော ရောဂါတစ်မျိုးမျိုး ခံစားနေရကြောင်း ဖော်ပြထားသည်။ ၂၀၁၂ ခုနှစ်တွင် စုစုပေါင်း သေဆုံးသူများ၏ ၅ ဒသမ ၈ ရာခိုင်နှုန်းသည် အရက်ကြောင့်ဖြစ်ကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံ၏ အရက်သောက်သုံးမှုပမာဏမှာ နှစ်စဉ်တစ်ဦးလျှင် သုည ဒသမ ၁ လီတာနှုန်းရှိသည်။ ထိုပမာဏမှာ မြန်မာနိုင်ငံလူဦးရေ၏ ၇၄ ရာခိုင်နှုန်းဖြစ်သော အသက် ၁၅ နှစ်နှင့်အထက် အရွယ်ပိုင်းတွင်ဖြစ်ပြီး ၁၉၆၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ မတိုးမလျော့ဘဲ ထိုနှုန်းအတိုင်း ရှိနေသည်။

၂၀၁၀ ပြည့်နှစ်တွင် အသက် ၁၅ နှစ်အထက် အမျိုးသား ၂ ဒသမ ၇ ရာခိုင်နှုန်းသည် အရက်ကြောင့် ဖြစ်ပေါ်သောဆိုးကျိုးနှင့် ရောဂါတစ်မျိုးမျိုးကို ခံစားနေရပြီး ၁ ဒသမ ၃ ရာခိုင်နှုန်းသည် အရက်စွဲနေကြကြောင်း တွေ့ရှိရသည်။

ဘီယာကို မြန်မာတို့ အများဆုံးသောက်ကြပြီး ၈၂ ရာခိုင်နှုန်းရှိသည်။ အရက်ပြင်း(ရမ်၊ ဝီစကီ စသည်) နှင့် ဝိုင်အရက်သောက်ကြသူများမှာ ၁၂ ရာခိုင်နှုန်းနှင့် ခြောက်ရာခိုင်နှုန်း အသီးသီးရှိကြသည်။

မြန်မာနိုင်ငံ၏ ထူးခြားသောအချက်တစ်ခုမှာ အရက်ကို ရာသက်ပန်ရှောင်ကြဉ်သူများ အရေအတွက်ဖြစ်သည်။ မြန်မာနိုင်ငံ လူဦးရေ၏ ၈၄ ဒသမ ၁ ရာခိုင်နှုန်း (အမျိုးသား အမျိုးသမီး အပါအဝင်) သည် အရက်ကို ရာသက်ပန်ရှောင်ကြဉ်ကြသည်။ ထိုပမာဏမှာ ကမ္ဘာတစ်ဝန်းလုံး၏ ပမာဏဖြစ်သော ၄၈ ဒသမ ၃ ရာခိုင်နှုန်းထက်လည်းကောင်း၊ အရှေ့တောင်အာရှ၏ ပမာဏဖြစ်သော ၇၆ ဒသမ ၅ ရာခိုင်နှုန်းထက်လည်းကောင်း ပိုမိုများပြားလေသည်။

တရားတော်၏ အဆုံးအမဖြစ်သည်ဟု စာရေးသူ ခံစားမိပါသည်။ တရားတော်၏ ကျေးဇူးကိုလည်း အောက်မေ့မိပါသည်။

**ဆက်ရက်မင်း၏ စည်းစိမ်**

အရက်သည် အဘယ်ကြောင့် စွဲလမ်းစေနိုင်သနည်း။ အရက်သောက်လိုက်သည်နှင့် သွေးထဲမှ တစ်ဆင့် လျင်မြန်စွာ ဦးနှောက်ဆီသို့ ရောက်ရှိသွားသည်။


ဦးနှောက်ဆဲလ်များသည် အရက်ကို လက်ခံရရှိသည်နှင့် မော်ဖင်း၏အာနိသင်နှင့် ဆင်တူသော ဓာတ်တစ်မျိုးကို ထုတ်လုပ်ကြသည်။ ထိုဓာတ်ကို ခန္ဓာကိုယ်အတွင်းမှ ထုတ်လုပ်သည့် မော်ဖင်းဟု အဓိပ္ပာယ်ရသည့် "အင်ဒိုဖင်း"ဟု အမည်ပေးထားသည်။ အင်ဒိုဖင်းဓာတ်ထွက်လာသည်နှင့် အရက်သောက်သောသူသည် မြူးကြွရွှင်လန်းသောခံစားမှုကို ခံစားရတော့သည်။

တစ်ပြိုင်နက်တည်းမှာပင် အခြားဓာတ်တစ်မျိုးလည်း ထွက်လာသည်။ ထိုဓာတ်ကိုယင်း၏ ဖွဲ့စည်းပုံပေါ် မူတည်၍ "ဒိုပါမင်း"ဟု မှည့်ခေါ်ထားသည်။ ဒိုပါမင်း သည်လည်း အင်ဒိုဖင်းကဲ့သို့ပင် မြူးကြွရွှင်လန်းမှုကို ဖြစ်စေသည်။


ထိုအခြင်းအရာများကြောင့် အရက်သည် စွဲလမ်းစရာ ယမကာတစ်ခု ဖြစ်လာတော့သည်။

သို့ရာတွင် စာရေးသူတို့ ခန္ဓာကိုယ်တွင် ပြင်ပမှ ဝင်လာသော တစိမ်းတစ်ရံဖြစ်သော အရာများကို ချေမှုန်းဖျက်ဆီးပစ်သော အစွမ်းသတ္တိရှိသည်။ နမ်းပါများလျှင်ပြယ် ဆိုသောစကားဖြင့် ထိုအစွမ်းသတ္တိကို နားလည်နိုင်သည်။ မည်မျှ စူးရှမွှေးကြိုင်သောရနံ့ဖြစ်စေ နမ်းရှူပါများလျှင် အနံ့ပြယ်သွားသည်။ ထိတွေ့ပါများသောအခါ အနံ့ခံအာရုံသည် ထိုအနံ့အပေါ်၌ ယဉ်ပါးလာသည်။ မွှေးကြိုင်သော အနံ့ကိုလိုလျှင် ပိုမိုစူးရှပြင်းထန်သောရနံ့ လိုအပ်လာသည်။

ခန္ဓာကိုယ်အတွင်းသို့ အရက်ဝင်ရောက်လာသည်နှင့် အရက်ကိုချေဖျက်သော အစွမ်းသတ္တိသည် စတင် အလုပ်လုပ်တော့သည်။ ထိုအစွမ်းသတ္တိ၏ အာနိသင်သည်



ကျန်းမာသော အသည်း



အဆီများဖြင့်ပြည့်နေသော အသည်း



အမာရွတ်များဖြင့် အစားထိုးထားသည့်
မာကျောသွားသော အသည်း

ဝင်လာသော အရက်ပမာဏနှင့် တိုက်ရိုက်အချိုးကျသည်။ အဓိပ္ပာယ်မှာ အရက်များများသောက်လေ အရက်ကို ဖျက်ဆီးသောအစွမ်း ပိုထက်လေဖြစ်သည်။ သမင်မွေးရင်း ကျားစားရင်းဖြစ်သည်။

ထိုအခါ မြူးကြွရွှင်လန်းသော ခံစားမှုကို ရရှိရန် တစ်နည်းအားဖြင့် ရေချိန်ကိုက်ရန် အရက်ကို တစ်စထက် တစ်စ ပိုမိုသောက်လာရတော့သည်။

သို့ရာတွင် မြူးကြွရွှင်လန်းစေသည်ထက် အဆပေါင်းများစွာ ဆိုးရွားသော အာနိသင်များ အရက်တွင်ရှိနေသည်။

**ယမမင်း၏ စီရင်ချက်များ**

အရက်စွဲသူများ သေဆုံးလျှင် ရောရုဝရဲသို့ ကျစေဟု ယမမင်းက စီရင်ချက်ချကြောင်း ဆရာတော်များ ဆုံးမသည်ကို စာရေးသူတို့ငယ်စဉ်က မှတ်သားရဖူးသည်။

အကယ်စင်စစ် အရက်စွဲသူများသည် သေသည်၏ အခြားမဲ့၌မဟုတ်ဘဲ မျက်မှောက်ဘဝမှာပင် ဆိုးရွားသော ခံစားမှုများခံစားရစေရန် ယမမင်းက စီရင်ချက်ချပြီးဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ခန္ဓာကိုယ်အတွင်း ရောက်ရှိသည်နှင့် အရက်သည် နည်းမျိုးစုံဖြင့် နှိပ်စက်လေတော့သည်။

အရက်သည် ဆဲလ်ကိုဖုံးအုပ်ထားသော အဆီလွှာကို ပျက်စီးစေသဖြင့် အရက်နှင့်ထိတွေ့သည်နှင့် ဆဲလ်များ ပျက်စီးသွားတော့သည်။ အရက်ပြန် (မီသနော) ၏ ပိုးများကို သေစေနိုင်သော အာနိသင်ကဲ့သို့ဖြစ်သည်။ အရက်ပြန် (မီသနော)နှင့် အရက်(အီသနော) တို့မှာ ရုပ်ဂုဏ်သတ္တိ နီးစပ်တူညီကြသည်။(အရက်ပြန် (မီသနော) သည် ခန္ဓာကိုယ်အတွက် အလွန်ပြင်းထန်သောအဆိပ် ဖြစ်သည်) ထို့ကြောင့် အရက်စွဲသောသူများ၏ ဦးနှောက်သည် ကျန်းမာသောသူများ၏ ဦးနှောက်ထက် ကြုံလှီသေးငယ်နေသည်ကို တွေ့ရသည်။

အရက်သည် ကိုယ်တွင်းသို့ရောက်လျှင် စွမ်းအင်ကို ထုတ်ပေးသည်။ အရက် တစ် ဂရမ်လျှင် ခုနစ် ကီလိုကယ်လိုရီနှင့် ညီမျှသောစွမ်းအင် ထွက်လာသည်။ အသားဓာတ်နှင့် ကစီဓာတ်တို့မှထွက်သော စွမ်းအင်ထက် နှစ်ဆခန့် ပိုများ၏။ သို့သော် အရက်တွင် စွမ်းအင်ထွက်စေခြင်းမှလွဲ၍ အခြားအာဟာရတန်ဖိုးမရှိချေ။ ထို့ကြောင့် အရက်သောက်သူများသည် အရက်မှ ရရှိသောစွမ်းအင်ကြောင့် အစာမစားဘဲ နေနိုင်ကြသည်။ ထိုအခါ အာဟာရချို့တဲ့ခြင်းများ ဖြစ်ပေါ်လာသည်။

အရက်၏ ဆဲလ်များကိုဖျက်ဆီးသော အာနိသင်ကို အသည်းတွင်လည်း တွေ့ရသည်။ အသည်းသည် ကိုယ်တွင်းသို့ဝင်လာသော အရက်များကို တစုတဝေး လက်ခံရာ ပထမဦးဆုံးသော ဌာနဖြစ်သည်။ အသည်းဆဲလ်များသည် အရက်မှ ရရှိသောစွမ်းအင်ကို အဆီအဖြစ် ပြောင်းလဲကြသည်။ ထိုအခါ အသည်းဆဲလ်များအတွင်း အဆီများ စုဝေးလာသည်။ တစ်စတစ်စ အဆီများ များပြားလာသောအခါ အသည်းဆဲလ်များ ပေါက်ကွဲပျက်စီးသွားတော့သည်။ ပျက်စီးသွားသော ဆဲလ်များ၏နေရာတွင် အမျှင်တစ်သျှူးများ အစားထိုး ဝင်ရောက်လာကြသည်။ အမျှင်တစ်သျှူးများသည် အမာရွတ်တစ်သျှူးများ ဖြစ်ကြသည်။ ခြေ၊ လက် ပြတ်ရှဒဏ်ရာရလျှင် ပေါ်လာသော အမာရွတ်များနှင့် အတူတူပင်ဖြစ်သည်။ ထိုအခါ အသည်းသည် မာကျောလာပြီး အသည်းခြောက်ခြင်းဟု ခေါ်ဆိုသောရောဂါ စတင်တော့သည်။

အရက်သည် ဦးနှောက်၏ လုပ်ဆောင်မှုများကို ထုံထိုင်းနှေးကွေးသွားစေသည်။ ထိုအာနိသင်ကြောင့် သတိနှင့် မှတ်ဉာဏ်ချွတ်ယွင်းလာခြင်း၊ အာရုံစူးစိုက်၍မရခြင်း၊ လျှာလေးအာလေးဖြစ်လာခြင်း၊ လမ်းလျှောက်လျှင် ဒယီးဒယိုင်ဖြစ်လာခြင်း၊ အမူအရာပြောင်းလဲခြင်း၊ ဆင်ခြင်တုံတရား ကင်းမဲ့လာခြင်း စသည်တို့ဖြစ်ပေါ်လာသည်။

အရက်ကို ချေဖျက်ရာတွင် ထွက်ပေါ်လာသော ကြားခံဓာတ်ပေါင်းတစ်ခုမှာ ကင်ဆာရောဂါကို ဖြစ်စေသည်။ ထို့ကြောင့် ခံတွင်း၊ အစာမျိုပြွန်၊ လေချူပြွန်၊ အစာအိမ်၊ အူမကြီးအသည်းကင်ဆာများကို အရက်စွဲသူများတွင် တွေ့ရသည်။

ဆိုးရွားလှသော အရက်၏ နှိပ်စက်ချက်မှာ ရုပ်ပိုင်းဆိုင်ရာ စွဲလမ်းမှုဖြစ်သည်။ ဦးနှောက်နှင့် ခန္ဓာကိုယ်၏ ဆဲလ်များ ပုံမှန်အလုပ်လုပ်ရန် အရက်ကိုတောင်းဆိုလာကြခြင်းဖြစ်သည်။ ထိုအဆင့်ရောက်လျှင် အရက်ကို မြူးကြွပျော်ရွှင်သောခံစားမှုအတွက် သောက်ရခြင်းမဟုတ်တော့ဘဲ ပုံမှန်နေထိုင် သွားလာလုပ်ကိုင်နိုင်ရန် သောက်ရခြင်းဖြစ်လာသည်။ အရက်မသောက်ရလျှင် ချွေးထွက်ခြင်း၊ ခြေတုန်လက်တုန်ဖြစ်ခြင်း၊ စိတ်ဂနာမငြိမ်ဖြစ်ခြင်း၊ စိတ်ဖောက်ပြန်ခြင်း၊ အိပ်မရခြင်း၊ သတိလစ်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ မိမိကိုယ်ကို အဆုံးစီရင်ခြင်းတို့ ဖြစ်ပေါ်လာသည်။

ထို့ကြောင့် အရက်ကြောင့်ဖြစ်သော ဆိုးကျိုးများနှင့် အမျိုး ၂၀၀ ကျော်သော ရောဂါများသည် မျက်မှောက်ဘဝမှာပင် ယမမင်း၏ စီရင်ချက်များနှင့် တူတော့သည်။

**အရက်လှောင်အိမ် ဆန်းစစ်ချက်**

အရက်စွဲခြင်းသည် တစ်ရက်၊ တစ်လအတွင်း ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ နှစ်ရှည်လများ စွဲမြဲစွာ သောက်ခြင်းကြောင့် ဖြစ်ပေါ်သော အခြင်းအရာဖြစ်သည်။

ထို့ကြောင့် အဆိုးထဲမှ အကောင်းတစ်ခုမှာ မိမိကိုယ်မိမိ အရက်စွဲနေခြင်းရှိ၊ မရှိ ဆန်းစစ်ခြင်းဖြင့် အချိန်မီ သိရှိနိုင်ခြင်းဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် အရက်ဖြတ်ခြင်း သို့မဟုတ် အရက်စွဲသည်ကို ကုသခြင်းသည် မည်သည့်အခါမျှ နောက်ကျသည်ဟူ၍ မရှိခြင်းဖြစ်သည်။ တစ်မိနစ်စောလျှင် တစ်မိနစ်၊ တစ်နာရီစောလျှင် တစ်နာရီ၊ တစ်ရက်စောလျှင် တစ်ရက် မိမိကိုယ်ကို ကယ်တင်နိုင်ခြင်းဖြစ်သည်။

အရက်စွဲနေပြီဟု ရည်ညွှန်းနေသော အချက်များမှာ တစ်ဦးတည်း လျှို့ဝှက်စွာသောက်ခြင်း၊ တစ်ချိန်က စိတ်အားထက်သန်ခဲ့သော အမှုကိစ္စများအပေါ် စိတ်ဝင်စားမှုမရှိတော့ခြင်း၊ အရက်သောက်ခြင်းကို အခြားသော တာဝန်များထက် ရှေ့တန်းတင်လာခြင်း၊ အရက်မသောက်ရလျှင် မနေနိုင်သော လက္ခဏာများပေါ်လာခြင်း၊ အရက်သောက်နေရခြင်းအတွက် မိမိကိုယ်မိမိ အပြစ်တင်ခြင်း၊ တစ်နေ့တာကို အရက်သောက်ခြင်းဖြင့် စတင်ရခြင်း၊ အရက်ကြောင့် ဆိုးကျိုးများ ဖြစ်ပေါ်လာပါလျက် ဆက်သောက်နေခြင်းနှင့် စသောက်မိလျှင် အတိုင်းအဆမရှိသောက်ခြင်းတို့ဖြစ်သည်။

မိမိကိုယ်ကို လွယ်ကူစွာဆန်းစစ်နိုင်ရန် အမေရိကန်နိုင်ငံ မြောက်ကယ်ရိုလိုင်းနားတက္ကသိုလ်မှ ဒေါက်တာဂျွန်အီဝင်းသည် ၁၉၆၈ ခုနှစ်တွင် မေးခွန်း လေးခုပါသော ဆန်းစစ်ချက်တစ်ရပ်ကို ဖော်ပြခဲ့သည်။ ထိုဆန်းစစ်ချက်ကို CAGE ဟု အတိုကောက်ခေါ်သည်။ အရက်ဖြတ်လိုသောဆန္ဒ (CUT)၊ ပတ်ဝန်းကျင်၏ ဝေဖန်မှုအပေါ် စိတ်ပျက်စိတ်ဆိုးသောခံစားချက် (ANNOYED)၊ မိမိကိုယ်ကိုအပြစ်တင်ခြင်း (GUILTY) နှင့် နံနက်အိပ်ရာထချိန်တွင် အရက်သောက်ရခြင်းကိစ္စ (EYE-OPENER) တို့ကို ရည်ညွှန်းထားသည်။

CAGE အက္ခရာလေးလုံးကို စကားလုံးတစ်လုံးအဖြစ်ယူလျှင် လှောင်အိမ်ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ထိုဆန်းစစ်ချက်ကို လူတစ်ဦးတစ်ယောက် အရက်လှောင်အိမ်အတွင်း ကျရောက်နေခြင်းကို သိနိုင်သောဆန်းစစ်ချက် သို့မဟုတ် အရက်လှောင်အိမ်ဆန်းစစ်ချက်ဟု အလွယ်ခေါ်ဆိုနိုင်မည် ထင်သည်။

**အရက်လှောင်အိမ်ဆန်းစစ်ချက်၏မေးခွန်းနှင့် ရမှတ်များမှာ**

၁။ အရက်သောက်ခြင်းကို ဖြတ်မှဖြစ်မည်ဟု ခံစားမိပါသလား။

ခံစားမိပါသည်-----(၁) မှတ်
မခံစားမိပါ--------(၀) မှတ်

၂။ အရက်သောက်ခြင်းကြောင့် ပတ်ဝန်းကျင်၏ ဝေဖန်မှုအပေါ် စိတ်ပျက်စိတ်ဆိုးခြင်း ဖြစ်မိပါသလား။

ဖြစ်မိပါသည်---(၁) မှတ်
မဖြစ်မိပါ------(၀) မှတ်

၃။ အရက်သောက်ခြင်းကြောင့် မိမိကိုယ်ကို အပြစ်တင်မိပါသလား။

တင်မိပါသည်---(၁) မှတ်
မတင်မိပါ-----(၀) မှတ်

၄။ တစ်နေ့တာကို အရက်သောက်ခြင်းဖြင့် စတင်ရပါသလား။

စတင်ရပါသည်--(၁) မှတ်
မစတင်ရပါ-----(၀) မှတ်

ထိုမေးခွန်းလေးခုကို ဖြေဆိုပြီးနောက် ရမှတ်များကို ဒေါက်တာဂျွန်က ဤသို့မှတ်ချက်ပေးပါသည်။

ရမှတ် တစ်မှတ်ရလျှင် ပိုမိုအသေးစိတ်သော မေးခွန်း ၂၂ ခုကို ဖြေဆိုသင့်သည်။ ထိုမေးခွန်းကို အတိုကောက် MAST ဟုခေါ်ပြီး (http://alcoholism.about.com/od/tests/a/mast.htm)တွင် ဝင်ရောက်ဖြေဆိုနိုင်သည်။

ရမှတ် နှစ်မှတ် သို့မဟုတ် သုံးမှတ်ရလျှင် အရက်စွဲရန် အလားအလာ/ များစွာ အလားအလာရှိနေပြီဖြစ်သည်။

ရမှတ် လေးမှတ်ရလျှင် ထိုသူသည် အရက်စွဲနေပြီဖြစ်သည်။

ထိုမေးခွန်းများဖြင့် အရက်စွဲနေခြင်းရှိ၊ မရှိ အလွယ်တကူ ဆန်းစစ်နိုင်ပြီး မိမိကိုယ်ကို အချိန်မီပြုပြင်နိုင်သည်။

ဤဆောင်းပါးဖြင့် မျှဝေလိုသည်မှာ လူ့သမိုင်းနှင့် အတူစခဲ့သော အရက်သောက်သည့် အလေ့အထသည် ဆိုးကျိုးများစွာနှင့် ရောဂါများစွာကို ဖြစ်ပေါ်စေသော မိမိကိုယ်မိမိ အဆိပ်ကျွေး၍ ဖျက်ဆီးပစ်နေခြင်းဖြစ်သည်။

အရက်က မိမိခန္ဓာကိုယ်ကို နှိပ်စက်နေခြင်းသည် ယခု မျက်မှောက်ဘဝမှာပင် ယမမင်း၏ စီရင်ချက်များနှင့် တူတော့သည်။

အရက်ဖြတ်ခြင်းသည် မည်သည့်အခါမှ နောက်ကျသည်ဟု မရှိပါ။

မိမိကိုယ်မိမိ ဆန်းစစ်၍ အချိန်မီကယ်တင်သင့်ပါသည်။ ။

# အမှန်ဖြစ်ခဲ့လေသော အမှားတစ်ခု

အန်ကယ်ပညာ

နေ့စဉ် ည ၉ နာရီတိုင်း ဇနီးသည်နှင့် ဖုန်းပြောဖြစ်သည်။ တစ်နေ့တာ၏ထွေရာလေးပါးကို ဖုန်းဖြင့် စကားအရောင်းအဝယ်လုပ်ကြခြင်းဖြစ်၏။ နှစ်ဦးနှစ်ဖက် အကြောင်းထူးမရှိလျှင် ဆယ့်ငါးမိနစ်ဆိုလျှင် ကိစ္စပြီးလေ့ရှိသော်လည်း အကြောင်းထူးရှိလျှင်မူ အကြောင်းအရာပေါ်မူတည်၍ အချိန်ကြာတတ်လေ၏။

တစ်နေ့တွင် ဤသို့ပြောဆိုကြပြီး၍ အိပ်အံ့မူးမူးအချိန်တွင် ဇနီးသည်ထံမှ ဖုန်းထပ်ဝင်လာ၏။ "အငယ်လေး ပြောစရာရှိလို့တဲ့"ဟုဆိုကာ သမီးငယ်အား ဖုန်းပေးလိုက်သည့်အသံကိုကြားရ၏။ နံရံကပ်နာရီကို လှမ်းကြည့်လိုက်စဉ် နာရီလက်တံများက ည ၁၀ နာရီထိုးပြီးဖြစ်ကြောင်း ပြသလျက်ရှိလေသည်။

"ဖေဖေ ဆရာမက စာစီစာကုံးရေးခဲ့ဖို့ အိမ်စာပေးလိုက်တယ်။ အဲဒါ မေမေက ဖေဖေ့ကို မေးတဲ့" ငါးတန်းကျောင်းသူ သမီးငယ်၏ လတ်တလော ပြဿနာဖြစ်ကြောင်း သိလိုက်၏။ သူ့အသံတွင် ထိုအခက်အခဲကို မည်သို့ဖြေရှင်းရမည် မသိသဖြင့် စိတ်ပူပန်နေဟန်လည်း တွေ့ရ၏။ ကျွန်တော့်အတွက် ထိုပြဿနာမျိုးကြုံရသည်မှာ ယခုမှမဟုတ်။ သမီးကြီးနှင့် သမီးလတ်တို့နှင့်လည်း မကြာခဏကြုံတွေ့ခဲ့ဖူးပေပြီ။ ဤကဲ့သို့ပင် အလယ်တန်း၊ အထက်တန်းကျောင်းနေအရွယ်ရှိသည့် မိဘတိုင်းလိုလို ကြုံတွေ့ကြဖူးလိမ့်မည်ဟု ထင်မြင်မိပါသည်။

ပထမဦးစွာ သူ၏စိတ်ပူပန်မှုကို လျှော့ချပေးရန်အတွက် "ဆရာမက ဘာခေါင်းစဉ်နဲ့ ရေးခိုင်းလိုက်တာလဲ"ဟူ၍ စကားစလိုက်ရာ "ကျောင်းဖွင့်သောနေ့" ဟူ၍ ပြန်ပြောလေသည်။ "သမီးဆရာမက တော်တော်သဘောကောင်းတာပဲ။ ခေါင်းစဉ်အလွယ်လေးမှ ရွေးပေးရတယ်လို့"၊ "ဟုတ်လို့လား ဖေဖေရဲ့"၊ "သိပ်ဟုတ်တာပေါ့။ အလွယ်လေးရယ်။ သမီးရေးလိုက်ရင် ခဏလေးနေမှာ"၊ "ဒါဆို ဖေဖေခေါ်ပေး။ သမီးလိုက်ရေးမယ်"ဟူ၍ အဖေဖြစ်သူ ခေါ်ပေးသည်ကို လိုက်ရေးရန် အသင့်ဖြစ်နေသည့်ပုံဖြင့် ပြောနေလေသည်။ ထို့အပြင် လေသံမှာ ဖုန်းစပြောစဉ်ကကဲ့သို့မဟုတ်တော့။ ရေးရမည့်စာစီစာကုံးအတွက် ပေါ့ပေါ့ပါးပါးဖြစ်သွားသည့်ပုံသို့ ပြောင်းသွားလေ၏။

"စာရေးတာ ခဏထားဦး။ ခေါင်းစဉ်ပြန်ပြောပါဦး။ ပြီးရင် ဘယ်နှမျက်နှာ ရေးရမှာတဲ့လဲ"

"ကျောင်းဖွင့်သောနေ့ပါ ဖေဖေ။ နှစ်မျက်နှာတဲ့"

"ဟုတ်ပြီ။ အခုအချိန်ကစပြီး ဖေဖေမေးတာတွေ ပြန်ဖြေရမယ်နော်။ ဘယ်နေ့ကစပြီး ကျောင်းဖွင့်တာလဲ"

"ဇွန်လ ၅ ရက်နေ့ပါ"

"ဟုတ်ပြီ အဲဒီနေ့မနက်က ကျောင်းမသွားခင် အိမ်မှာ ဘာတွေလုပ်သေးလဲ"

"ကျောင်းအပ်တုန်းက ဆရာမပြောထားတဲ့အတိုင်း ခေါင်းဖြီးတယ်၊ ဆံပင်စည်းတယ်။ ပြီးတော့ သနပ်ခါးလိမ်းတယ်"

ဤသို့နှင့် အဖေနှင့်သမီး အမေး၊ အဖြေလုပ်ရင်းဖြင့် ပညာသင်နှစ်တစ်နှစ်၏ ပထမဦးဆုံးနေ့ဖြစ်သော ကျောင်းဖွင့်သောနေ့တွင် မြင်သမျှ၊ ကြားသမျှနှင့် လုပ်ဆောင်သမျှတို့ကို အစီအစဉ်တကျ သတိရစေလိုက်၏။ ကျောင်းသို့မသွားမီ ပြင်ဆင်ပုံ၊ ကျောင်းသို့သွားပုံ၊ ကျောင်းဝင်းအတွင်းသို့ ဝင်လိုက်စဉ် မြင်တွေ့ရသည့်မြင်ကွင်း၊ ယခုနှစ်တက်ရောက်ရမည့်အတန်း၊ တက်ရမည့်အခန်း၊ ထိုအခန်းသို့ရောက်သည်နှင့် ဆောင်ရွက်သည့် အချက်များ၊ စာသင်ချိန်များတွင် အတန်းပိုင်ဆရာမနှင့် အခြားဆရာ၊ ဆရာမများ၏ သင်ကြားရေးဆိုင်ရာ လုပ်ဆောင်ပုံ၊ ထမင်းစားချိန်နှင့် နားချိန်များတွင် သူငယ်ချင်းများနှင့် ပြောဆိုလုပ်ကိုင်ကြသည်များ၊ ညနေကျောင်းဆင်းချိန် မြင်ကွင်းနှင့် ထိုတစ်နေ့တာတွင် ဖြစ်ပေါ်ခဲ့သည့် စိတ်ခံစားချက်များ စသည့်အချက်များကို မေးမြန်းခဲ့ခြင်းဖြစ်ပါသည်။

နောက်ဆုံးတွင် ကျွန်တော်က "ဖေဖေမေးလို့ သမီးဖြေခဲ့သမျှတွေက မရေးရသေးတဲ့ စာစီစာကုံးပဲလေ။ အဲဒီအတိုင်း စာနဲ့ချရေးရုံပဲကို ဘာခက်လို့လဲ"

"ဩော် စာစီစာကုံးဆိုတာ အဲဒီလိုရေးရတာလား၊ ဒါဆိုလွယ်ပါတယ်၊ သမီးရေးတော့မယ်၊ ဖေဖေက အရမ်းတော်တာပဲ၊ အာဘွား"ဆိုကာ ဖုန်းချသွားလေ၏။ ဖေဖေခေါ်ပေးဟု ဆက်လက်တောင်းဆိုခြင်းမပြုသည်ကိုပင် ကျေးဇူးတင်နေမိ၏။ အကြောင်းကား ဤသို့တည်း။

လွန်ခဲ့သည့် သုံးနှစ်ခန့်က နဝမတန်းကျောင်းသူ သမီးလတ်သည်လည်း ပညာသင်နှစ် နှစ်စတွင် ဤသို့ပင် စာစီစာကုံးတစ်ပုဒ်အတွက် ဖခင်ဖြစ်သူသို့ အပူကပ်ဖူး၏။ မှတ်မှတ်ရရ စာစီစာကုံး၏ခေါင်းစဉ်မှာ "မမေ့နိုင်သော မြင်ကွင်းတစ်ခု" ဖြစ်၏။ ကျောင်းသား ကျောင်းသူတို့၏ ထုံးစံအတိုင်း အခြားသော ဘာသာရပ်တို့ကို အရင်ပြုလုပ်ပြီး စာစီစာကုံးကို နောက်ဆုံးမှသာ ကိုင်လေ့ရှိကြ၏။ ဤသည်လည်း မှန်သည်ဟုပင် ဆိုရမလိုဖြစ်၏။ အဘယ်ကြောင့်ဆိုသော် နောက်ဆုံးမှ မိမိစိတ်ကြိုက်စဉ်းစားတွေးခေါ်၍ အေးအေးဆေးဆေးရေးနိုင်သောကြောင့် ဖြစ်၏။ သို့ရာတွင် ထိုအချိန်သည် ကျောင်းသူ ကျောင်းသားတစ်ယောက်အတွက် ညဥ့်နက်နေပြီဟု ဆိုရမည့်အချိန်ဖြစ်နေတတ်လေသည်။

ဆိုခဲ့သည့်အတိုင်းပင် ထိုညက သမီးလတ် အပူကပ်သည့်အချိန်မှာ အတော်ပင် ညဥ့်နက်နေပြီ ဖြစ်၏။ ညဥ့်နက်နေသည်နှင့်အမျှ သမီးလတ်၏ စာစီစာကုံးရေးရမည့် ကိစ္စသည်လည်း သူ့အတွက် အတော်ပင် အရေးကြီးသည့် ကိစ္စတစ်ခုအသွင်ဆောင်နေတော့၏။ ဤသို့နှင့် ကျွန်တော်က သမီးလတ်အနားတွင်ထိုင်၍ ခေါင်းစဉ်နှင့်ကိုက်ညီသည့် စာစီစာကုံးတစ်ပုဒ်ကို ပါးစပ်နှင့် ရေးပေးလိုက်၏။ သမီးလတ်သည်လည်း လိုက်ရေးခြင်းဖြင့် သူ့အလုပ်တစ်ခုကို ပြီးမြောက်ခဲ့လေသည်။

သို့ရာတွင် ကျွန်တော့်အနေဖြင့် ထိုညက သမီးလတ်အတွက် ဤသို့ပြုလုပ်ပေးခဲ့မိသည်ကို မိမိကိုယ်တိုင်နှင့် သမီးလတ်အတွက်ပါ အမှားဖြစ်စေခဲ့ပြီဟူသည့် နောင်တတစ်ခု စွဲငြိစေခဲ့ပါသည်။ နောက်တစ်နေ့တွင်လည်း ထိုစာစီစာကုံးအပေါ် ဘာသာရပ်ဆရာ၏တုံ့ပြန်ချက် မည်သို့ရှိမည်ကို စိုးရိမ်ပူပန်စွာ စောင့်မျှော်နေခဲ့မိပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုစာစီစာကုံးမှာ ကျွန်တော်၏ အတွေးကို သမီးလတ်က ရေးခဲ့ခြင်းသာဖြစ်သော်လည်း ဘာသာရပ်ဆရာ၏ သုံးသပ်ချက်မှာ သမီးလတ်နှင့်သာ တိုက်ရိုက်သက်ဆိုင်နေမည်မဟုတ်ပါလော။

ဤသို့နှင့် သုံးရက်ခန့်အကြာတွင် သမီးလတ်က သူ၏ စာစီစာကုံးမှာ အတန်းထဲတွင် အမှတ်အကောင်းဆုံးဖြစ်ကြောင်း၊ မြန်မာစာဆရာမကလည်း သူ့ကို တစ်တန်းလုံးရှေ့တွင် ချီးကျူးကြောင်း ဝမ်းသာအားရပြန်ပြောပြလေသည်။ ထို့အပြင် နောက်နောင်ကိုလည်း အတန်းထဲတွင် စာစီစာကုံးအကောင်းဆုံး ဖြစ်လိုကြောင်းဖြင့် သူ၏ဆန္ဒကို ထုတ်ဖော်နေလေ၏။ ကျွန်တော့်အနေဖြင့် ထိုစာစီစာကုံးအတွက် သက်ပြင်းချနိုင်ခဲ့သည့်အပြင် လုပ်နည်းအများအတွက် လွယ်ကူလေ့ရှိကြောင်း သင်ပြပေးထား၏။ မည်သည့်ခေါင်းစဉ်ကို ရွေးချယ်သည်ဖြစ်စေ မိမိကိုယ်တိုင် မြင်ဖူး၊ တွေ့ဖူး၊ ကြားဖူးသည်တို့ကိုအခြေခံ၍ ခံစားမှုများကိုပါ ဖြည့်စွက်ရေးသားပါက သဘာဝကျသည့်အပြင် ဖတ်ရှုသူပါ စာနှင့်အတူ တစ်ပါတည်းခေါ်သွားနိုင်မည်ဖြစ်ကြောင်းကိုလည်း ပြောပြထားရ၏။

ဤသို့နှင့် နဝမတန်းတစ်နှစ်တာအတွင်း သူရေးခဲ့သည့် စာစီစာကုံးများသည် သူ့ဆန္ဒနှင့်အညီ ဖတ်သူအား ဆွဲဆောင်နိုင်သည့်အဆင့်အထိ ရေးသားနိုင်ခဲ့ကြောင်း တွေ့ရပေသည်။ တစ်နည်းဆိုရလျှင် ဖခင်တစ်ယောက်အနေဖြင့် သမီးလတ်၏စာရေးစွမ်းရည်ကို ယုံကြည်သွားပြီဟု ဆိုနိုင်ပါသည်။ နောက်တစ်နှစ်တွင်ဖြေဆိုရမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် တစ်နှစ်တာ လေ့လာလေ့ကျင့်ရန်အချိန်ရှိနေသေးသဖြင့် ဆက်လက်၍ မြေတောင်မြှောက်ပေးရန်သာလိုပါတော့သည်။ ထိုနှစ်တွင်လည်း သမီးလတ်ရေးသမျှ စာစီစာကုံးတို့ကိုအကဲဖြတ်ကြည့်ခဲ့ရာ အချို့သောစာစီစာကုံးများမှာ ဖတ်ကြည့်သူ ကျွန်တော်ပင် စာနှင့်အတူမျောပါသွားသည်ဟု ခံစားမိပါသည်။

သမီးလတ်ဖြေဆိုခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲအစနေ့ မြန်မာစာဖြေဆိုသည့်နေ့က အဖြစ်အပျက်လေးကို သတိရမိပါသေးသည်။ သမီးလတ် စာမေးပွဲခန်းကထွက်လာသည်နှင့် သူ၏အမေနှင့်အစ်မတို့က ဖြေဆိုခဲ့သည့် အခြေအနေနှင့် ရွေးချယ်ခဲ့သည့် စာစီစာကုံးခေါင်းစဉ်ကိုမေးမြန်းပြီး ဖြေဆိုခဲ့သည့် စာစီစာကုံးပါအချက်အလက်များကို ဆက်လက်မေးမြန်းကြရာမှ အားမလိုအားမရဖြစ်ကြကုန်လေ၏။ အကြောင်းမှာ သမီးလတ်ဖြေဆိုခဲ့သည့်

> “စာစီစာကုံးရေးသားရာ၌ သရုပ်ဖော်ရေးနည်း၊ ဖြစ်စဉ်ပြရေးနည်း၊ ဖွင့်ဆိုရှင်းပြရေးနည်းနှင့် ကြောင်းကျိုးပြရေးနည်းဟု လေးမျိုးရှိသော်လည်း ရေးဖန်များလာသည့်အခါ ရေးနည်း လေးမျိုးစလုံးကိုပေါင်းစပ်၍ ရေးလာနိုင်မည်ဖြစ်ကြောင်း၊ သို့ရာတွင် ပေးထားသည့် ခေါင်းစဉ်များအနက် မိမိနှစ်သက်ရာ ခေါင်းစဉ်ရေးသားရမည်ဆိုလျှင် သရုပ်ဖော်ရေးနည်းဖြင့် ရေးရမည့် ခေါင်းစဉ်မှာ လွယ်ကူလေ့ရှိကြောင်း”

ရရှိခဲ့သည့်နောင်တတရားကို ဖြေဖျောက်နိုင်သည့်အခွင့်အရေးတစ်ရပ်ကိုလည်း တွေ့မြင်ခဲ့ရသည်ဟု ဆိုရပေမည်။ ဤသည်မှာ သမီးလတ်၏ သူရေးသမျှ စာစီစာကုံး အကောင်းဆုံးဖြစ်ချင်သည်ဟူသည့်ဆန္ဒပင် ဖြစ်ပေသည်။

ဤအကြောင်းကိုပြန်ကြည့်လျှင် ကျွန်တော်တွေးခဲ့သည်ကို သူ လိုက်ရေးသည်။ သူလိုက်ရေးခဲ့သည်ကို ဘာသာရပ်ဆရာက ချီးကျူးသည်။ ထိုချီးကျူးမှုကို သူကျေနပ်သည်။ ထိုကျေနပ်မှုသည် သူ့အရည်အချင်းမဟုတ်ကြောင်း သူမသိ။ သို့ရာတွင် ထိုသို့မသိလျက် ကျေနပ်နေသည်ကပင် သူ့အတွက် စာစီစာကုံးနှင့် ပတ်သက်သည့် ဆန္ဒာဓိပတိကိုဖြစ်စေပြန်လေသည်။ ထို့ကြောင့် သူ့ဆန္ဒအတွက် အရည်အချင်းစစ်မှန်စွာဖြင့် ကျေနပ်နိုင်စေရန် ကျွန်တော် ဆောင်ရွက်ပေးရမည်မှာ တစ်ချက်တည်းသာရှိလေ၏။ ဤသည်မှာ ကျွန်တော့်အတွေးဆိုသည့်နေရာတွင် သူ့အတွေးဖြစ်အောင် ပြောင်းပေးလိုက်ရုံသာတည်း။

ထိုအချိန်မှစ၍ နာမည်ကြီးဆရာများ ရေးသားထုတ်ဝေသည့် စာစီစာကုံးစာအုပ်များ၊ ဆုရကျောင်းသား ကျောင်းသူများ၏ စာစီစာကုံးများ၊ အိတ်ဆောင် မြန်မာအဘိဓာန်၊ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း၊ မြန်မာ့ရိုးရာစကားပုံ၊ မြန်မာ့ဆိုရိုးစကားနှင့်မြန်မာစာ၊ မြန်မာစကားစာအုပ်တို့ကို သူ့အတွက်ဝယ်ပေးထား၏။ ဝယ်ပေးထားသည့် စာစီစာကုံးစာအုပ်များတွင်ပါရှိသည့်အကြောင်းအရာများကို ရေးနည်းရေးဟန်အတွက် အထောက်အကူပြုရုံသာ ဖတ်ရှုလေ့လာစေပြီး ကျက်မှတ်ခြင်း လုံးဝမပြုလုပ်ရန် တားမြစ်ထား၏။

သို့ရာတွင် ခေါင်းစဉ်နှင့်ကိုက်ညီသည့် အကြောင်းအရာများတွင် ထည့်သွင်းရေးသားနိုင်ရန် ရှေးစာဆိုကြီးများ၏ ကဗျာ၊ လင်္ကာ၊ အဆိုအမိန့်၊ စကားပုံ၊ ဆိုရိုးစကားနှင့် နေ့ထူးနေ့မြတ်တို့ကိုကား ကျက်မှတ်ထားစေ၏။ ထို့အပြင် စာစီစာကုံးရေးသားရာ၌ မြန်မာသဒ္ဒါနှင့် သတ်ပုံတို့ကို ကိုက်ညီမှန်ကန်စွာ ရေးသားတတ်ရန် ဂရုပြုစေ၏။ မည်သည့်ခေါင်းစဉ်အကြောင်းအရာကိုရေးသည်ဖြစ်စေ မိမိမြင်သည်၊ ကြားသည်၊ ခံစားသည်တို့ကို တစ်ပါးသူ နားလည် စိတ်ဝင်စားအောင် စကားဖြင့် ပြောပြသကဲ့သို့ပင် စာဖြင့် အစီအစဉ်တကျရေးသားပြနိုင်လျှင် စာစီစာကုံးကောင်းတစ်ပုဒ်ဖြစ်လာသည်ဆိုသည်ကို ရှင်းပြထား၏။

ထို့အပြင် စာစီစာကုံးရေးသားရာ၌ သရုပ်ဖော်ရေးနည်း၊ ဖြစ်စဉ်ပြရေးနည်း၊ ဖွင့်ဆိုရှင်းပြရေးနည်းနှင့် ကြောင်းကျိုးပြရေးနည်းဟု လေးမျိုးရှိသော်လည်း ရေးဖန်များလာသည့်အခါ ရေးနည်းလေးမျိုးစလုံးကိုပေါင်းစပ်၍ ရေးလာနိုင်မည်ဖြစ်ကြောင်း၊ သို့ရာတွင် ပေးထားသည့်ခေါင်းစဉ်များအနက် မိမိနှစ်သက်ရာ ခေါင်းစဉ်ရေးသားရမည်ဆိုလျှင် သရုပ်ဖော်ရေးနည်းဖြင့်ရေးရမည့် ခေါင်းစဉ်မှာ အချက်အလက်တို့မှာ ခေါင်းစဉ်ပါ သတ်မှတ်ချက်ကို ကျော်လွန်ရေးသားထားသောကြောင့်ဟု ဆို၏။

ကျွန်တော့်အနေဖြင့်မူကား ဆိုခဲ့သည့်အတိုင်းပင် သမီးလတ်၏ စာရေးစွမ်းရည်ကိုယုံကြည်ရင်းစွဲရှိသည့်အပြင် သူရွေးချယ်ခဲ့သည့်ခေါင်းစဉ်မှာ သရုပ်ဖော်ရေးသားနည်းဖြစ်နေ၍ ခေါင်းစဉ်ပါကာလသတ်မှတ်ချက်ထက် ဘောင်ကျော်ပြီးရေးခဲ့သည်ဆိုသော်လည်း ထိုဘောင်ကိုအခြေခံ၍ အပြင်သို့ ဆွဲခေါ်သွားသည်ဟု ခန့်မှန်းမိလေသည်။ သို့ဖြစ်၍ စာမေးပွဲဖြေဆိုနေသည့် သမီးလတ်ကို အားပေးရမည့်အစား ဇနီးသည်နှင့်သမီးကြီးကိုပင်ပြန်၍ နှစ်သိမ့်ခဲ့ရ၏။

အောင်စာရင်းထွက်သည့်နေ့တွင် သမီးလတ်သည် မြန်မာစာအပါအဝင် ဂုဏ်ထူးများနှင့် အောင်မြင်ခဲ့လေသည်။ ကျွန်တော့်အနေဖြင့် ကျန်ဘာသာများထက် မြန်မာစာဂုဏ်ထူးထွက်သည်ကိုပင် သူ့အတွက် ပို၍ဂုဏ်ယူမိနေ၏။ အဘယ်ကြောင့်ဆိုသော် မြန်မာကျောင်းသား ကျောင်းသူတစ်ဦးအတွက် မြန်မာဘာသာသည် အောင်ရန်မခက်ခဲသော်လည်း ဂုဏ်ထူးထွက်ရန် ခက်ခဲသော ဘာသာရပ်ဖြစ်သောကြောင့်ပေတည်း။ ထို့အပြင် အမှတ်စာရင်းတောင်းကြည့်ရာ မြန်မာစာ ၇၈ မှတ်ရရှိသည်ဖြစ်၍ ကပ်ထွက်သည့် ဂုဏ်ထူးမဟုတ်ဘဲ လွတ်လွတ်ကျွတ်ကျွတ်ထွက်သည့် ဂုဏ်ထူးဖြစ်နေသောကြောင့်လည်းဖြစ်၏။

ဤအကြောင်းကိုရေးသားရသည်မှာ ဂုဏ်ဖော်လိုသည့်ရည်ရွယ်ချက်ဖြင့် မဟုတ်ပါ။ မြန်မာစာ စာစီစာကုံးအတွက် မိဘတစ်ဦး၏မှားယွင်းသော လုပ်ဆောင်ချက်တစ်ရပ်ကိုဝန်ခံရင်း ဖြစ်ပေါ်လာသည့်အကျိုးဆက်တို့ကို တင်ပြလိုရင်းသာ ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူတစ်ယောက်၏ အနုပညာဖန်တီးမှုတစ်ခုကို ဆရာတစ်ယောက်၏ နှုတ်ဖျားမှ အသိအမှတ်ပြုပေးလိုက်သည့် စကားတစ်ခွန်းသည် မည်မျှခရီးရောက်စေသည်ကို သိမြင်နိုင်ကြပါသည်။

တစ်ဖန် ထိုသို့ခရီးရောက်စေရန် မိဘတို့က တည့်မတ်ထောက်ပံ့ပေးရမည့် အချက်များကိုလည်း တွေ့မြင်နိုင်ပါသည်။ ကျောင်းသား ကျောင်းသူတို့အနေဖြင့်လည်း စာစီစာကုံးဆိုသည်မှာ မိမိသိမြင်ကြားသိရသည်များကို စိတ်ခံစားချက်နှင့်ပေါင်းစပ်ပြီး အခြားသူတစ်ဦးဦးကို စကားနှင့်ပြောသည့်အစား စာဖြင့် ရေးသားပြောဆိုခြင်းသာဖြစ်ကြောင်း သိစေနိုင်ပါသည်။ ဤအကြောင်းကို အနှစ်ချုပ်ရလျှင် ကျွန်တော်မှားခဲ့ပါသည်။ သို့သော် ထိုအမှားသည် အမှန်ကို ဖြစ်စေခဲ့ပါသည်။ ။

»»» စာမျက်နှာ ၅ မှ

ပထမဆုံးအကြိမ် စိုက်ပျိုးရေးဝန်ကြီးများအစည်းအဝေးကို မြန်မာနိုင်ငံ၌ လက်ခံကျင်းပရန် အဆိုပြုချက်အား ကြိုဆိုခြင်းတို့ ပါဝင်ခဲ့သည်။

နိုင်ငံတော်သမ္မတသည် ဩဂုတ်လ ၃၁ ရက်နေ့တွင် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှရီနာရန်ဒရာမိုဒီနှင့် တွေ့ဆုံခဲ့ရာ နှစ်နိုင်ငံအကြား ကာလရှည်ကြာ အစဉ်အလာမပျက် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မြဲစေရေး၊ ဒီမိုကရေစီအပြည့်အဝ ဖော်ဆောင်ကျင့်သုံးနိုင်ရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလမ်းစဉ်ဖော်ဆောင်မှုတွင် ကူညီပံ့ပိုးရေး၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးအတွက် ဆက်လက်ကူညီပံ့ပိုးရေးကိစ္စ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ဆက်လက်၍ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်သမ္မတသည် ဆက်လက်၍ ဘူတန်နိုင်ငံ ကြားဖြတ်အစိုးရအဖွဲ့၏ အကြံပေးအရာရှိချုပ် ဒါရှို ရှာရင်း ဝမ်ချွတ်နှင့် တွေ့ဆုံခဲ့ရာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ပေါင်းစည်းဆက်နွယ်မှု၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပူးပေါင်းဆောင်ရွက်ရေး စသည်တို့ကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။ ဆက်လက်၍ နိုင်ငံတော်သမ္မတသည် နီပေါကုန်သည်ကြီးများအသင်း (Nepal Chamber of Commerce) မှ ဥက္ကဋ္ဌ မစ္စတာ ရာဂျစ်ရှ် ကာဂျီ ရှရက်စ်သာ နှင့် တာဝန်ရှိသူများအား လက်ခံတွေ့ဆုံကာ နှစ်နိုင်ငံအကြား ကုန်သွယ်မှု အပြန်အလှန်မြှင့်တင်ရေး၊ နီပေါလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ လာရောက်ပြုလုပ်ရေး၊ ယခုနှစ် အောက်တိုဘာလအတွင်း ကတ္တမန္ဒူမြို့၌ ကျင်းပပြုလုပ်မည့် ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ပါဝင်ပြသရေးကိစ္စများအတွက် ဆွေးနွေးခဲ့သည်။

ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှုသည် ၁၉၉၇ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ ဗန်ကောက်ကြေညာစာတမ်းနှင့်အတူ BIST-EC အမည်ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံမှ ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပြီးနောက် BIMSTEC ဟု အမည်ပြောင်းလဲခဲ့သည်။ ၂၀၀၄ ခုနှစ် ထိုင်းနိုင်ငံ၊ ဖူးခက်မြို့တွင် ကျင်းပပြုလုပ်သော (၆)ကြိမ်မြောက် ဘင်းမ်စတက်ဝန်ကြီးအဆင့်အစည်းအဝေးတွင် ဘူတန်နိုင်ငံနှင့် နီပေါနိုင်ငံတို့မှ အဖွဲ့ဝင်အဖြစ် ပါဝင်လာခဲ့သည်။ ဘင်းမ်စတက်တွင် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ(၁၄)ခုနှင့် အထူးပူးပေါင်းဆောင်ရွက်မှုကဏ္ဍ(၂)ခုတို့ ပါဝင်သည်။

ထိပ်သီးအစည်းအဝေးအပြီး ယင်းနေ့ ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိများ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အထူးလေယာဉ်ဖြင့် ကတ္တမန္ဒူမြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**နေပြည်တော်**

**ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်**

# သတင်းထုတ်ပြန်ချက်

လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်သည် ယင်း၏ ဒုတိယအကြိမ်တွေ့ဆုံမှုများကို ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့မှ ၃၁ ရက်နေ့အထိ ပြုလုပ်ခဲ့ပါသည်။ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်သည် ရခိုင်ပြည်နယ်တွင် အေးချမ်းတည်ငြိမ်ရေးကို ဖော်ဆောင်နိုင်ရန် ဆောင်ရွက်ရမည့်အဆင့်များအပေါ် တာဝန်ယူခြင်း၊ အကြံပြုခြင်းများ ဆောင်ရွက်နိုင်ရန် ARSA အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် လူ့အခွင့်အရေးချိုးဖောက်ကြောင်း စွပ်စွဲချက်များ၊ ယင်းနှင့်ဆက်နွယ်သည့်ကိစ္စများကို စုံစမ်းစစ်ဆေးမည် ဖြစ်ပါသည်။

ကော်မရှင်သည် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့နှင့် ၃၀ ရက်နေ့တို့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေတို့နှင့် တွေ့ဆုံခဲ့ပါသည်။ ကော်မရှင်သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များနှင့် အလုပ်သဘော နေ့လယ်စာစားခြင်းများ ပြုလုပ်ခဲ့ပါသည်။

ထိုသို့တွေ့ဆုံစဉ် သတင်းအချက်အလက်မျှဝေပေးရာတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့၏ ပွင့်လင်းမှုကို လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အနေဖြင့် များစွာတန်ဖိုးထားပါသည်။ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်၏ လုပ်ငန်းများအပေါ် အပြည့်အဝ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းတို့၏ အာမခံချက်ပေးမှုသည် ကော်မရှင်ကို အားတက်စေခဲ့ပါသည်။ ထို့အပြင် သွားရောက်ရမည့်နေရာများသို့ လုံခြုံစိတ်ချရသည့် ခရီးစဉ်ဖြစ်စေရန် ကူညီပေးမည့် ၎င်းတို့ကတိကဝတ်ကို ကော်မရှင်က ကြိုဆိုပါသည်။

ဂါရဝပြုတွေ့ဆုံခြင်းများတွင်လည်း ရခိုင်ပြည်နယ်၏နောက်ခံသမိုင်း၊ ရခိုင်ပြည်နယ်တွင်လက်ရှိအခြေအနေ၊ ရခိုင်ပြည်နယ်အစိုးရနှင့် ဆက်စပ်နေသော ဆောင်ရွက်လုပ်ကိုင်နေမှုများ၊ မြန်မာအစိုးရနှင့် ဘင်္ဂလားဒေ့ရှ်အစိုးရတို့အကြား လုပ်ငန်းဆောင်ရွက်ခြင်း၏ တိုးတက်မှုနှင့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်၏ လုပ်ငန်းနှင့် ရည်မှန်းချက်များကဲ့သို့သော ရခိုင်ပြည်နယ်နှင့်ပတ်သက်သော အကြောင်းအရာများကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။

လက်ရှိဖြစ်ပေါ်နေသောအခြေအနေကို နားလည်နိုင်ရန် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်သည် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ သက်ရောက်မှုရှိခဲ့သောနေရာများသို့ ၂၀၁၈ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် နေ့ချင်းပြန်ခရီးသွားရောက်ခဲ့ပါသည်။ ကော်မရှင်သည် ငါးခူရနှင့် ရွှေဇား စသည့် မောင်တောဒေသရှိ ကျေးရွာများသို့ သွားရောက်ခဲ့ပါသည်။ ခရီးစဉ်အတွင်း ကော်မရှင်က ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်တွေ့ဆုံခဲ့ရာ ၎င်းက ၂၀၁၆ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့နှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားခဲ့ပြီးနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာသွားသော နေရပ်စွန့်ခွာသူများကို မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရနှစ်ရပ်တို့ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၃ရက်နေ့တွင် သဘောတူလက်မှတ်ရေးထိုးခဲ့သော "အစီအစဉ်"အရ "မိမိတို့ဆန္ဒအလျောက် ဘေးကင်းလုံခြုံစွာ ဂုဏ်သိက္ခာရှိရှိ ပြန်လာရေး" မူဝါဒနှင့်အညီ ပြန်လည်ခေါ်ယူရေးအတွက် ပြည်နယ်အစိုးရ၏ ကြိုးစားအားထုတ်နေမှုများကို ရှင်းပြခဲ့ပါသည်။

ရခိုင်ပြည်နယ်တွင် လူသားချင်း စာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)၏ ဆောင်ရွက်နေမှုများနှင့် ၎င်း၏ စီမံကိန်း ၁၀ရပ်ကိုလည်း ကော်မရှင်အား ရှင်းပြခဲ့ပါသည်။

လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်သည် ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် မြန်မာနိုင်ငံ၏ စိစစ်ရေးလုပ်ငန်းစဉ်အပေါ် နားလည်နိုင်စေရန်နှင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းစဉ်များကို ကိုယ်တွေ့မျက်မြင် ကြည့်ရှုသိရှိနိုင်ရန် ပြန်လည်လက်ခံရေးစခန်းများအနက် တစ်ခုကိုစစ်ဆေးခဲ့ပါသည်။ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်သည် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရောနှောနေထိုင်သော ကျေးရွာများရှိ ရခိုင်၊ မူဆလင်၊ ဟိန္ဒူစသည့် မတူညီသော လူ့အဖွဲ့အစည်းများကိုလည်း အချိန်ယူတွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ကော်မရှင်သည် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅-၂၆ ရက်နေ့ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များမှ အသက်မသေဘဲလွတ်မြောက်ခဲ့သူများနှင့် ၎င်းတို့၏မိသားစုဝင်များကိုလည်း တွေ့ဆုံစကားပြောခဲ့ပါသည်။

လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်သည် "အစီအစဉ်"ကြောင့် မဟုတ်ဘဲ မိမိဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာသောရှစ်ဦးပါ မိသားစုတစ်စုကိုတွေ့ဆုံခဲ့ပါသည်။ ၎င်းတို့၏ နေရပ်ကိုမစွန့်ခွာမီနှင့် ပြန်လည်ရောက်ရှိပြီးအတွေ့အကြုံများအပေါ် ကော်မရှင်က ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ပါသည်။

လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်၏ ယခုဒုတိယအကြိမ်တွေ့ဆုံမှုသည် အကျိုးဖြစ်ထွန်းမှုများစွာ ဖြစ်ပေါ်စေခဲ့ပြီး ထိရောက်သောဆွေးနွေးမှုများ ရှေ့ဆက်ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ ကွင်းဆင်းလေ့လာရေးခရီးစဉ်သည် ကော်မရှင်အား မြေပြင်တွင်ဖြစ်ပေါ်နေသော ပကတိအခြေအနေကို ပိုမိုသိရှိနားလည်ခွင့် ရရှိစေခဲ့ပြီး မတူညီသော လူ့အဖွဲ့အစည်းများ၏ အသံများကို ကြားသိခွင့်ရရှိစေခဲ့ပါသည်။

**လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ရုံး**

**နေပြည်တော်**

**၂၀၁၈ ဩဂုတ်လ ၃၁ ရက်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ ဆိုးလ်မြို့ရှိ ဟယ်အီရီအနုပညာရပ်ဝန်းသို့ သွားရောက်လေ့လာ

**ဆိုးလ် စက်တင်ဘာ ၁**

ကိုရီးယားသမ္မတနိုင်ငံ၌ ရုပ်ရှင်နှင့် ဗီဒီယိုဆိုင်ရာလေ့လာရေးခရီးရောက်ရှိနေသော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့သည် ယနေ့တွင် ဆိုးလ်မြို့ရှိ ဟယ်အီရီအနုပညာရပ်ဝန်းနှင့် CJ- CGV ကုမ္ပဏီတို့ကို သွားရောက်လေ့လာကြသည်။

**ကြည့်ရှုလေ့လာ**

နံနက်ပိုင်းတွင် ဟယ်အီရီအနုပညာရပ်ဝန်း (Heyri Art Valley)သို့ ရောက်ရှိကြပြီး ကိုရီးယားခေတ်သစ်သမိုင်း ပြတိုက် (Museum of Modern History of Korea) တွင် ကြည့်ရှုလေ့လာကြသည်။

ဟယ်အီရီအနုပညာရပ်ဝန်းကို စာရေးဆရာများ၊ ပန်းချီဆရာများနှင့် အခြားယဉ်ကျေးမှု အနုပညာရှင်များ ပေါင်း၍ ဖန်တီးထားခြင်းဖြစ်ပြီး ၁၉၉၈ ခုနှစ်တွင် ပြည်တွင်းနှင့် ပြည်ပမှ နာမည်ကျော် ဗိသုကာပညာရှင်များက သဘာဝရှုခင်းပုံစံများဖြင့် မြေဧရိယာ ၄၉၅၈၆၈ စတုရန်းမီတာတွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၎င်းတွင် ပြခန်းနှင့် ပြတိုက်များ၊ ရုပ်ရှင်ရုံနှင့် ဖျော်ဖြေရေးခန်းမများ၊ စာအုပ်နှင့် အနုပညာဈေးဆိုင်များ၊ စားသောက်ဆိုင်များနှင့် တည်းခိုဆောင်များ ပါဝင်ဖွဲ့စည်းထားသည်။

မွန်းလွဲပိုင်းတွင် CJ-CGV ကုမ္ပဏီသို့ ရောက်ရှိကြရာ တာဝန်ရှိသူက ၎င်းတို့ ကုမ္ပဏီသည် ကိုရီးယားသမ္မတနိုင်ငံတွင် ရုပ်ရှင်ရုံ ၁၅၁ ရုံ၌ ပိတ်ကားပေါင်း ၁၀၀၀ ကျော်ရှိပြီး ၎င်းတို့နိုင်ငံတွင် ရုပ်ရှင်ရုံအများဆုံး ပိုင်ဆိုင်သည့် ကုမ္ပဏီဖြစ်ကြောင်း၊ အမေရိကန်၊ တရုတ်၊ ရုရှား၊ တူရကီ၊ ဗီယက်နမ်၊ မြန်မာနှင့် အင်ဒိုနီးရှားနိုင်ငံတို့အပါအဝင် ရုပ်ရှင်ရုံ ၄၆၃ ရုံ၌ ပိတ်ကားပေါင်း ၄၀၀၀ ကျော်ရှိပြီး ကမ္ဘာတွင် ရုပ်ရှင်ရုံပိုင်ဆိုင်မှု အများဆုံး နံပါတ် ၅ နေရာတွင် ရှိပါကြောင်း၊ ကိုရီးယားနိုင်ငံ၏ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်မှုတွင် အဆင့်အတန်းမီသော ရုပ်ရှင်ရုံများစွာ တည်ထောင်နိုင်ခြင်းသည်လည်း အရေးကြီးပါကြောင်း၊ ယခုအခါ Multiplex မှ Cultureplex သို့ ပြောင်းလဲဆောင်ရွက်လျက်ရှိကြောင်း။

**မျှော်မှန်းဆောင်ရွက်**

ရုပ်ရှင်ကြည့် ပရိသတ်အမြဲတိုးတက်ရေးအတွက် နည်းပညာဆိုင်ရာ တီထွင်ဖန်တီးဆန်းသစ်မှုများဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေကြောင်း၊ ရေရှည်တွင် စက်ရုပ်(Robot)ဖြင့် သန့်ရှင်းရေးဆောင်ရွက်မှုမှစ၍ Smart Cinema ဖြစ်အောင် မျှော်မှန်းဆောင်ရွက်နေကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံ ၁၁ နိုင်ငံ၌ အဆင့်မီရုပ်ရှင်ရုံပေါင်း တစ်သောင်းခန့် တည်ထောင်နိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ရုပ်ရှင်လောကရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆယ်ကျော်သက်လူငယ်များကို ရုပ်ရှင်ပညာ လက်ဆင့်ကမ်းပေးနိုင်ရန် ဆက်သွယ်မှုပေါင်းကူးတံတားအဖြစ် သင်တန်းပေးနိုင်ရေး ဆက်လက်ဆွေးနွေးလိုပါကြောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က ပြန်လည်မေးမြန်း ဆွေးနွေးကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကိုရီးယားသမ္မတနိုင်ငံရှိ ဂျွန်အန်းနိုင်ငံတကာ သတင်းဌာန၏ တွေ့ဆုံမေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ရေတာရှည်မြို့ ရေဘေးသင့်ပြည်သူများနှင့် ဝန်ထမ်းများအား ထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရေဘေးသင့်ပြည်သူများနှင့် သာဂရစက်မှုနယ်မြေမှ ဝန်ထမ်းမိသားစုများအား ဆန်၊ ဆေးဝါးနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် သာဂရစက်မှုနယ်မြေမဏ္ဍပ်သို့ ရောက်ရှိပြီး ရေတာရှည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မိုးနိုင်နှင့်အတူ ရေဘေးသင့်ပြည်သူများနှင့် ဝန်ထမ်းများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထို့နောက် သာဂရစက်မှုနယ်မြေရှိ စက်ရုံများမှ ရေဘေးသင့်ဝန်ထမ်းအိမ်ထောင်စု ၂၅ စုနှင့် အနီးပတ်ဝန်းကျင်မှ အိမ်ထောင်စု ငါးစု စုစုပေါင်းအိမ်ထောင်စု ၃၀ အတွက် ဆန်အိတ် ၃၀၊ ဆေးဝါး ခုနစ်မျိုးပါ ဆေးအိတ် ၃၀၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်း ၁၃ မျိုးပါဝင်သော Family Kit ၃၀ နှင့် ပြည်ထောင်စုဝန်ကြီးမိသားစုမှ ခြုံစောင်၊ မျက်နှာသုတ်ပဝါနှင့် ပလတ်စတစ်အခင်း စသည့် အသုံးအဆောင်ပစ္စည်းများကို ပြည်ထောင်စုဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မိုးနိုင်တို့က ထောက်ပံ့ပေးအပ်သည်။



ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရွှေသပြေရွာနှင့် မှန်စီရွာတို့သို့ သွားရောက်ပြီး ရေဘေးသင့်ပြည်သူများနှင့် ဝန်ထမ်းများ၏ နေအိမ်များ၊ ရေဘေးကြုံတွေ့ခဲ့မှုအခြေအနေနှင့် ဝန်ထမ်းမိသားစုများ လက်ရှိနေထိုင်မှုအခြေအနေတို့ကို လိုက်လံကြည့်ရှုအားပေး စကားပြောကြားပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ သာဂရစက်မှုနယ်မြေရှိ အမှတ် (၁၅) အကြီးစားစက်ရုံ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လှူဒါန်းမည့် သင်တန်းသရုပ်ပြ Ambulance Simulator တပ်ဆင်နေမှုကို လည်းကောင်း၊ အမှတ်(၂၆) အကြီးစားစက်ရုံ၌ Triangle Link ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းထုတ်လုပ်မည့် Cross Flow Turbine ထုတ်လုပ်ရန် စီစဉ်နေမှုကိုလည်းကောင်း ကြည့်ရှုပြီး ထုတ်လုပ်မှုလုပ်ငန်းများ အမြန်ဆုံးစတင်ရန် မှာကြားသည်။

ယင်းနောက် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်၊ မိမိတို့ကိုယ်ပိုင်ဒီဇိုင်းနှင့် နည်းပညာများ ထပ်တိုးပေါင်းစပ်ပြီး ပိုမိုကောင်းမွန်သော ထုတ်ကုန်အမည်သစ်များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်ထုပ်မှုကို အလေးပေးဆောင်ရွက်ရန်မှာကြားသည်။ **သတင်းစဉ်**



# ကျောက်ကြီးမြို့နယ် သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးအတွက် တပ်မတော်သားများ ဖိုက်ဘာလှေ ရှစ်စင်းနှင့်အတူ ရောက်ရှိ

**ကျောက်ကြီး စက်တင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် နတ်သံကွင်းဒေသသို့ ဩဂုတ် ၃၁ ရက် ည ၆ နာရီခွဲက တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများသည် ဖိုက်ဘာလှေ ရှစ်စင်းနှင့်အတူရောက်ရှိပြီး ကျောက်ကြီးမြို့နယ်အတွင်းရှိ စစ်တောင်းမြစ်ကမ်းတစ်လျှောက် နေထိုင်ကျသူများ ရေဘေးအန္တရာယ်စိုးရိမ်ရသည့်အခြေအနေနှင့်ကြုံတွေ့လာလျှင် အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်နိုင်ရန်ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းလွင်နှင့် မြို့နယ် ဌာနဆိုင်အကြီးကဲများက မြို့နယ်အတွင်းရှိ စစ်တောင်းမြစ်ကမ်းပါးတစ်လျှောက်နှင့် မြစ်ကမ်းဘေးနေထိုင်ကြသည့်အိမ်ထောင်စုများအား သတိနှင့် နေထိုင်ကြရန်၊ အရေးကြုံလာလျှင် အဆက်အသွယ်ပြုလုပ်နိုင်ရန် ကြိုတင်လှုံ့ဆော်မှုများ ကွင်းဆင်းပြုလုပ်ထားပြီး အချိန်နှင့် တစ်ပြေးညီ ရွှေ့ပြောင်းရှာဖွေကယ်ဆယ်နိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ကျောက်ကြီးမြို့နယ်တွင် စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ် ၉၃၀ စင်တီမီတာရှိရာ စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီ တိုင်းတာချက်ရ မြစ်ရေသည် ၉၇၀ ဒသမ ၅ စင်တီမီတာသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ မြစ်ရေမြင့်တက်မှုကြောင့် မြို့နယ်အတွင်း ကယ်ဆယ်ရေးစခန်း လေးခု ဖွင့်လှစ်၍ အိမ်ထောင်စု ၁၀၄ စုနှင့် လူဦးရေ ၄၈၈ ဦးအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားရှိပြီး ဩဂုတ် ၂၉ ရက်မှစ၍ အခြေခံပညာမူလတန်းလွန်ကျောင်း လေးကျောင်းအား ခေတ္တပိတ်ထားကြောင်း သိရသည်။ **ကိုသားကြီး(ပြန်/ဆက်)**

# သံတောင်-ဘောဂလိလမ်းတွင် တောင်ကမ်းပါးယံ ပြိုကျသည့်နေရာ ရှင်းလင်းပြီး၍ ယာဉ်များ ပုံမှန်သွားလာလျက်ရှိ

**သံတောင်ကြီး စက်တင်ဘာ ၁**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် သံတောင်-ဘောဂလိလမ်းတွင် တောင်ကမ်းပါးယံပြိုကျမှုကြောင့် အတက်၊ အဆင်းမော်တော်ယာဉ် သုံးစီးနှင့် မော်တော်ဆိုင်ကယ် ခြောက်စီးမှာ ငါးနာရီကျော်သည်အထိ ပိတ်မိနေခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၁ ရက် နံနက် ၇ နာရီခွဲက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သံတောင်ကြီးမြို့နယ်အတွင်းရှိ သံတောင်-ဘောဂလိလမ်း မိုင်တိုင်အမှတ် ၂၇/၁ အနီးတွင် ကတ္တရာလမ်းမပေါ်သို့ အရှည်ပေ ၃၀၊ ထုထည် လေးပေခန့်ရှိ တောင်ကမ်းပါးယံမြေသားများ ပြိုကျ ခဲ့ရာ ဘောဂလိဘက်မှ သံတောင်ဘက်သို့သွားမည့် မော်တော်ယာဉ် သုံးစီးနှင့် သံတောင်ဘက်မှ ဘောဂလိဘက်သို့သွားမည့် မော်တော်ဆိုင်ကယ် ခြောက်စီးတို့မှာ ပိတ်မိနေပြီး ယာဉ်သွားလာမှု ယာယီပိတ်ထားခဲ့ရကြောင်း သိရသည်။

တောင်ကမ်းပါးယံပြိုကျသည့် နေရာသို့ ဘောဂလိနယ်မြေရဲစခန်းမှ ရဲအုပ် စိုးဝင်းဦးစီးသော ရဲတပ်ဖွဲ့ဝင်များနှင့် လမ်းဦးစီးဌာနမှ ဦးလှအောင်ဦးဆောင်သောအဖွဲ့တို့က စက်ယန္တရား နှစ်စီးဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၁ နာရီကျော်တွင် လမ်းအကျယ်ပေ ၃၀ ခန့်ကို ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **မင်းသူ(ဘားအံ)**





# ဗန်းမော်-မန္တလေး ကားလမ်းရှိ စီဟဲကွန်ကရစ်တံတားပြုပြင်ပြီး လောလောဆယ် ယာဉ်ငယ်များသာ ဖြတ်သန်းခွင့်ပြု

**ဗန်းမော် စက်တင်ဘာ ၁**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်-မန္တလေး ကားလမ်းရှိ စီဟဲကွန်ကရစ်တံတား ပြုပြင်မှုမှာ စက်တင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီတွင် ရာနှုန်းပြည့် ပြုပြင်ပြီးစီးပြီဖြစ်သော်လည်း ယာဉ်ငယ်များသာ ဖြတ်သန်းခွင့်ပြုသေးကြောင်း ပြည်နယ်မီးသတ်ဦးစီးမှူးရုံးမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေယျာမျိုးထံမှ သိရသည်။

ဗန်းမော်ခရိုင်အတွင်း ဩဂုတ် ၃၀ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ ဗန်းမော်-မန္တလေးသွား ကားလမ်းမပေါ်ရှိ စီဟဲကွန်ကရစ်တံတား ချဉ်းကပ်လမ်း ရေတိုက်စားကာ လမ်းကြောင်း ပိတ်ဆို့မှုဖြစ်ပွားခဲ့၍ ဗန်းမော်ခရိုင် မီးသတ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမင်းခိုင် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက လမ်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်းကာ ရေတိုက်စားသွားသည့် ချဉ်းကပ်လမ်းနေရာ၌ ယာယီဘေလီတံတား တည်ဆောက်ပေးခြင်း၊ လမ်းပခုံးမြေသားများ သဲအိတ်ဖို့ခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့် ပြုပြင်ပြီးစီးပြီဖြစ်သော်လည်း ခရီးသည်တင်ယာဉ်ငယ်နှင့် မော်တော်ဆိုင်ကယ်များသာ ဖြတ်သန်းနိုင်သေးကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# တပ်ကုန်းမြို့နယ်၌ မူလတန်းကျောင်းဖွင့်ပွဲနှင့် ကျောင်းအပ်နှံပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကင်မွန်းတန်းအနောက်ကျေးရွာ လူထုဗဟိုပြု ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးရွာပူးပေါင်းဆောင်ရွက်သည့် မူလတန်းကျောင်းအပ်နှံပွဲနှင့် ကျောင်းဖွင့်ပွဲကို စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ ဥတ္တရခရိုင်ပညာရေးမှူးရုံး ဦးစီးအရာရှိ ဦးမြင့်ဇော်နှင့် တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ လူထုဗဟိုပြု ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန နည်းပညာအကြံပေး အဖွဲ့ခေါင်းဆောင် ဦးခင်မောင်ဌေးနှင့် ခရိုင်ပညာရေးမှူးရုံး ဦးစီးအရာရှိ ဦးမြင့်ဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးသည်။

အဆိုပါကျောင်းသည် ပေ ၆၀ × ပေ ၃၀ သံဖရိန်အုတ်စီ သွပ်မိုးအဆောက်အအုံဖြစ်ပြီး လူထုဗဟိုပြု ကျေးလက်ဒေသဖွံ့ဖြိုးရေးမှ ၁၉၇ သိန်း၊ ကျေးရွာမှ ထည့်ဝင်ကုန်ကျငွေ ၁၂ သိန်း၊ ကန်ထရိုက်မှ သုံးသိန်း၊ စုစုပေါင်းငွေကျပ် ၂၁၂ သိန်းကျော် ကုန်ကျကြောင်း သိရသည်။

**တင့်ဇော်ထွန်း**



# စာရေးဆရာကြီး ခင်မောင်တိုး(မိုးမိတ်)ကွယ်လွန်

**(၁၉၃၇-၂၀၁၈)**



ဆရာကြီး ခင်မောင်တိုး(မိုးမိတ်)အား ၁၉၃၇ ခုနှစ် ဇူလိုင် ၇ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့၌ မွေးဖွားခဲ့ပြီး မိဘနှစ်ပါးမှာ ဦးသာဗျောနှင့် ဒေါ်ဒေါ်မှုံဖြစ်သည်။ မိုးမိတ်မြို့ အစိုးရအထက်တန်းကျောင်းတွင် သူငယ်တန်းမှ ရှစ်တန်းအောင်သည်အထိ ပညာသင်ယူခဲ့ပြီး ၁၉၅၁ ခုနှစ်တွင် မန္တလေးမြို့ တိုင်းချစ် အလွတ်ပညာသင် အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်ယူခဲ့ကာ အဆိုပါကျောင်းမှ ၁၀ တန်းအောင်မြင်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ဝါဏိဇ္ဇဘာသာတွဲဖြင့် ရန်ကုန်တက္ကသိုလ်တွင် တက်ရောက်ပညာသင်ယူခဲ့ပြီး ၁၉၆၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဥပစာဝါဏိဇ္ဇတန်း အောင်မြင်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် တောင်ငူမြို့ သမ္မတ အလွတ်ပညာသင် အထက်တန်းကျောင်း ကျောင်းအုပ်ရာထူးဖြင့် အင်္ဂလိပ်ဘာသာကို သင်ပြခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် အင်္ဂလိပ်စာ ကျူရှင်ဆရာအဖြစ် အသက်မွေးခဲ့ပြီး ကျူရှင်ဆရာအဖြစ် အသက်မွေးနေသည့်အတွင်းမှာပင် ဝတ္ထုတိုများကိုရေးသားကာ မဂ္ဂဇင်းတိုက်များသို့ပေးပို့ခဲ့သည်။

၁၉၇၅ ခုနှစ် ဇွန်လထုတ် ငွေတာရီမဂ္ဂဇင်းတွင် အဖြေနှစ်ခု ဝတ္ထုကို ပထမဆုံးဖော်ပြခံခဲ့ရပြီးနောက် မိုးဝေစာပေမဂ္ဂဇင်းတွင် ဝတ္ထုတိုများ ဆက်တိုက်ရေးသားခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် ပညာရေးလောကမှ ထွက်ခွာကာ စာပေလောကထဲဝင်ရန် ရန်ကုန်သို့ပြောင်းရွှေ့လာခဲ့ပြီး ၁၉၈၄ ခုနှစ်တွင် ဦးအောင်မြင့်(B.A.B.L)နှင့်တွဲ၍ ရွှင်ပြုံးလေ့လာ အင်္ဂလိပ်စာ စာအုပ်ထုတ်ခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် အင်္ဂလိပ်စာ ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်အရေးစာအုပ်ကို အလှဒဿန စာအုပ်တိုက်မှ ထုတ်ဝေခဲ့ပြီး ၂၀၁၂ ခုနှစ် ဧပြီလထိ မြန်မာနှင့် နိုင်ငံတကာဟာသများ၊ ရိုးရာဓလေ့ပုံပြင်များ၊ နိုင်ငံစုံပုံပြင်များ၊ နိုင်ငံတကာဝတ္ထုတိုများ၊ ဘာသာပြန်ရသစာအုပ်များ၊ ဘာသာပြန်ဝတ္ထုတိုများကို ရေးသားထုတ်ဝေခဲ့သည်။ ဆရာရေးသားထုတ်ဝေသော စာအုပ်များမှာ ၈၀ ကျော်ဖြစ်သည်။

ဆရာသည် အမှတ် ၁၈၁၊ ဒုတိယထပ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ တွင်နေထိုင်ခဲ့ပြီး ဇနီးဒေါ်အေးရီမှာ ကွယ်လွန်ခဲ့ပြီးဖြစ်သည်။

ဆရာခင်မောင်တိုး(မိုးမိတ်)သည် ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့ နံနက် ၂ နာရီတွင် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးတွင် ကွယ်လွန်ခဲ့ပြီး သမီး မခင်သက်နှင်းအေး၊ သားမောင်ခွန်ပြည်အေး၊ မောင်စိုင်းဆုမြတ်၊ သမီး မနန်းဇင်ထွေးနှင့် မြေးသုံးယောက်ကျန်ရစ်ခဲ့သည်။

**ကြေးမုံ**

# ဗဟိုစံပြငါးဈေးတွင် စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှု ပြုလုပ်

**ရန်ကုန် စက်တင်ဘာ ၁**

အောက်တိုဘာ ၁ ရက်တွင် စတင်ကျင့်သုံးမည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေ ၂၀၁၈ ကြိုတင်လှုပ်ရှားမှုအနေဖြင့် ဈေးများဌာန၊ အနောက်ပိုင်းခရိုင် စည်ပင်ဈေးများရုံး၊ ဗဟိုစံပြဈေးတာဝန်ခံရုံး၊ ဈေးသာယာရေးအဖွဲ့တို့၏ စီစဉ်ကြီးကြပ်မှုဖြင့် အလှူပေါင်းစုံမှ ဈေးသူ ဈေးသားများ ပါဝင်သော စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှု အစီအစဉ်တစ်ရပ်ကို စက်တင်ဘာ ၁ ရက် နံနက် ၆ နာရီက ဗဟိုစံပြငါးဈေး၌ ပြုလုပ်ခဲ့ကြသည်။



အဆိုပါ စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုအစီအစဉ်တွင် ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေး၌ရှိသော အလှူပေါင်းစုံမှ ဈေးသူ ဈေးသားများ၊ အနောက်ပိုင်းခရိုင်အတွင်းရှိ စည်ပင်ဝန်ထမ်းများ၊ စံပြဈေးရဲကင်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်တွင်း ကုန်တင်ကုန်ချကော်မတီအောက်ရှိ လုပ်သားရဲဘော်များ၊ စံပြပရဟိတ လူငယ်မောင်မယ်များ စုစုပေါင်း အင်အား ၂၅၀ ကျော် ပါဝင်ခဲ့ကြသည်။

ထိုသို့ စုပေါင်းအမှိုက်ကောက်ရာတွင် ဈေးရုံအလိုက် အုပ်စု ငါးစု ဖြန့်ခွဲ၍ ဈေးသာယာရေးအဖွဲ့ရုံး (ယမုံနာ)မှ စတင်ကာ ဈေးရုံအတွင်း၊ အပြင်နှင့် ကားလမ်းမများတွင် လိုက်လံကောက်ယူသိမ်းဆည်းခဲ့ကြခြင်းဖြစ်ပြီး “တို့ပြည်တို့ရွာ တို့နေရာ သန့်ရှင်းစေဖို့ ဝိုင်းဝန်းစို့” နှင့် “ရေမြောင်းများ၊ လမ်းကြားများသည် အမှိုက်ပုံမဟုတ်”စာတန်းပါ ကတ်ပြားများကို ကိုင်ဆောင်၍လည်း စည်းကမ်းမဲ့ အမှိုက်မပစ်ရေးကို စည်းရုံးလှုံ့ဆော်ခဲ့ကြသည်။

ယခုကဲ့သို့ စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုပြုလုပ်ရခြင်းသည် အမှိုက်များကို စည်းကမ်းတကျ စွန့်ပစ်တတ်စေရန်၊ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှု လျော့နည်းပပျောက်စေရန်၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သော ငါး၊ ပုစွန်များကို ရောင်းချနိုင်စေရန်တို့အတွက် ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်ပြီး ယင်းလှုပ်ရှားမှုကို တစ်လလျှင် တစ်ကြိမ်နှုန်းဖြင့် လစဉ်ပြုလုပ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**စောသိန်းဝင်း**

## ဒုတိယအကြိမ် စစ်တောင်းမြစ်ရေမြင့်တက်၍ ရွှေကျင်မြို့နယ်ရှိ စာသင်ကျောင်း ၂၃ ကျောင်း ယာယီပိတ်ထား

**ရွှေကျင် စက်တင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ ဩဂုတ်၁၂ ရက်မှစတင်၍ ဩဂုတ် ၃၁ ရက်အတွင်း စစ်တောင်းမြစ်ရေ ဒုတိယအကြိမ်မြင့်တက်မှုကြောင့် စာသင်ကျောင်းပေါင်း ၂၃ ကျောင်း ယာယီပြန်လည်ပိတ်ထားရကြောင်း ရွှေကျင်မြို့နယ် မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ဩဂုတ်လဒုတိယပတ်အတွင်းမှစတင်ပြီး စစ်တောင်းမြစ်ရေ ဒုတိယအကြိမ် တဖြည်းဖြည်းမြင့်တက်လာမှုကြောင့် ဩဂုတ် ၁၅ ရက်က မူလတန်းလွန်ကျောင်း နှစ်ကျောင်း၊ ဩဂုတ် ၁၆ ရက်က မူလတန်းလွန်ကျောင်း တစ်ကျောင်း၊ ဩဂုတ် ၁၇ ရက်က မူလတန်းလွန်ကျောင်း တစ်ကျောင်း၊ ဩဂုတ် ၂၇ ရက်က အလယ်တန်းကျောင်းခွဲ တစ်ကျောင်းနှင့် မူလတန်းလွန်ကျောင်း တစ်ကျောင်း၊ ဩဂုတ် ၂၈ ရက်က မူလတန်းလွန်ကျောင်း နှစ်ကျောင်း၊ ဩဂုတ် ၂၉ ရက်က မူလတန်းလွန်ကျောင်း ခြောက်ကျောင်းတို့ကို ယာယီပိတ်ထားခဲ့ရသည်။

ဩဂုတ် ၃၀၊ ၃၁ ရက်တို့တွင် နောက်ထပ် အခြေခံပညာကျောင်း ကိုးကျောင်း ထပ်မံပြီးပိတ်ခဲ့ရာ ယခုအခါ စုစုပေါင်း ကျောင်းပေါင်း ၂၃ ကျောင်းအထိ ပိတ်ထားခဲ့ရကြောင်း ရွှေကျင်မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ပိန်းဇလုပ်သိန်းညွန့်**

**❋ ကျောဖုံးမှ**

ရေမြေတောတောင်သဘာဝ အလှရှုခင်းများနှင့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို လေ့လာခဲ့သည့်အပြင် လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းရှိ အထင်ကရဒေသများ သို့ သွားရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဩဂုတ် ၃၀ ရက်အထိ ထိုင်းနှင့် တတိယနိုင်ငံသား နေ့ချင်းပြန်ခရီးသည်စုစုပေါင်း ၃၇၇၀၃၇ ဦး၊ မိုင်းဖြတ်နှင့် ကျိုင်းတုံခရီးစဉ်အဖြစ် ခရီးသည် ၃၅၉၇ ဦး၊ တာချီလိတ်မြို့မှ လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းသို့ ၂၉၁၄ ဦး စုစုပေါင်း ၃၈၃၅၄၈ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# ရေတာရှည်မြို့နယ်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်

**ရေတာရှည် စက်တင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဆွာချောင်းတမံ ပင်မရေပိုလွှဲကျိုးပေါက်မှုကြောင့် ရေဘေးကယ်ဆယ်ရေးစခန်းပေါင်း ၄၃ ခု ဖွင့်လှစ်ခဲ့ရပြီး အထက်တန်းကျောင်းငါးကျောင်း၊ အထက(ခွဲ) လေးကျောင်း၊ အလကကိုးကျောင်းအပါအဝင် စုစုပေါင်း ၁၁၇ ကျောင်း ယာယီပိတ်ထားရသည်။

ယခု ရေပြန်ကျသွားခဲ့ပြီးနောက် စာသင်ကျောင်း ၃၄ ကျောင်း ပြန်လည်ဖွင့်လှစ်ပြီဖြစ်ကြောင်း သိရသည်။ ဩဂုတ် ၃၀ ရက်မှစတင်၍ ချောင်းရေများ ပြန်လည်ကျဆင်းခဲ့ပြီး ရေဘေးကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ကြသူများ မိမိတို့နေအိမ်များအသီးသီးသို့ ပြန်သွားခဲ့ကြရာ စက်တင်ဘာ ၁ ရက် စာရင်းများအရ စခန်း ၁၅ ခုသာ ကျန်ရှိတော့ပြီး ကျန်ရှိသူများမှာ သက်ကြီးရွယ်အိုများနှင့် သွားလာရေးခက်ခဲသော ကျေးရွာများမှဖြစ်ကြောင်း သိရသည်။

ရေတာရှည်မြို့နယ်အတွင်း ရေဘေးကယ်ဆယ်ရေးစခန်းများ၊ ရေကြီးရေလျှံမှုဒဏ်ဆိုးဆိုးရွားရွား ခံစားခဲ့ကြရသည့် ကျေးရွာများအား မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ ကုသိုလ်ရှင်၊ စေတနာရှင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ပရဟိတအဖွဲ့အစည်းများက နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိရာ ရေဘေးရှောင်စခန်းများ၊ ရန်ကုန်-မန္တလေးကားလမ်းဝဲ၊ ယာရှိကျေးရွာများသာ အများဆုံးအထောက်အပံ့ရရှိနေပြီး လမ်းပန်းဆက်သွယ်မှုခက်ခဲသော နေရာများတွင်ရှိသည့် ရေဘေးဒုက္ခသည်များအတွက် အကူအညီများ လိုအပ်လျက်ရှိသည်။ ထို့အပြင် ကျေးရွာများရှိ သောက်ရေတွင်းများ နစ်မြုပ်မှုကြောင့် သောက်သုံးရေများ လိုအပ်လျက်ရှိရာ လက်လှမ်းမီသလောက် သောက်ရေသန့်များ ဝေငှပေးလျက်ရှိသည့်အပြင် မြို့နယ်ကျေးလက်ဦးစီးဌာနမှ ရေဝင်ရောက်သည့်ရေတွင်းများအား ပြန်လည်စုပ်ထုတ်ပေးခြင်း၊ ဆေးခတ်ပေးခြင်းတို့ဆောင်ရွက်ပေးလျက်ရှိသည်။ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များက အင်တိုက်အားတိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကူညီဆောင်ရွက်နေပြီး ပျက်စီးဆုံးရှုံးသွားသော လူနေအိမ်များ၊ လမ်း၊ တံတားများအား ယာယီပြန်လည်နေထိုင် အသုံးပြုနိုင်ရန် နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိနေသည်ကို တွေ့ရသည်။

အမှိုက်သရိုက်များရှင်းလင်းခြင်း၊ ရွှံ့နွံများအား ဆေးကြောခြင်း၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရန် စုပေါင်းဆောင်ရွက်ပေးလျက်ရှိပြီး ရက်အတော်ကြာ အချိန်ယူရဦးမည်ဖြစ်ကြောင်း ရှင်းလင်းရေးဆောင်ရွက်နေသည့် တပ်မတော်သားအရာရှိတစ်ဦးကပြောသည်။

**ကိုလွင်(ဆွာ)**

# ကျောက်တံတားမြို့နယ်၌ ပြည်သူ့စကားဝိုင်းကျင်းပ



**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အမှတ် ၅ ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ အခြေခံပညာအထက်တန်းကျောင်း စကားဝါခန်းမ၌ စက်တင်ဘာ ၁ ရက်က ပြည်သူ့စကားဝိုင်းခေါင်းစဉ်ဖြင့် သက်ငယ်မုဒိမ်းမှု ပပျောက်ရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆွေးနွေးပွဲ ကျင်းပရာ ကျောက်တံတားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထက်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၁) ဒေါ်ကြည်ပြာ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်(၂) ဒေါ်မြလှစံ၊ ကျောက်တံတားမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးထူးကျော်၊ ကျောက်တံတားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသက်၊ ကျောက်တံတားမြို့နယ်ပညာရေးမှူး ဦးအောင်မြင့်၊ ကျောက်တံတားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်နန်းနွဲ့သီဂီ၊ ပျော်ရွှင်ကျန်းမာကူညီရေးအသင်းဥက္ကဋ္ဌ တရားလွှတ်တော်ရှေ့နေ ဦးရှိန်တို့က ဆွေးနွေးပြောကြားခဲ့ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ကျောင်းသား ကျောင်းသူ၊ ပြည်သူအင်အား ၂၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကြေးမုံ**

၂၀၁၈ခုနှစ်

နိုင်ငံတကာစာတတ်မြောက်ရေးနေ့

INTERNATIONAL LITERACY DAY (2018)

နည်းပညာကျွမ်းကျင်မှု ဖွံ့ဖြိုးဖို့ စာတတ်မြောက်ရေးဆောင်ရွက်စို့

Literacy and Skills Development

၂၀၁၈ခုနှစ်၊ စက်တင်ဘာလ(၈)ရက်

8 September 2018

# ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေသစ်အကြောင်း အသိပညာပေးဆွေးနွေး



**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေနှင့်ပတ်သက်ပြီး ပြည်သူလူထု သိရှိနားလည် လိုက်နာနိုင်ရန်နှင့် သိသင့်သိထိုက်သော ပြဋ္ဌာန်းချက်များ၊ ဥပဒေတားမြစ်ချက်များနှင့် ပြစ်ဒဏ်များအကြောင်းကို အမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် ဥပဒေသစ် အသိပညာပေးရေးအဖွဲ့ ခေါင်းဆောင် အင်ဂျင်နီယာဌာန (အဆောက်အအုံ) ဒုတိယဌာနမှူးတို့က အင်းစိန်မြို့နယ် ဖော့ကန်ပဒေသာဈေးအပေါ်ထပ်၌ ဩဂုတ် ၃၁ ရက် နံနက် ၉ နာရီခွဲက ပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ ဥပဒေအသစ်နှင့် ပတ်သက်၍ တိုင်းဒေသကြီးအမှတ်(၂) လွှတ်တော်ကိုယ်စားလှယ်၊ ဦးဝေဖြိုးဟန်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် ဥပဒေသစ်အသိပညာပေးရေးအဖွဲ့ခေါင်းဆောင် ဦးနေဝင်းတို့က ပြည်သူလူထု သိသင့်သိထိုက်သော ပြဋ္ဌာန်းချက်များ၊ ဥပဒေတားမြစ်ချက်များ၊ ပြစ်ဒဏ်များသည် ဥပဒေသစ်တွင် တိုးမြှင့်ထားသည့်အတွက် အသိပညာပေးရှင်းလင်း ဟောပြောရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ကြသည်။

ရှင်းလင်းဆွေးနွေးပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ ရပ်ကွက် ၂၁ ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများ တက်ရောက်ကြကာ ဥပဒေသစ်နှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြား၍ စည်ပင်ဝန်ထမ်းများက ဥပဒေသစ်လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**မြဂေ**

# ကဝမြို့နယ်ရှိ နဘဲပင်ကျေးရွာတွင် အိမ်သုံးမီတာများ တပ်ဆင်၊ လျှပ်စစ်အသိပညာပေး

**ကဝ စက်တင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အလင်းရောင်စီမံချက်ဖြင့် မီတာများကို ကျေးရွာများအရောက် နေ့ချင်းပြီးတပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ စီမံချက်ဖြင့် ပဲခူးတိုင်းဒေသကြီး(အရှေ့) ကဝမြို့နယ် နဘဲပင်ကျေးရွာတွင် ဩဂုတ်လနောက်ဆုံးပတ်က လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသစ်လွင်ထူး ဦးဆောင်၍ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက အသိပညာပေးဟောပြောခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်သည်။

အဆိုပါ လျှပ်စစ်မီးဖွင့်ပွဲကို ကဝမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှသန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းအောင်၊ လျှပ်စစ်အင်ဂျင်နီယာနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ငြိမ်းချမ်း(ပြန်/ဆက်)**

# မိုးရာသီရေကြောင်းသွားလာမှု အန္တရာယ်ကင်းရှင်းရေး နှိုးဆော်သတိပေးချက်

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့မှ မိုးရာသီအတွင်း ရေကြောင်းသွားလာမှုအန္တရာယ်ကင်းရှင်းရေးနှင့် ရေယာဉ်များကြပ်မတ်စစ်ဆေး အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ရေယာဉ်မောင်းနှင်သူများ သတိပြုရန်အတွက် အောက်ပါဆောင်ရန်/ရှောင်ရန်အချက်များအား အသိပေးအပ်ပါသည်-

(က) အရက်သေစာသောက်စားပြီး စက်လှေမောင်းနှင်ခြင်း မပြုရန်။
(ခ) သတ်မှတ်လူဦးရေ၊ ကုန်ချိန်ထက်ပို၍ တင်ဆောင်ခြင်းမပြုရန်။
(ဂ) ရာသီဥတုဆိုးရွားပြီး မိုးမှောင်ကျသည့်အခါ အချက်ပြဆက်သွယ်ရန်အတွက် ခရာ၊ ဓာတ်မီး စသည့်အချက်ပြကိရိယာများ ယူဆောင်ရန်။
(ဃ) အသက်ကယ်ဘောကွင်းများ၊ လှေအကူများထားရှိရန်။
(င) ရေယာဉ်တွင် စီးနင်းလိုက်ပါသည့် ခရီးသည်များအတွက် အသက်ကယ်အင်္ကျီ (တစ်ဦးလျှင် တစ်ခုကျစီ) ယူဆောင်ရန်။
(စ) ရေယာဉ်တွင် စီးနင်းလိုက်ပါသည့် ခရီးသည်များအတွက် အသက်ကယ် လှေ/ဖောင်များ လုံလောက်စွာပါရှိရန်။
(ဆ) ရေယာဉ်တွင် ပါရှိရမည့် ပစ္စည်းများ ပြည့်စုံစွာထားရှိရန်။
(ဇ) စက်တပ်ရေယာဉ်မောင်းသူများ လိုက်နာရမည့်အချက်များ၊ ရေယာဉ်မောင်းနှင်ခြင်းဆိုင်ရာ ဥပဒေသများနှင့်အညီ မောင်းနှင်ကြရန်။
(ဈ) စက်တပ်ရေယာဉ်မောင်းသူများ၊ ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်အုပ်ချုပ်သူများအနေဖြင့် အရေးပေါ်ဖြစ်သည့်အခါ လိုက်နာဆောင်ရွက်ရမည့် အချက်များအား သိရှိလိုက်နာဆောင်ရွက်သွားကြရန်နှင့် ဇာတ်တိုက်လေ့ကျင့်မှုများအား အခါအားလျော်စွာ ဆောင်ရွက်သွားကြရန်။

၂။ မိုးရာသီအတွင်း ရေကြောင်းသွားလာမှုအန္တရာယ်ကင်းရှင်းရေးအတွက် ရေယာဉ်မောင်းနှင်သူများအနေဖြင့် ရေကြောင်းရဲတပ်ဖွဲ့မှ အသိပေးထုတ်ပြန်ထားသည့် ဆောင်ရန်/ရှောင်ရန်အချက်များနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်သွားရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# ရန်ကုန်စတော့အိတ်ချိန်းမှ YSX Expo 2018 အား စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁**

စာရင်းဝင်ကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံသူတို့ကြား ပွင့်လင်းမြင်သာမှုရှိစေရန် ရည်ရွယ်၍ ရန်ကုန်စတော့အိတ်ချိန်းမှ ရင်းနှီးမြှုပ်နှံထားသော ရှယ်ယာရှင်များနှင့် အသစ်အသစ်သော ရှယ်ယာရှင်များအတွက် YSX Expo 2018 (Investment Opportunity with You) ပွဲကို Novotel Hotel ၌ စက်တင်ဘာ ၉ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**လေ့လာသုံးသပ်ဆွေးနွေးမည်**

အဆိုပါ YSX Expo 2018 ပွဲ၌ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အရင်းအနှီးဈေးကွက် အခန်းကဏ္ဍအကြောင်းကို လေ့လာသုံးသပ်ဆွေးနွေးသွားမည်ဖြစ်ပြီး စာရင်းဝင်ကုမ္ပဏီများမှ တာဝန်ရှိသူများက ပြီးခဲ့သော ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ဘဏ္ဍာရေးရှင်းတမ်းများကို တင်ပြသွားမည်ဖြစ်ကာ ပွဲ၏ပထမပိုင်းဆွေးနွေးပွဲကို "စာရင်းဝင်ကုမ္ပဏီများ၏ ရှေ့ဆက်လုပ်ဆောင်သွားမည့် အနာဂတ်အလားအလာများ" ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယပိုင်း အစီအစဉ်၌ ဘဏ္ဍာရေးအကြံပေး ဦးကျော်မျိုးထွန်းက မြန်မာနိုင်ငံ၏ စတော့ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများအကြောင်းကို လေ့လာသုံးသပ်တင်ပြပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အကြောင်းအရာဖြစ်သည့် (Foreign Participation & Myanmar Companies' Potential) ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲပြုလုပ်သွားမည်ဖြစ်သည်။

**စီစဉ်ပေးထား**

အဆိုပါ Expo တွင် ဆွေးနွေးပွဲများသာမက စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီများ၏ ပြခန်းများ၊ ဘဏ္ဍာရေးသင်တန်းများ၏ ပြခန်းများ၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ပြခန်းများ၊ ဉာဏ်စမ်းပဟေဠိ အစီအစဉ်များနှင့် ကံစမ်းမဲအစီအစဉ်များ၊ အမှတ်တရလက်ဆောင်ပေးအပ်ခြင်း အစီအစဉ်များ ပါဝင်မည်ဖြစ်ပြီး အထူးအစီအစဉ်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုစာရင်းဖွင့်လှစ်လိုသူများအတွက်လည်း မိမိတို့နှစ်သက်ရာ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများဖြစ်သည့် MSEC၊ KBZSC၊ CBS၊ AYATSC၊ KTZRH နှင့် UABS တို့တွင် Investor Account (Securities Account) ကို One Stop Service အနေဖြင့် NRC card နှင့် ဘဏ်စာအုပ်ယူဆောင်ခဲ့ရုံမျှဖြင့် ဖွင့်လှစ်နိုင်စေရန် စီစဉ်ပေးထားကြောင်းလည်း သိရသည်။

**စိုးမြင့်အောင်**

ကြေးမုံ



# နိုဝင်ဘာလတွင်ကျင်းပမည့် အမေရိကန်-အာဆီယံထိပ်သီးအစည်းအဝေးနှင့် အာရှ-ပစိဖိတ်စီးပွားရေးဖိုရမ်သို့ သမ္မတထရန့် တက်ရောက်မည်မဟုတ်

**ဝါရှင်တန် စက်တင်ဘာ ၁**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် နိုဝင်ဘာလအတွင်း ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးနှင့် အာရှ-ပစိဖိတ် စီးပွားရေးဖိုရမ်သို့ တက်ရောက်နိုင်မည်မဟုတ်ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဆာရာဆန်းဒါးစ်က ယနေ့ပြောကြားခဲ့ကြောင်း သိရသည်။

သမ္မတထရန့်၏ ဆောင်းဦးရာသီ နိုင်ငံခြားခရီးစဉ်များနှင့်ပတ်သက်ပြီး စီစဉ်ထားရှိမှုများကို အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဆာရာဆန်းဒါးစ်က စက်တင်ဘာ ၃၁ ရက်တွင် ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံတွင်ကျင်းပမည့် အရှေ့အာရှထိပ်သီးအစည်းအဝေး၊ အမေရိကန်-အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ပါပူဝါနယူးဂီနီနိုင်ငံတွင် ကျင်းပမည့် အေပက်စ်အစည်းအဝေးများသို့ ဒုတိယသမ္မတ မိုက်ပန့်စ် တက်ရောက်မည်ဖြစ်ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဆာရာဆန်းဒါးစ်က ဆိုသည်။

ယမန်နှစ် နိုဝင်ဘာလက သမ္မတထရန့်သည် ဂျပန်နိုင်ငံသို့ ပထမဆုံးသွားရောက်လည်ပတ်ခဲ့ပြီး အာရှနိုင်ငံအချို့သို့ သွားရောက်ခဲ့သည်။ သူ၏အာရှခရီးစဉ်အတွင်း အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သော်လည်း အရှေ့အာရှထိပ်သီးအစည်းအဝေးကို တက်ရောက်ခဲ့ခြင်းမရှိခဲ့ပေ။

လာမည့်နိုဝင်ဘာလတွင် သမ္မတထရန့်သည် ပထမကမ္ဘာစစ်အတွင်း စစ်ပြေငြိမ်းခြင်း နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန် ပြင်သစ်နိုင်ငံ ပါရီမြို့သို့ သွားရောက်မည်ဖြစ်သည်။ ထို့ပြင် အိုင်ယာလန်နိုင်ငံသို့ ခရီးဆက်မည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဆာရာဆန်းဒါးစ်က ဆိုသည်။

ထို့ပြင် နိုဝင်ဘာလနှောင်းပိုင်းတွင် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတက်ရောက်ရန် အာဂျင်တီးနားနိုင်ငံ ဗျူနိုအေးရီးမြို့သို့ သွားရောက်မည်ဖြစ်ပြီး ကိုလံဘီယာနိုင်ငံသို့ ဆက်လက်သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



# ပါလက်စတိုင်းဒုက္ခသည်များအား ကူညီထောက်ပံ့ရေး အမေရိကန်ရပ်ဆိုင်းမှုအပေါ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ် စိတ်ပျက်

**ကုလသမဂ္ဂ စက်တင်ဘာ ၁**

ကုလသမဂ္ဂ ပါလက်စတိုင်း ဒုက္ခသည်များ ကယ်ဆယ်ရေးလုပ်ငန်းအဖွဲ့အတွက် ထောက်ပံ့မှုများ ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း၊ အမေရိကန်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်ပတ်သက်ပြီး လွန်စွာစိတ်မကောင်းဖြစ်မိပါကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ပြောကြားခဲ့သည်။

ကုလသမဂ္ဂ ပါလက်စတိုင်း ဒုက္ခသည်များ ကယ်ဆယ်ရေးလုပ်ငန်းအဖွဲ့သည် ပါလက်စတိုင်းဒုက္ခသည်များအတွက် လိုအပ်သော ကူညီထောက်ပံ့မှုများ အမှန်တကယ်ဖြည့်ဆည်းပေးလျက်ရှိသည့်အပြင် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးကိုပါ ကူညီဆောင်ရွက်ပေးသည့် အဖွဲ့တစ်ခုဖြစ်ပါကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ဆိုသည်။

အမေရိကန်နိုင်ငံသည် ကုလသမဂ္ဂ ပါလက်စတိုင်း ဒုက္ခသည်များ ကယ်ဆယ်ရေး လုပ်ငန်းများအတွက် ငွေကြေးပမာဏအများဆုံး ကူညီထောက်ပံ့ပေးလျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်းနှင့် ယင်းသို့ နှစ်ပေါင်းများစွာ ကူညီထောက်ပံ့ပေးခဲ့သည့်အတွက် အမေရိကန်နိုင်ငံအား များစွာ ကျေးဇူးတင်ရှိပါကြောင်း ဂူတာရက်စ်က ပြောကြားခဲ့သည်။



ကုလသမဂ္ဂက ပါလက်စတိုင်း ဒုက္ခသည်များအတွက် ပညာရေး၊ ကျန်းမာရေးနှင့် အခြားဝန်ဆောင်မှုများ၌ ထောက်ပံ့ပေးသည့် မှတ်တမ်းများရှိပါကြောင်း ဂူတာရက်စ်က ဆိုသည်။

ထို့ပြင် ၎င်းက ပါလက်စတိုင်း ဒုက္ခသည်များအား ကူညီထောက်ပံ့ပေးမှုများ စဉ်ဆက်မပြတ်ပေးနိုင်ရေးအတွက် ငွေကြေးထောက်ပံ့မှုများ ဆက်လက်ပေးကြရန် အခြားသောနိုင်ငံများအား တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံအနေဖြင့် ကုလသမဂ္ဂက ပါလက်စတိုင်း ဒုက္ခသည်များအား ကယ်ဆယ်ရေးလုပ်ငန်းအတွက် မည်သည့် ကူညီထောက်ပံ့မှုကိုမျှပေးတော့မည် မဟုတ်ကြောင်း အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနက ဩဂုတ် ၃၁ ရက်တွင် ကြေညာခဲ့သည်။

ကုလသမဂ္ဂ ပါလက်စတိုင်း ဒုက္ခသည်များ ကယ်ဆယ်ရေးလုပ်ငန်းအဖွဲ့အနေဖြင့် ပါလက်စတိုင်းကလေးငယ် ၅၂၅၀၀၀ နီးပါး ပညာသင်ယူလျက်ရှိသည့် စာသင်ကျောင်းပေါင်း ၇၀၀ ကျော်နှင့် ဒုက္ခသည် ၃ ဒသမ ၅ သန်းအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆေးခန်းပေါင်း ၁၅၀ ခန့် ဖွင့်လှစ်ကူညီထောက်ပံ့ပေးလျက် ရှိသည်။

ထို့ပြင် ကုလသမဂ္ဂ ပါလက်စတိုင်း ဒုက္ခသည်များ ကယ်ဆယ်ရေးလုပ်ငန်းအဖွဲ့က အစားအစာနှင့် ငွေကြေးထောက်ပံ့မှုအနေဖြင့် ဒေါ်လာ ၁ ဒသမ ၇ သန်းကို ပါလက်စတိုင်း ဒုက္ခသည်များအား နှစ်စဉ်ထောက်ပံ့ ပေးလျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# ဂါဇာအရှေ့ပိုင်းတွင် ပါလက်စတိုင်းများနှင့် အစ္စရေးတပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုဖြစ်ပွား ပါလက်စတိုင်း ၁၈၀ နီးပါး ထိခိုက်ဒဏ်ရာရ

**ဂါဇာ စက်တင်ဘာ ၁**

ဂါဇာကမ်းမြောင်အရှေ့ပိုင်းဒေသရှိ အစ္စရေးနှင့် ပါလက်စတိုင်းနယ်မြေနယ်ခြားဒေသတွင် ဩဂုတ် ၃၁ ရက်က ပါလက်စတိုင်းလူမျိုးများနှင့် အစ္စရေးတပ်ဖွဲ့ဝင်များအကြား တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ ပါလက်စတိုင်းလူမျိုး ၁၈၀ နီးပါး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထိခိုက်ဒဏ်ရာရသည့် ပါလက်စတိုင်း လူမျိုး ၅၉ ဦးကို ဆေးရုံတင်ကုသမှုများပြုလုပ်ပေးခဲ့ပြီး ၎င်းတို့ထဲတွင် အသက် ၂၀ အရွယ် သူနာပြုအကူအမျိုးသမီးတစ်ဦးနှင့် ၁၀ နှစ်အရွယ် ယောကျ်ားလေးတစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ဂါဇာကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အာရှက်ဖ်အယ်လ်ကွီဒရာက သတင်းထောက်များအား ပြောကြားသည်။

ပါလက်စတိုင်း လူငယ်ရာပေါင်းများစွာတို့သည် ဂါဇာအရှေ့ပိုင်းရှိ အစ္စရေးနိုင်ငံနှင့် ထိစပ်နေသည့် ပိတ်ထားသော နယ်စပ်ဒေသတွင် စုဝေးကြပြီး ၂၀၀၇ ခုနှစ်ကတည်းက အစ္စရေးတို့က ပိတ်ဆို့မှုများချမှတ်ထားသည့် ကမ်းရိုးတန်းဒေသ အစွန်အဖျားနယ်မြေအား ပိတ်ဆို့မှုများ အဆုံးသတ်ရန် တောင်းဆိုခဲ့ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ပါလက်စတိုင်းလူငယ်များက ဂါဇာအရှေ့ပိုင်းဒေသမှ အစ္စရေးပိုင်နက်နယ်မြေအတွင်းသို့ မီးရှို့ထားသော မီးပုံဘောလုံးများ လွှတ်တင်နေစဉ်တွင် အခြားလူငယ်များက ဂါဇာနှင့် အစ္စရေးပိုင်နက်အား ပိုင်းခြားထားသည့် လုံခြုံရေးစည်းရိုးမှ သံဆူးကြိုးများကို ဖြတ်တောက်ခြင်းနှင့် ဆွဲယူခြင်းများ ပြုလုပ်ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ယင်းလုပ်ဆောင်မှုများကို အစ္စရေးတပ်ဖွဲ့ဝင်များက မျက်ရည်ယိုဗုံးဒါဇင်များစွာဖြင့် ပစ်ခတ်ဖြင်း၊ ကျည်အစစ်များဖြင့် ပစ်ခတ်ခြင်းများဖြင့် တုံ့ပြန်ခဲ့ကြသည်။

အစ္စရေးတို့ ပစ်ခတ်သည့် မျက်ရည်ယိုဗုံးငွေ့များ ရှူရှိုက်မိခြင်းများကြောင့် ဆန္ဒပြသူ ပါလက်စတိုင်းလူမျိုး ဒါဇင်များစွာတို့သည် အသက်ရှူကျပ်ခြင်းကို ခံစားခဲ့ရကြောင်းနှင့် အခြားငါးဦးမှာ အစ္စရေးတပ်ဖွဲ့ဝင်များ၏ သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ဒဏ်ရာများ ရရှိခဲ့သည်။

ယခုနှစ် မတ် ၃၀ ရက်က စတင်ခဲ့သော ပါလက်စတိုင်းများ၏ အစ္စရေးဆန့်ကျင်ရေး ဆန္ဒပြမှုများကြောင့် လက်ရှိအချိန်တွင် ပါလက်စတိုင်းလူမျိုး ၁၇၁ ဦး သေဆုံးခဲ့ရပြီး ၁၈၀၀၀ ကျော်မှာ ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

**ဆင်ဟွာ**

# ဂျာမနီနိုင်ငံတောင်ပိုင်းရှိ ရေနံချက်စက်ရုံ ပေါက်ကွဲပြီး မီးလောင်ရာ လူရှစ်ဦးဒဏ်ရာရ

**ဘာလင် စက်တင်ဘာ ၁**

ဂျာမနီနိုင်ငံတောင်ပိုင်းရှိ ရေနံချက်စက်ရုံတစ်ရုံတွင် စက်တင်ဘာ ၁ ရက်က ပေါက်ကွဲ၍ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ လူရှစ်ဦးထက်မနည်း ထိခိုက်ဒဏ်ရာရခဲ့ပြီး ရေနံချက်စက်ရုံအနီးဝန်းကျင်၌ နေထိုင်သည့် ဒေသခံပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ရေနံချက်စက်ရုံသည် ဗာဗေးရီးယားပြည်နယ် မြို့တော်အင်ဂိုးလ်စတက်အနီး ဘေယာန်ွိုင်းအုပ်စုက ပိုင်ဆိုင်သည့်ဒေသတွင် တည်ရှိပြီး စက်တင်ဘာ ၁ ရက် ဒေသစံတော်ချိန်နံနက် ၅ နာရီ ခွဲခန့်၌ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရေနံချက်စက်ရုံပေါက်ကွဲမှုကြောင့် တုန်ခါမှုကို ကီလိုမီတာအတော်အဝေးမှ သိခဲ့ရကြောင်း ပြည်သူ့ဝန်ဆောင်မှု အသံလွှင့်လုပ်ငန်း ဘေရာရီဆက်ချာရန်းဖန့်က ပြောကြားသည်။

ရေနံချက်စက်ရုံ မီးလောင်မှုကြောင့် ဒဏ်ရာရရှိသူများအနက် သုံးဦးမှာ စိုးရိမ်ရသည့်အခြေအနေရှိနေကြောင်း၊ စက်ရုံအနီးရှိ မြို့နှစ်မြို့ဖြစ်သည့် ဘိုးဘာ့ခ်နှင့် ရစ်ချင်မြို့များရှိ ပြည်သူ ၁၈၀၀ ခန့်အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကာ မီးသတ်သမားအင်အား ၂၀၀ က မီးငြိမ်းသတ်ရေးလုပ်ငန်းများကို လုပ်ဆောင်နေကြကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ရေနံချက်စက်ရုံတည်ရှိရာနှင့် အချင်းဝက် ကီလိုမီတာ ၂၀ (၁၂မိုင်) အတွင်း နေထိုင်ကြသည့် ဒေသခံများအား မီးခိုးများအန္တရာယ်ကြောင့် ၎င်းတို့နေအိမ်တံခါးများနှင့် ပြတင်းတံခါးများကို ပိတ်ထားကြရန် အရေးပေါ်လုပ်ငန်းဌာနက လှုံ့ဆော်ထားသည်။

ဗာဗေးရီးယားပြည်နယ် အတွင်းတွင် ဘေယာန်ွိုင်းအုပ်စုက ရေနံချက်လုပ်ငန်းနှစ်ခုအား လုပ်သားအင်အား ၇၉၀ ဖြင့် လုပ်ကိုင်လျက်ရှိပြီး ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့် အပူပေးစနစ်သုံးဆီများကို ထုတ်လုပ်လျက်ရှိသည်။

**အေအက်ဖ်ပီ**



# (၄၇)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်းဘောလုံးပြိုင်ပွဲ(ရန်ကုန်ဇုန်)ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁**

(၄၇)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁ ရက်နံနက် ၇ နာရီခွဲတွင် ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌ ကျင်းပခဲ့သည်။

ဘောလုံးပြိုင်ပွဲသို့ အမှတ်(၁)ရဲဒေသမှူး ရဲမှူးကြီး မင်းဇော်ဦး၊ အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူးရုံးမှ ဦးစီးအရာရှိ(ပထမတန်း)ဒုတိယရဲမှူးကြီး ဇော်မိုး၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီးအရာရှိ (ပထမတန်း)ဒုတိယရဲမှူးကြီး လှရီ၊ တိုင်းအကူရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ယုနိုင်၊ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်စိုးလွင်၊ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းလွင်၊ အမှတ်(၇)ယာဉ်ထိန်းဒုတိယ တပ်ဖွဲ့ခွဲမှူး ရဲမှူး မျိုးအောင်မြင့်၊ အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊ အမှတ်(၄) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင် စုစုပေါင်း ၃၀၀ ကြည့်ရှုအားပေးခဲ့ကြသည်။

ပြိုင်ပွဲတွင် အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့အသင်းနှင့် ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်တက္ကသိုလ်၌ ဂျူဒိုအခြေခံသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁**

မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်နှင့် ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ အားကစားအဖွဲ့တို့ ပူးပေါင်းစီစဉ် ဖွင့်လှစ်သည့် ဂျူဒိုအားကစားနည်း အခြေခံသင်တန်းဆင်းပွဲကို ဩဂုတ် ၃၁ ရက် ညနေ ၃ နာရီက ရန်ကုန်တက္ကသိုလ် ဂျူဒိုကလပ်၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက သင်တန်းတွင် ခါးစည်းအဝါအဆင့်ရရှိသူ ၁၆ ဦးနှင့် သင်တန်းဆင်းလက်မှတ်များအား ချီးမြှင့်ပေးအပ်သည်။**(အောက်ပုံ)**

သင်တန်းကို ဇူလိုင် ၁၀ ရက်မှ ဩဂုတ် ၂၉ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်တက္ကသိုလ်ရှိ ကျောင်းသား ကျောင်းသူ ၄၆ ဦး တက်ရောက်ခဲ့သည်။ သို့သော် တချို့သင်တန်းသားများသည် ကျောင်းကိစ္စမအားလပ်ကြ၍ သတ်မှတ်ရက်အပြည့် မတက်ရောက်နိုင်ခြင်း၊ ထပ်မံစစ်ဆေးသည့် စာမေးပွဲတွင် မအောင်မြင်ခြင်းတို့ကြောင့် သင်တန်းပြီးဆုံးချိန်တွင် ၂၈ ဦးသာ သင်တန်းဆင်းနိုင်ခဲ့ပြီး ၁၆ ဦးသာ ခါးစည်းအဝါရရှိခဲ့ကြသည်။



ယခုဖွင့်လှစ်သည့် အခြေခံသင်တန်းတွင် တက်ရောက်ခဲ့ကြသည့် သင်တန်းသားများကို မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှ မြန်မာ့လက်ရွေးစင်ဟောင်းလေးဦးက သင်ကြားပေးခဲ့ခြင်းဖြစ်သည်။ ခါးစည်းအဝါရရှိသော သင်တန်းသားများမှာ အဆင့်မြင့်သင်တန်းပြီးဆုံးပါက မြန်မာနိုင်ငံဂျူဒိုအဖွဲ့မှ ကျင်းပသည့် ပြိုင်ပွဲများ၊ တက္ကသိုလ်ပေါင်းစုံပြိုင်ပွဲ၊ တက္ကသိုလ်မေဂျာပေါင်းစုံ ပြိုင်ပွဲဝင်များတွင် လူသစ်တန်းအနေဖြင့် စတင်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိကြမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်းရှိ တက္ကသိုလ်များတွင် ဂျူဒိုအားကစားသင်တန်းများကို မဖွင့်လှစ်နိုင်ခဲ့သည်မှာ ဆယ်စုနှစ်ကျော်ခဲ့ပြီဖြစ်သည်။ ယခုနှစ်ကျမှသာ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်က ကြိုးပမ်း၍ စနစ်တကျ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တို့တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

**စောသိန်းဝင်း**

# နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၂ အသင်း အချိန်ယူပြင်ဆင်မည်

**ရန်ကုန် စက်တင်ဘာ ၁**

၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းသည် ယင်းပြိုင်ပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် အချိန်ယူပြင်ဆင်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရယူနိုင်ရန် ယခုနှစ်ကတည်းက စတင်ပြင်ဆင်လျက်ရှိပြီး ဆီးဂိမ်းပြိုင်ပွဲကို ယူ-၂၂ ပြိုင်ပွဲအဖြစ် သတ်မှတ်ထားသောကြောင့် ယခုနှစ်တွင် ယူ-၂၁ အသင်းအဖြစ် ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ကာလရှည်လေ့ကျင့်ပြင်ဆင်ရမည်ဖြစ်သောကြောင့် ကစားသမားများ စိတ်ကြိုက်ရွေးချယ်နိုင်ရန် နှစ်သင်းဖွဲ့စည်းထားပြီး နှစ်ကုန်ပိုင်းတွင် နှစ်သင်းပေါင်းကာ လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်မည်ဖြစ်သည်။ (က)အသင်းသည် ဧပြီလက ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲယှဉ်ပြိုင်ခဲ့ပြီး လက်ရှိအချိန်တွင် လေ့ကျင့်မှုရပ်နားထားကာ (ခ)အသင်းမှာမူ စက်တင်ဘာ ၄ ရက်မှ ၈ ရက်အထိ ကျင်းပမည့် တရုတ်ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ ယူ-၂၂ အသင်းသည် ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပမည့် ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ် ပြိုင်ပွဲယှဉ်ပြိုင်ရန် စီစဉ်ထားသည်။ မြန်မာ ယူ-၂၂ အသင်းသည် လာမည့်နှစ်တွင် အာရှ ယူ-၂၃ ခြေစစ်ပွဲ၊ အာဆီယံ ယူ-၂၂ ပြိုင်ပွဲနှင့် နှစ်ကုန်ပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အာရှ ယူ-၂၃ ခြေစစ်ပွဲကို မတ်လတွင်ကျင်းပမည်ဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲကို နိုဝင်ဘာလကုန်ပိုင်းတွင် စတင်ကျင်းပဖွယ်ရှိနေသည်။ အာဆီယံ ယူ-၂၂ ပြိုင်ပွဲ ကျင်းပမည့်ကာလကိုမူ အတည်ပြုခြင်းမရှိသေးကြောင်း သိရသည်။



မြန်မာ ယူ-၂၂ အသင်းကို နည်းပြချုပ်အဖြစ် ဦးကြည်လွင်၊ လက်ထောက်နည်းပြအဖြစ် ဦးချစ်နိုင်နှင့် ဦးကျော်လွင်၊ ဂိုးနည်းပြအဖြစ် ဦးမျိုးကျော်အောင်တို့က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ဦးကြည်လွင်သည် ၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအသင်းအား ငွေတံဆိပ်ရယူပေးခဲ့သူဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က တစ်ကျော့ပြန် တာဝန်ပေးအပ်ထားခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် လာမည့်နှစ်တွင် အဓိကနိုင်ငံတကာပြိုင်ပွဲများမယှဉ်ပြိုင်မီ ပြည်ပခြေစမ်းခရီးစဉ်များ သွားရောက်မည်ဖြစ်သည်။

**သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- စိုးညွန့်**

# မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ် ဩဂုတ် ၂၂ ရက်မှ ဩဂုတ် ၂၈ ရက်အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသူ |
|---|---|---|---|---|
| ၁။ | အိုပွင့်ကဗျာများ | အံ့မောင် | ၃၀၀၀ | ယဉ်မျိုး |
| ၂။ | လမင်းနှင့်ကြယ်စင် | ယဉ်ယဉ်နု(မန္တလေး) | ၃၀၀၀ | ကောင်းစုသာ |
| ၃။ | ငရဲလမ်းမှတ်တမ်း | လွှမ်းရုံ | ၂၀၀၀ | ဆိပ်ကမ်းသာ |
| ၄။ | ကြံစည်တိုင်းဖြစ်မလာကြသေးသောကျွန်ုပ်နှင့် သောတာပန်ညီအစ်မ | တောထွက်အရှင်အာစာရ | ၁၀၀၀ | မျိုးဆက်သစ် |
| ၅။ | Myanmar way to success | Lynn Thaik Nyunt | ၈၀၀၀ | မြန်မာ့မြေ |
| ၆။ | နေရယ်လရယ်ကမ္ဘာမြေရယ် | ကလောင်စုံ | ၂၅၀၀ | ကောင်းစုသာ |
| ၇။ | နေတတ်တာ ကျေနပ်လာပြီထင်ခဲ့ပေမဲ့ ကျေနပ်စွာနေတတ်အောင် ကြိုးစားနေရပြန်သည် | အရှင်အာစာရ | ၂၀၀၀ | မျိုးဆက်သစ် |
| ၈။ | မျက်မှောက်မြန်မာ့သစ်တောကဏ္ဍမြင်ကွင်း | သစ်ရိုင်း | ၃၀၀၀ | မျိုးဆက်သစ် |
| ၉။ | ၂၁ ရာစုသင်ကြားပို့ချမှုဆိုင်ရာ ပညာရေးလမ်းညွှန် | Khant Myat | ၅၀၀၀ | SET Centre |
| ၁၀။ | သူရေးသားသည့်စာအုပ်အပေါ် မေးမြန်းလာမှုများကို သူရဦးရွှေမန်း၏ ပြန်လည်ဖြေကြားချက်များ | မှတ်တမ်းနှင့် သုတေသနအဖွဲ့ | ၂၀၀၀ | Myanmar Heritage |
| ၁၁။ | ညစာအုပ် Night Book | ကလောင်စုံ | ၄၀၀၀ | မိုးဆွေ |
| ၁၂။ | အရေးအကြီးဆုံး စီမံခန့်ခွဲမှုဆိုင်ရာမေးခွန်းများ | ဇော်ဝင်းကြူ(ပျဉ်းမနား) | ၅၀၀၀ | Today |
| ၁၃။ | ဒရက်ကူလာ | လင်းသစ်နိုင် | ၃၀၀၀ | Momentum |
| ၁၄။ | အာဏာရှင်မင်းအစိုးရတို့၏ယတြာများ | သန်းဝင်းလှိုင် | ၃၀၀၀ | ကျော်စိုးမိုး |
| ၁၅။ | ဆယ်ကျော်သက်အရွယ်များကို ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ခိုင်ခိုင်မာမာ လေ့ကျင့်ပျိုးထောင်နည်း | Dr.သိန်းလွင် | ၆၀၀၀ | ဆု |
| ၁၆။ | မေးခွန်းမေးနည်းအတတ်ပညာ | Dr.သိန်းလွင် | ၄၅၀၀ | ဆု |
| ၁၇။ | နိုင်ငံသားတိုင်းစဉ်းစားစွမ်းရည်ဖွံ့ဖြိုးရေး | ဦးသန်းဖေ(ဧည့်လမ်းညွှန်) | ၃၀၀၀ | ဆု |
| ၁၈။ | NLDနာယကသူရဦးတင်ဦးကို ဝန်ချတောင်းပန်ခဲ့သော ကြံ့ခိုင်ရေးကေဒါဟောင်း တာမွေအောင်ကို နိုင်ငံရေးအတွေ့အကြုံဆောင်းပါးပေါင်းချုပ် | ဓမ္မသံတော်ဆင့် | ၃၀၀၀ | ဓမ္မသံတော်ဆင့် |
| ၁၉။ | သိပါစေသား | ဝင်းဝင်းမြင့်(နန်းတော်ရှေ့) | ၃၅၀၀ | ???? |
| ၂၀။ | မြန်မာ့ဆွေမျိုးစပ်ဝေါဟာရများ | မာလေး | ၁၅၀၀ | စိတ်ကူးချိုချို |
| ၂၁။ | အချုပ်တန်းဆရာဖေ | ဦးချမ်းမြ | ၁၅၀၀ | စိတ်ကူးချိုချို |
| ၂၂။ | မိုးနှင့်မြေ ရေနှင့်ကြာ | ဒဂုန်တာရာ | ၂၇၀၀ | စိတ်ကူးချိုချို |
| ၂၃။ | ချစ်သူစာအုပ် | မောင်ရန်ပိုင် | ၁၅၀၀ | စိတ်ကူးချိုချို |
| ၂၄။ | ပြန်လည်သုံးသပ်ရန်လိုသော အမေရိကန်၏ချဉ်းကပ်မှု | နေဇင်လတ် | ၃၅၀၀ | စိတ်ကူးချိုချို |
| ၂၅။ | ပါဗက်မှုရှာရက်ဖ် | ထက်မြက် | ၅၅၀၀ | စိတ်ကူးချိုချို |
| ၂၆။ | ကျွန်တော့်အရေးအသားနဲ့ ကျွန်တော့်အတွေးများ | မောင်သာချို | ၅၀၀၀ | စိတ်ကူးချိုချို |
| ၂၇။ | ပန်းချီပေါ်သိမ်း | လှိုင်ဘွား | ၁၂၀၀၀ | စိတ်ကူးချိုချို |
| ၂၈။ | Interview ဆောင်ရန်ရှောင်ရန် | မောင်ဆက်ပိုင် | ၈၀၀ | စိတ်ကူးချိုချို |
| ၂၉။ | ကျောင်းထိုင်ထေရ်ဘုန်း လိုရာသုံး အတိုဆုံးတရားတော်များ | အရှင်ဒဿနိယ (သကျဝံသ) | ၂၅၀၀ | ကောင်းထွန်း |
| ၃၀။ | ပြည်ကြီးရှင်အစိုးရတို့၏ စစ်မက်အား(ခေါ်)ကမ္ဘာ့သေမင်း | ဦးကျော်တင့် | ၂၈၀၀ | စိတ်ကူးချိုချို |
| ၃၁။ | မချစ်ဥတို့ပန်းဆိုင်ကလေးကဗျာ | မောင်ယဉ်မှူး | ၁၀၀၀ | ဦးရန်အောင် |
| ၃၂။ | စီးဆင်းသွားသောနှစ်သုံးဆယ် | ကျော်ကျော်(မြရည်စမ်း) | ၂၅၀၀ | စိတ်ကူးချိုချို |
| ၃၃။ | လူငယ်နှင့်နိုင်ငံရေး၊ နိုင်ငံရေးနှင့်လူငယ် | သန်းဝင်းလှိုင် | ၃၅၀၀ | လဝန်းရိပ် |
| ၃၄။ | လူသားဆန်မှုကိုပြန်လည်တွေ့ရှိခြင်း | သန့်ဇင်စိုး | ၂၅၀၀ | စံပယ် |
| ၃၅။ | သဏ္ဍာန်မဲ့ကြယ်ကလေး | ဒေးဗစ်မောင်မောင် | ၃၀၀၀ | မျိုးဆက်သစ် |
| ၃၆။ | ဘုန်းသစ်နှိုးပါနှင့် အတိတ်၊ ပစ္စုပ္ပန် ရုပ်ပုံလွှာစာစုများ | မောင်ကြီးစိန်(ရာမည) | ၂၅၀၀ | မျိုးဆက်သစ် |
| ၃၇။ | ဆမ်းမားဆက်မွန်၏ဝတ္ထုတိုများ | ကျော်အောင် | ၄၅၀၀ | မဟာစာပေ |
| ၃၈။ | နေရောင်အောက်မှာ(Under the sun) | တင့်ဇော် | ၄၅၀၀ | လင်းလွန်းခင် |
| ၃၉။ | အရောင်မဲ့အဝါ | အိမ်မွန် | ၄၅၀၀ | Smart စာပေ |
| ၄၀။ | ဆက်ကောင်းဆက်မည်(အလွမ်းစာစုများ) | စိမ့်စမ်းဖြူ (ဆေးတက္ကသိုလ်) | ၃၀၀၀ | Smart စာပေ |
| ၄၁။ | ပုလဲသွယ်အက်ဆေးများ | ရဲထွန်း | ၂၅၀၀ | ခြူးခြူး |
| ၄၂။ | ဗုဒ္ဓအဆုံးအမဖြင့်အောင်မြင်ခြင်း | ကျော်ကျော်လှိုင် | ၄၀၀၀ | Smart စာပေ |

# ထိုင်းနိုင်ငံ အာရှအဝေးပြေးလမ်းမပေါ်၌ ခရီးသည်တင်ယာဉ်တိမ်းမှောက် မြန်မာနိုင်ငံသားတစ်ဦး သေဆုံးပြီး ၁၂ ဦးဒဏ်ရာရ

**မဲဆောက် စက်တင်ဘာ ၁**

ထိုင်း-မြန်မာ နယ်စပ်ဒေသဖြစ်သော တပ်ခရိုင်အတွင်းရှိ အာရှအဝေးပြေးလမ်းမပေါ်၌ ယနေ့ နံနက်အစောပိုင်းက မြန်မာနိုင်ငံသားများ လိုက်ပါလာသည့် ခရီးသည်တင်ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးခဲ့ပြီး ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ထိုင်းနိုင်ငံရှိ သတင်းဌာနများ၏ ဖော်ပြချက်အရ သိရသည်။

ဖြစ်စဉ်မှာ ယနေ့ ထိုင်းနိုင်ငံ ဒေသစံတော်ချိန် နံနက် ၁ နာရီခွဲခန့်က ထိုင်း-မြန်မာနယ်စပ် မဲဆောက်မြို့တွင် အလုပ်သမားလက်မှတ်သက်တမ်းတိုးပြီး ဗန်ကောက်သို့ ပြန်လာကြသော မြန်မာအလုပ်သမား ၃၅ ဦး လိုက်ပါစီးနင်းလာသည့် ISUZU ခရီးသည်တင်ယာဉ်မှာ ထိုင်း-မြန်မာနယ်စပ် တပ်ခရိုင်အတွင်းရှိ အာရှအဝေးပြေးလမ်းမိုင်တိုင်အမှတ် ၆၆-၆၇ အရောက်တွင် တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း ထိုင်းနိုင်ငံတပ်ခရိုင်ရှိ ကယ်ဆယ်ရေးအဖွဲ့များက ပြောသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် မြန်မာနိုင်ငံသား ၃၅ ဦးအနက် တစ်ဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ ၁၂ ဦးအနက် ခြောက်ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရ မြန်မာနိုင်ငံသားအားလုံးကို တပ်ခရိုင်ရှိ ဖကျောက်သတ်စင်မဟာရ ပြည်သူ့ဆေးရုံသို့ အရေးပေါ်တင်ပို့ကုသထားကြောင်း အာရှအဝေးပြေးလမ်းရှိ စစ်ဆေးရေးရဲများ၏ ပြောကြားချက်အရ သိရသည်။

**ပွင့်သစ္စာ**

## မြန်မာ့ရုပ်မြင်သံကြား

**၂-၉-၂၀၁၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "အံ့ဖွယ်ကြည်ညို ပုဂံဘုရားစုံ" (ပုထိုးသားများဘုရား) |
| ၈း၃၅ | တရုတ်ကာတွန်း "တောပျော်မျောက်ကလေး ကျွမ့်ကျွမ့်" (အပိုင်း-၄) |
| ၉း၁၅ | ဇာတ်လမ်းအတိုအထွာပြုံးစရာ "ရပ်ကွက်လူမိုက်"(ဆလိုင်းလွမ်း၊ ကံမိုးဆန်း၊ ဟိန်းမင်း၊ မျိုးအောင်၊ ကိုကိုနိုင်၊ ဆန်းဝင်း၊ သဲဆုဇော်) (ဒါရိုက်တာ-ဆလိုင်းမျိုးဝင်းအောင်) |
| ၉း၂၅ | "မြန်မာပြည်ကနေ့ရက်များကို ရှာဖွေစူးစမ်းခြင်း" |
| ၉း၄၀ | MRTV Travelogue |
| ၁၀း၀၀ | Sunday Talk |
| ၁၀း၃၀ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၁၁း၀၀ | လှပစုံလင်အာဆီယံတစ်ခွင် |
| ၁၁း၀၅ | ကဗျာရိပ်မြုံ "စည်းကမ်းရှိဖို့" |
| ၁၁း၂၀ | ကျန်းမာရေးမဂ္ဂဇင်း "တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာ" |
| ၁၂း၃၀ | This Week's Special Interest |
| ၁၂း၄၅ | မြန်မာဂန္ထဝင်ရုပ်ရှင် "ပုလဲအရောင်မမှိန်" (ခင်မောင်ချင်း၊ ကောလိပ်ဂျင်နေဝင်း၊ စမ်းစမ်းဝင်း၊ မေဝင်းမောင်) (ဒါရိုက်တာ-ချစ်စိန်) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၃၅ | "စားနပ်ရိက္ခာဖူလုံရေး ခေတ်မီမွေးမြူရေးကဏ္ဍ မြှင့်တင်ပေး" (ကြက်မွေးမြူရေး) |
| ၁၇း၀၅ | "သဘာဝအလှတရားများရှိရာ ဖိုအင်ရွာ" |
| ၁၇း၃၀ | Sunday Talk |
| ၁၈း၂၀ | လေ့လာစရာစုံလင်အမိမြန်ပြည်တစ်ခွင် "မျိုးချစ်စိတ်ဓာတ်ကို ထင်ဟပ် အင်းဝဆင်ကျုံးခံတပ်" |
| ၁၈း၃၀ | "သမိုင်းပုံရိပ်တို့ထင်ကျန်နေ တိုင်းရောရဲ့ ခနေ့ဖြူမြေ" |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၁၉) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | "စိမ်းလန်းပြီးရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သစ်တောများ၏ အခန်းကဏ္ဍ" -In & Out "China ခရီးစဉ်" (အပိုင်း-၁) (လေးဖြူနှင့်အဖွဲ့) -နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ" (အပိုင်း-၁၇) -ပြည်သူ့နီတိ "လက်ဆောင်" (အိစိကွေး၊ ယဉ်မင်းပိုက်) (ဒါရိုက်တာ-မိုးဇော်ကို) -အစီအစဉ်ပြီး၏။ |

# ဘီးလင်း၌ လူသတ်အလောင်းဖျောက်သူများအား ဖမ်းဆီးရမိ



**ဘီးလင်း စက်တင်ဘာ ၁**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဝင်းကကျေးရွာ၌ လူသတ်၍ မြေမြှုပ်ထားသော အလောင်းတစ်လောင်းတွေ့ရကြောင်း ဩဂုတ် ၃၀ ရက် ညနေပိုင်းက သတင်းပေးတိုင်တန်းချက်အရ ဘီးလင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့် အနီးကပ်ကြီးကြပ်၍ တောင်စွန်းနယ်မြေရဲစခန်းမှ စုံစမ်းဖော်ထုတ်ရာ ဩဂုတ် ၃၁ ရက်တွင် ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဝင်းကကျေးရွာနေ ဒေါ်လှသန်းသည် လယ်ကွင်းသို့အသွား လယ်ကန်သင်းအနီးတွင် အပုပ်နံ့ရသဖြင့် ကြည့်ရာ လူသေတစ်ဦးကို မြှုပ်နှံထားသည့်ပုံသဏ္ဌာန်ကိုတွေ့ရှိ၍ တောင်စွန်းနယ်မြေရဲစခန်းသို့ အကြောင်းကြားခဲ့သည်။ သတင်းပေးချက်အရ ရဲတပ်ဖွဲ့ဝင်များက သွားရောက်၍ သေမှုသေခင်းဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ရာ သေဆုံးသူသည် ဇော်မျိုးဦး(ခ)အညာသား မရမ်းကျောင်းကျေးရွာ ပဲခူးမြို့နယ်နေသူဖြစ်ပြီး စုံစမ်းဖော်ထုတ်ချက်များအရ ၎င်းသည် ဝင်းဇော် ဝင်းကကျေးရွာ ဘီးလင်းမြို့နယ်နေသူနှင့် ချစ်ဦး(ခ)ကတုံး အရက်သီမကျေးရွာ ဘီးလင်းမြို့နယ်နေသူတို့နှင့်အတူ အရက်သောက်စားရာမှ စကားများရန်ဖြစ်ပြီး ဓားဖြင့်ခုတ်သတ်၍ မြေမြှုပ်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူ ဝင်းဇော်နှင့် ချစ်ဦးတို့အား တောင်စွန်းရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၃၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၈၄၈ စီး၊ သွင်းကုန် ၇၇၄ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၁ စီး၊ သွင်းကုန် ၁၂၃ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၉၆၀ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၅၅၆ သန်းခန့်) စုစုပေါင်းတားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၅၁၆ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၃၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ် တစ်စီးနှင့် ၁၂ ဘီးယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ရေကူးမျက်မှန် ဖာ ၈၀ နှင့် အမျိုးသားဝတ်အင်္ကျီ ၁၆ ထုပ် (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၈၄၀ သန်းခန့်) အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆိုင်ကယ်အား ကားဖြင့် နောက်မှဝင်တိုက်ပြီး ဝိုင်းဝန်းရိုက်နှက်ခဲ့သူများအား ဖမ်းဆီးအရေးယူ



**မန္တလေး စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရဲစခန်းအပိုင်နယ်မြေ၌ ဆိုင်ကယ်အား ကားဖြင့် နောက်မှဝင်တိုက်ပြီး ဝိုင်းဝန်းရိုက်နှက်ခဲ့သူများအား ဖမ်းဆီးအရေးယူထားကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၃၁ ရက် နံနက် ၁ နာရီခွဲခန့်တွင် ချစ်ဖွဲ့နှင့် ဝေယံတို့နှစ်ဦးသည် ချမ်းမြသာစည်မြို့နယ် မြို့သစ် ၁ ရပ်ကွက် လမ်း ၆၀၊ သိပ္ပံလမ်းနှင့် အောင်ဆန်းလမ်းကြားရှိ KTV ဆိုင်တွင် သီချင်းဆိုခဲ့ပြီး ကျသင့်ငွေရှင်းစဉ် ချစ်ဖွဲ့နှင့် ဆိုင်မန်နေဂျာတို့ စကားများခဲ့ပြီးနောက် ချစ်ဖွဲ့နှင့် ဝေယံတို့သည် ဆိုင်ကယ်ဖြင့် နေအိမ်သို့ ပြန်ခဲ့ရာ ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက် ၅၈ လမ်း၊ အောင်ဆန်းလမ်းနှင့် ဘုရင့်နောင်လမ်းကြားအရောက်၌ အဆိုပါ KTV ဆိုင်မှ ဝန်ထမ်းများပါသော လိုက်ထရပ်ယာဉ်က နောက်မှဝင်တိုက်ပြီး ဆိုင်ကယ်တိမ်းမှောက်သွားစဉ် တုတ်၊ ခါးပတ်များဖြင့် ရိုက်နှက်ခဲ့ကြသဖြင့် ချစ်ဖွဲ့နှင့် ဝေယံတို့နှစ်ဦးတွင် ဒဏ်ရာများရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်မန်နေဂျာ နေအောင်နှင့် ကျော်နိုင်ဦးတို့နှစ်ဦးအား ဖမ်းဆီး၍ အောင်ပင်လယ်နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

**ကျော်ကျော် (မလှိုင်)**

# ကော့သောင်းနှင့် တောင်ကြီးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် တူမီးသေနတ် နှစ်လက် သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁**

မူးယစ်တပ်ဖွဲ့စု ၃၄ ကော့သောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၃၀ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ကော့သောင်းမြို့နယ် ဘန်းကချွန်ကျေးရွာ ဗိုလ်ချုပ်လမ်းနေ ကျော်နိုင်ထွေး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား နှစ်ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ကော့သောင်းမြို့နယ် ဘန်းကချွန်ကျေးရွာ ဗိုလ်ချုပ်လမ်းနေ နေလင်းဖြိုး(ခ)ငပျော့၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြားနှင့် တူမီးသေနတ် နှစ်လက်တို့ကိုလည်းကောင်း။

အလားတူ ဩဂုတ် ၃၁ ရက် မွန်းလွဲ ၂ နာရီတွင် မူးယစ်တပ်ဖွဲ့စု ၂၅ တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့အဝင် ၄ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ထွန်းဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၈၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြစ်မှုကျူးလွန်သူ အောင်ကျော်ဌေး (ခ)မြွေပွေးပါ သုံးဦးနှင့် သက်သေခံဖုန်းများအား တွေ့ရစဉ်။

# ခိုးမှုပြစ်ချက်ဟောင်းရှိသူများကို စစ်ဆေးရာမှ ဖုန်းခိုးမှုများ ဖော်ထုတ်ရရှိ

**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၄ ရက် ည ၇ နာရီခွဲတွင် လှိုင်သာယာမြို့နယ် ရေဥက္ကံကျေးရွာ ဆိပ်ကမ်းသာလမ်းမပေါ်တွင် ခိုးမှုပြစ်ချက်ဟောင်းရှိသူ လှိုင်သာယာမြို့နယ်နေ မင်းမင်းဇော်၊ အောင်ကျော်ဌေး(ခ) မြွေပွေးနှင့် သူငြိမ်းထက်(ခ)ချိုးပုတို့အား တွေ့ရှိစစ်ဆေးရှာဖွေရာ သူငြိမ်းထက်(ခ)ချိုးပုထံမှ Oppo အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးအား တွေ့ရှိပြီး ၎င်းဖုန်းမှာ လှိုင်သာယာမြို့နယ် အမှတ် ၆ ရပ်ကွက်ရှိ နေအိမ်တစ်အိမ်မှ ခိုးယူလာခဲ့ကြောင်း သိရသည်။

ယင်းနောက် အောင်ကျော်ဌေး(ခ) မြွေပွေးပါ သုံးဦးသည် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လအတွင်းက လှိုင်သာယာမြို့နယ်ရှိ ကျေးရွာနှင့် ရပ်ကွက်များအတွင်းမှ လက်ကိုင်ဖုန်းများ ခိုးယူရောင်းချခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ချက်အရ သက်သေခံဖုန်းများအား ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကာ ပြစ်မှုကျူးလွန်သူများဖြစ်သည့် အောင်ကျော်ဌေး(ခ) မြွေပွေးပါ သုံးဦးအား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ညှိနှိုင်းအစည်းအဝေး ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ် တက်ရောက်

**ဟားခါး စက်တင်ဘာ ၁**

ချင်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၃၁ ရက်နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးပွဲတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်က အဖွင့်အမှာစကား ပြောကြားရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်လေးခုတွင် Shelter ၈၇ လုံး တည်ဆောက်မှုနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးမှ ဆုံးဖြတ်ချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ Shelterများ တည်ဆောက်ပေးရခြင်းမှာ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများအတွက်ဖြစ်ပြီး အရေးပေါ်အခြေအနေတွင် ဘေးသင့်ပြည်သူများအနေဖြင့် Shelterများသို့ အမြန်ဆုံးသွားရောက်ခိုလှုံနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်က သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းဆိုင်ရာများပြောကြားပြီး တက်ရောက်လာသူများက ဆွေးနွေးကြသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ် အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဆွေးနွေးပွဲ တက်ရောက်



**မြစ်ကြီးနား စက်တင်ဘာ ၁**

ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေပြင်ဆင်ပြုစုရေး အစိုးရအဖွဲ့၊ လွှတ်တော်နှင့် ဆက်စပ်ဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဌာနေတိုင်းရင်းသားများနှင့် သက်ဆိုင်ရာဒေသခံအစုအဖွဲ့များ၏ ဆွေးနွေးအကြံပြုချက်များရယူခြင်းဆိုင်ရာ ဆွေးနွေးပွဲကို ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

### စိန်ခေါ်မှုများ

ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က မြန်မာနိုင်ငံအတွက် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနှင့် သဘာဝနယ်မြေများ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းသည် စိန်ခေါ်မှုများပါကြောင်း၊ ယခုကဲ့သို့ ဥပဒေနှင့် နည်းဥပဒေများကို ပြောင်းလဲပြင်ဆင်သည့်နေရာတွင် အကျိုးသက်ဆိုင်သူများအားလုံး ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင် ဆွေးနွေးပြီး အားလုံးလက်ခံနိုင်သည့် ဘုံသဘောတူညီချက်များမှတစ်ဆင့် ပိုမိုကောင်းမွန်အကျိုးရှိသည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေကို ပြုစုပြင်ဆင်ရေးဆွဲနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ပကတိ လက်ရှိအခြေအနေကို ထင်ဟပ်ပြီး ကောင်းမွန်အားကောင်းသည့် နည်းဥပဒေဖြစ်ပေါ်လာစေရေးအတွက် အထောက်အကူပြုရန် အများသဘောတူသည့် အကြံပြုချက်များရရှိနိုင်ရေး တက်ရောက်လာသူများက အပြန်အလှန် အပြုသဘောဆောင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းသွားကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

### တက်ရောက်

အဆိုပါဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးထွန်းတင်၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ WCS နှင့် NGO၊ INGO များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

### ဆောင်ရွက်

ဆွေးနွေးပွဲတွင် နည်းဥပဒေ ပြင်ဆင်ပြုစုခြင်းဆိုင်ရာ အကျိုးသက်ဆိုင်သူများအား ချပြခြင်းနှင့် ဆွေးနွေးပွဲလုပ်ငန်းစဉ်များအား ရှင်းလင်းခြင်း၊ ဥပဒေဆန်းစစ်လေ့လာတင်ပြခြင်းနှင့် ရပ်ရွာမှ ဦးဆောင်သည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းနမူနာများ၊ နည်းဥပဒေ ပြင်ဆင်ပြုစုခြင်းဆိုင်ရာ အဓိကအကြောင်းအရာများကို သစ်တောဦးစီးဌာန၊ UNSECO ၊ WCS တို့မှ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများနှင့် ဒေသအစုအဖွဲ့ သဘာဝထိန်းသိမ်းရေး နယ်မြေ၊ ဒေသခံပြည်သူပူးပေါင်းပါဝင်သည့် စီမံအုပ်ချုပ်မှုဆိုင်ရာများ၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် စပ်လျဉ်းသည့် အုပ်စုဖွဲ့ဆွေးနွေးသုံးသပ်ခြင်းနှင့် အကြံပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**ပြည်နယ် (ပြန်/ဆက်)**

## လူငယ်နှင့်စာပေခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း လွိုင်ကော်တက္ကသိုလ်၌ ကျင်းပ

**လွိုင်ကော် စက်တင်ဘာ ၁**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူ့စကားဝိုင်းများကို ဒီမိုကရေစီခေတ်တွင် အစိုးရနှင့်ပြည်သူအကြား ဆွေးနွေးတိုင်ပင်ရန်၊ ပြည်သူတို့၏ ဘဝဖြတ်သန်းမှုအကြောင်းကိစ္စများ ပြောကြားနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်၊ လူထု၏ စဉ်းစားတွေးခေါ်မှုမြင့်မားလာစေရန်နှင့် အစုအဖွဲ့အတွင်း ပါဝင်ဆွေးနွေးတတ်သော အလေ့အထကောင်းများ လေ့ကျင့်ပေးရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိရာ လွိုင်ကော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ 'လူငယ်နှင့်စာပေ' ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို လွိုင်ကော်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဩဂုတ် ၂၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ပြည်သူ့စကားဝိုင်းတွင် ကယားပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်က ကျောင်းသား ကျောင်းသူများအား မိမိဖြတ်သန်းခဲ့ရသော ဘဝအတွေ့အကြုံများ၊ အထူးသဖြင့်လူငယ်ဘဝ၊ နိုင်ငံအပေါ်ထားရှိသည့် စေတနာ၊ နိုင်ငံရေးအတွေ့အကြုံများကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစန်းနွယ်က စာဖတ်ခြင်း၏ အကျိုးကျေးဇူးနှင့် လူငယ့်ဘဝအားမာန် စာစုများ အကြောင်းကိုလည်းကောင်း၊ စာရေးဆရာ စိုးညွန့်ဝေ (လွိုင်ကော်)က စာဖတ်ခြင်းဖြင့် ကောင်းမွန်သော စိတ်မွေးမြူ၍ အကျိုးအကြောင်းဆင်ခြင်မှု ကောင်းမွန်သော နိုင်ငံ့ခေါင်းဆောင်များဖြစ်အောင် ကြိုးစားကြဖို့ တိုက်တွန်းဆွေးနွေးခြင်းကိုလည်းကောင်း၊ ကာတွန်းပညာရှင် ကာတွန်းမျိုးကြီးက မိမိရည်မှန်းချက်ပန်းတိုင်သို့လျှောက်လှမ်းရာတွင် အခက်အခဲအတားအဆီးများကို စာပေမှရရှိသည့် အတွေ့အကြုံများ အသုံးချ ဖြတ်ကျော်နိုင်မည့် ဘဝအားမာန်များကို ပါဝင်ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးချက်များအပေါ် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးခဲ့ကြသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ လွိုင်ကော်တက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားလူငယ် ၂၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

## သန်လျင်၌ ပြည်သူများ ဗဟုသုတပြည့်ဝစေရေး စာဖတ်ဝိုင်းကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများ အသိပညာဗဟုသုတ ပြည့်ဝစေရေး၊ စာပေဖတ်ရှုခြင်းအားဖြင့် အတွေးအခေါ် ဗဟုသုတနှင့် အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်ရေးစသည့် ရည်ရွယ်ချက်များဖြင့် သန်လျင်မြို့နယ် Book Club အဖွဲ့၏ စာဖတ်ဝိုင်းပွဲကို ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီက ရန်ကုန်တောင်ပိုင်းခရိုင်ရုံးရှိ လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါ စာဖတ်ဝိုင်းဆွေးနွေးပွဲ၌ MCC (သန်လျင်) တာဝန်ခံ ဆရာဇာနည်တင်က စာဖတ်ဝိုင်းကို ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ကာ Book Club အဖွဲ့ဝင်များနှင့် တက်ရောက်လာကြသော မြို့နယ်စာရေးဆရာအသင်း၊ စာပေချစ်မြတ်နိုးသူများအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အရိပ်စစ်ပရဟိတအဖွဲ့၊ သဘာဝတရားရိပ်သာမှ ဆရာလေးများနှင့် ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက်တာဝန်ခံများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စာပေဝါသနာရှင်များက စာရေးဆရာ အောင်သင်း၏ "နှလုံးသားကို လေးပေါ်တင်၍ ပစ်သောအခါ" စာအုပ်ပါ အကြောင်းအရာများအား အပြန်အလှန်ဖတ်ရှု၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီလွင်က စာဖတ်ဝိုင်းကျင်းပရခြင်း အကျိုးကျေးဇူးများနှင့် စာဖတ်ဝိုင်းသို့ တက်ရောက်ဆွေးနွေးသူများနှင့် ဆွေးနွေးပွဲ တက်ရောက်သူများအား ကျေးဇူးတင်ဂုဏ်ပြုစကားပြောကြားခဲ့ကြောင်း သိရသည်။

**သက်နိုင် (သန်လျင်)**



## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ရေကြီးနစ်မြုပ်မှုအခြေအနေများ လိုက်လံကြည့်ရှု

**ထန်းတပင် စက်တင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် စစ်တောင်းမြစ်ရေနှင့် ဆွာချောင်းရေလျှောင်တမံ ရေပိုလွှဲပွဲ့ကျမှုကြောင့် ထန်းတပင်မြို့နယ်တွင် ရေကြီးနစ်မြုပ်မှုအခြေအနေကို တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၃၁ ရက်ညနေ ၄ နာရီက လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ထန်းတပင်မြို့နယ်အတွင်းရှိ ဆိတ်ကြီးတာ ရေကျော်သည့်နေရာတွင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုအဖွဲ့အစည်းများက မြေဖို့ခြင်းလုပ်ငန်းစုပေါင်းလုပ်ဆောင်နေမှုများကို သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ငူမြို့ ခပေါင်းခန်းမ၌ ဖွင့်လှစ်ထားရှိသော ခရိုင်ရေဘေးကယ်ဆယ်ရေးကွပ်ကဲမှုရုံးသို့သွားရောက်ပြီး ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းအလှူရှင်များက လာရောက်လှူဒါန်းမှုအခြေအနေ၊ စနစ်တကျထားသို ပြန်လည်ဖြန့်ဝေမှုအခြေအနေများကို ကြည့်ရှုပြီး ရေဘေးသင့်ပြည်သူများ၏ လက်ဝယ်သို့ ထောက်ပံ့ပစ္စည်းများ အမြန်ဆုံးရောက်ရှိအောင် ပြန်လည်ဖြန့်ဝေပေးရန် တာဝန်ရှိသူများကို မှာကြားကာ အမှတ် (၁၉) ရပ်ကွက် အ-ထ-က (၅)၊ အမှတ် (၂၀) ရပ်ကွက် အ-ထ-က (၄) ယာယီကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများနှင့် သွားရောက်တွေ့ဆုံပြီး ဆန်ရိက္ခာဖိုးငွေများနှင့် ထောက်ပံ့ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်တွင် ဆွာချောင်းတမံ ရေပိုလွှဲပွဲ့ကျမှု၊ စစ်တောင်းမြစ်ရေ မြင့်တက်လာမှုတို့ကြောင့် ရေတာရှည်၊ တောင်ငူ၊ အုတ်တွင်း၊ ကျောက်ကြီး၊ ရွှေကျင်နှင့် ထန်းတပင်မြို့နယ်တို့တွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်လျက်ရှိရာ ဩဂုတ် ၃၁ ရက်တွင် ထုတ်ပြန်ထားသောစာရင်းအရ ရေတာရှည်မြို့နယ်တွင် ကယ်ဆယ်ရေးစခန်း ၂၂ ခု၊ လူဦးရေ ၅၀၂၈ ဦး၊ တောင်ငူမြို့နယ်တွင် ကယ်ဆယ်ရေးစခန်း ၄၄ ခု၊ လူဦးရေ ၂၄၆၇၂ ဦး၊ အုတ်တွင်းမြို့နယ်တွင် ကယ်ဆယ်ရေးစခန်းခုနစ်ခု၊ လူဦးရေ ၁၄၆၀၊ ကျောက်ကြီးမြို့နယ်တွင် ကယ်ဆယ်ရေးစခန်း ၁၁ ခု၊ လူဦးရေ ၄၃၂ ဦး၊ ရွှေကျင်မြို့နယ်တွင် ကယ်ဆယ်ရေးစခန်းတစ်ခု လူဦးရေ ၄၁ ဦး စုစုပေါင်း ကယ်ဆယ်ရေးစခန်း ၈၅ ခု ဖွင့်လှစ်ထားရှိပြီး ရေဘေးသင့်ပြည်သူ ၃၁၆၃၃ ဦး နေထိုင်လျက်ရှိသည်။ ရေကြီးနစ်မြုပ်မှုကြောင့် အခြေခံပညာမူလတန်းကျောင်း ၂၆၉ ကျောင်း၊ အလယ်တန်းကျောင်း ၃၇ ကျောင်း၊ အထက်တန်းကျောင်း ၁၃ ကျောင်း စုစုပေါင်း ၃၁၉ ကျောင်း ခေတ္တပိတ်ထားရပြီး ပျောက်ဆုံးသူသုံးဦး၊ သေဆုံးသူလေးဦးရှိကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။


**တင်စိုး(ပဲခူး)**

**သစ်တောနှင့် သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး**













# အာဖရိက ထွန်းသစ်စ ဈေးကွက်နိုးထလာ

ကိုရင်ညြ

ဥရောပသမဂ္ဂ (အီးယူ) မှ ဗြိတိန်နိုင်ငံ နုတ်ထွက်ပြီးသောအခါ လစ်လပ်သွားသော စီးပွားရေးလေဟာနယ်ကို ဖြည့်တင်းနိုင်ရန်အတွက် ယခုပင် အာဖရိကတိုက်ဘက်သို့ ဦးလှည့်လိုက်သူမှာ ဝန်ကြီးချုပ် ထရီစာမေ ဖြစ်၏။ မေသည် ဝန်ကြီးချုပ်အဖြစ် အာဖရိကတိုက်သို့ ပထမဆုံးအကြိမ် ခရီးနှင်ခဲ့ရာတွင် ယင်းဒေသရှိ နိုင်ငံများ၌ ရင်းနှီးမြှုပ်နှံမှု အောတိုက်ပြုလုပ်မည့် အစီအစဉ်များကို ထုတ်ပြန်ကြေညာခဲ့၏။

ဗြိတိန်နိုင်ငံက အာဖရိကတိုက်၌ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရန် ရည်ရွယ်ခြင်းသည် အီးယူမှ သူ၏ နိုင်ငံ နုတ်ထွက်ပြီးချိန်နောက်ပိုင်း အကောင်အထည်ဖော်မည့် ရည်မှန်းချက်နှင့်အညီဖြစ်ကြောင်း ဝန်ကြီးချုပ်မေက ထုတ်ပြန်ကြေညာခဲ့သည်။

အာဖရိကတိုက်သို့ သွားရောက်သည့် သုံးရက်ကြာ ခရီးစဉ်၏ ပထမခရီးတစ်ထောက် ရပ်နားရာ နိုင်ငံအဖြစ် တောင်အာဖရိကနိုင်ငံသို့ ဩဂုတ် ၂၈ ရက်က ရောက်ရှိလာခဲ့သူ မေသည် ကိဗ်တောင်းမြို့၌ သမ္မတဆိုင်ရီးလ်ရာ မာဖိုဆာနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

## အလုပ်အကိုင်များ ဖန်တီး

အာဖရိက ဈေးကွက်များအား အကူအညီပေးနိုင်ရန် ပေါင်ငွေ လေးဘီလီယံ (ဒေါ်လာ ၅ ဒသမ ၁ ဘီလီယံ) ရင်းနှီးမြှုပ်နှံ ပါမည်ဟု ဝန်ကြီးချုပ် မေက ကိဗ်တောင်းမြို့၌ မိန့်ခွန်းပြောကြားရာတွင် ဖော်ညွှန်းခဲ့သည်။ အာဖရိကတိုက်ရှိ စီးပွားရေးထွန်းသစ်စနိုင်ငံများ၌ ဗြိတိန်နိုင်ငံ ရင်းနှီးမြှုပ်နှံခြင်းဖြင့် အလုပ်အကိုင် နေရာများ ဖန်တီးပေးနိုင်မည် ဆို၏။

လာမည့်နှစ်တွင် ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ခြင်းမရှိမီ အာဖရိကတိုက်သို့ သွားရောက်ခြင်းမှာ ကမ္ဘာ့နိုင်ငံများနှင့် မိတ်ဖက်ပြုဆောင်ရွက်ရေး ရည်မှန်းချက်ကို အခိုင်အမာ ပြသလိုက်ခြင်းဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ပေးခြင်းဖြင့် အာဖရိကနိုင်ငံများ၌ အလုပ်အကိုင်များ ဖန်တီးပေးနိုင်ကာ ဒေသဆိုင်ရာ တည်ငြိမ်မှုနှင့် လုံခြုံရေးတို့အတွက်လည်း အထောက်အကူဖြစ်စေမည်ဟု ဝန်ကြီးချုပ်မေက ဆိုသည်။

ကမ္ဘာပေါ်တွင် ဒုတိယမြောက် လူဦးရေအများဆုံးနေထိုင်ရာ ကုန်းမြေတိုက်ကြီးဖြစ်သော အာဖရိကတိုက်နှင့် ကုန်သွယ်ရေးဆက်ဆံမှုမြှင့်တင်ရေးမှာလည်း မိမိ၏ ရည်မှန်းချက်တစ်ရပ်ဖြစ်သည်ဟု မေက ထုတ်ဖော်ပြောဆိုခဲ့သည်။

အာဖရိကတိုက်၌ ဗြိတိန်နိုင်ငံက တိုက်ရိုက်ရင်းနှီးမြှုပ်နှံခြင်းသည် ယင်းဒေသ၌ ကာလတို ဆင်းရဲမွဲတေမှုလျှော့ချရေးအတွက် မဟုတ်မူ၍ ကာလရှည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်လာစေရန်သာဖြစ်ကြောင်း မေက သူ၏ မူဝါဒအရွေ့ကို ရှင်းပြသည်။

ဗြိတိန်နိုင်ငံသည် အာဖရိက နိုင်ငံများအား တန်းတူရည်တူရှိသော လုပ်ဖော်ကိုင်ဖက်နိုင်ငံများအဖြစ် သတ်မှတ်ထားကြောင်း၊ ဗြိတိန်ကုမ္ပဏီများသည် အာဖရိကအနောက်ပိုင်းရှိ နိုင်ငံများဖြစ်ကြသော အိုင်ဗရီကို့စ်နှင့် ဆီနီဂေါနိုင်ငံတို့ကဲ့သို့သော နိုင်ငံများနှင့် ကုန်သွယ်ရေးဆက်ဆံမှု မြှင့်တင်သွားမည်ဖြစ်ကြောင်း မေက ပြောကြားသည်။

## တီထွင်ဆန်းသစ်မှု

ဗြိတိန်နိုင်ငံသည် အာဖရိကတိုက်ရှိ လူငယ်အင်အားစု၏ တီထွင်ဆန်းသစ်မှုနှင့် တီထွင်ဖန်တီးနိုင်မှု စွမ်းပကားတို့ကို အသုံးချကာ ရင်းနှီးမြှုပ်နှံသွားမည်ဟု ဆိုသည်။

ဝန်ကြီးချုပ်မေသည် ကိဗ်တောင်းမြို့ရှိ အလယ်တန်းကျောင်းတစ်ကျောင်းသို့ သွားရောက်ပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံခဲ့သည်။ ဗြိတိန်နိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်များ၌ အာဖရိက ကျောင်းသား ကျောင်းသူများ ပညာရည်နို့သောက်စို့နိုင်စေရန် ပညာသင်ဆုများ ချီးမြှင့်ပေးမည်ဟု ဝန်ကြီးချုပ်မေက ထုတ်ဖော်ကြေညာခဲ့သည်။

ဗြိတိန်နိုင်ငံသည် ၂၀၂၂ ခုနှစ်ထက်နောက်မကျဘဲ စက်မှုဖွံ့ဖြိုးပြီး ခုနစ်နိုင်ငံအုပ်စု (ဂျီ-၇) ဝင် နိုင်ငံများအနက် အာဖရိကတိုက်၌ အများဆုံးရင်းနှီးမြှုပ်နှံမှု ပြုလုပ်ထားသော အမေရိကန်ပြည်ထောင်စု၏ နေရာကို လွှဲပြောင်းရယူသွားရန် ရည်မှန်းထားသည်။

ဗြိတိန်နိုင်ငံသည် ဥရောပသမဂ္ဂမှ နုတ်ထွက်သွားသည့်တိုင်အောင် အာဖရိကတိုက်ရှိ နိုင်ငံများနှင့် ရရှိထားပြီးဖြစ်သော စီးပွားရေးဆက်ဆံမှုများကို ဆက်လက်ထိန်းသိမ်းသွားမည်ဟု ဆိုသည်။ တောင်အာဖရိက အကောက်ခွန်သမဂ္ဂနှင့်လည်းကောင်း၊ မိုဇမ်ဘစ်နိုင်ငံနှင့်လည်းကောင်း စီးပွားရေးဆက်ဆံမှုများ ဆက်လက်ရှိနေမည်သာဖြစ်ကြောင်း ဝန်ကြီးချုပ် မေက ပြောကြားသည်။

အာဖရိကတိုက်၌ လာရောက်ရင်းနှီးမြှုပ်နှံနေသည့် တရုတ်နှင့် အမေရိကန်တို့ကဲ့သို့သော စီးပွားရေး အင်အားရှင်နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ယခုလောလောဆယ်တွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုနည်းပါးနေမည်ဖြစ်သော်လည်း ကာလရှည်တွင် အာဖရိကတိုက် နိုင်ငံများအတွက် အခွင့်အလမ်းသစ်များ ပေးစွမ်းနိုင်မည့် နိုင်ငံအဖြစ် ဗြိတိန် ရပ်တည်သွားမည်ဆို၏။

အာဖရိကတိုက်၌ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရာတွင် ယင်းဒေသ၌ လုံခြုံမှုတိုးတက်ကောင်းမွန်လာစေရေးအတွက်လည်း ဦးတည်ကြိုးပမ်းရန် လိုအပ်မည်ဖြစ်သည်။ အာဖရိကတိုက်ရှိ ချဒ်၊ မာလီနှင့် နိုင်ဂျာနိုင်ငံတို့ကဲ့သို့ နိုင်ငံများ၌ အစ္စလာမ့်အစွန်းရောက်ဝါဒီများ၏ ခြိမ်းခြောက်မှုများ ရှိနေခြင်းကြောင့် နိုင်ငံဖွံ့ဖြိုးရေးမှာ ထိခိုက်ရသည်။

## နိုင်ဂျီးရီးယားခရီးစဉ်

ဝန်ကြီးချုပ်မေသည် နိုင်ဂျီးရီးယားနိုင်ငံ အဘူဂျာမြို့သို့ ဩဂုတ် ၂၉ ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိလာခဲ့သည်။

ဝန်ကြီးချုပ်မေသည် နိုင်ဂျီးရီးယားသမ္မတ မူဟာမာဒူးဘူဟာရီနှင့် တံခါးပိတ်အစည်းအဝေးပြုလုပ်ခဲ့သည်။ ဗြိတိန်နှင့် နိုင်ဂျီးရီးယားခေါင်းဆောင်တို့သည် လုံခြုံရေးနှင့် ကုန်သွယ်ရေးဆက်ဆံမှုမြှင့်တင်ရေးနှင့်ပတ်သက်၍လည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် နိုင်ဂျီးရီးယားနိုင်ငံ၌ ရွေးကောက်ပွဲကျင်းပရေးနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

## ခေတ်သစ်ကျေးကျွန်စနစ်

ခေါင်းဆောင်နှစ်ဦး တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် ကုန်သွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

ဝန်ကြီးချုပ်မေသည် လေဂို့စ်ပြည်နယ်၏ မြို့တော် လေဂို့စ်မြို့သို့လည်းသွားရောက်ခဲ့ပြီး ခေတ်သစ်ကျေးကျွန်စနစ်၏ သားကောင်ဖြစ်ခဲ့သူများနှင့် တွေ့ဆုံနိုင်ရန် ပရဟိတ အဖွဲ့အစည်းတစ်ရပ်ဖြစ်သော ကယ်တင်ရေးတပ်ဦးသို့ သွားရောက်ခဲ့သည်။

ဗြိတိသျှလူမျိုး ရင်းနှီးမြှုပ်နှံသူများ လေဂို့စ်မြို့၌ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် လေဂို့စ်ပြည်နယ်အုပ်ချုပ်ရေးမှူး အမ်ဘောက တိုက်တွန်းပြောကြားခဲ့သည်။ လေဂို့စ်မြို့သည် နိုင်ဂျီးရီးယားနိုင်ငံရှိ ပြည်နယ်များအနက် လူဦးရေအများဆုံး ပြည်နယ်ဖြစ်သည်။ ကမ္ဘာပေါ်တွင် အလျင်မြန်ဆုံးနှုန်းဖြင့် ဖွံ့ဖြိုးစည်ပင်နေသော မြို့ကြီးများတွင် ယင်းမြို့ပါဝင်ပြီး အာဖရိကတိုက်၏ ဘဏ္ဍာရေး အချက်အချာတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

ဝန်ကြီးချုပ်မေသည် လေဂို့စ်မြို့၌ နိုင်ဂျီးရီးယားစီးပွားရေး အသိုက်အဝန်းနှင့် တွေ့ဆုံခဲ့ရာတွင် ယင်းနိုင်ငံ၏ ကုဋေကြွယ်သူဌေးကြီး သုံးဦးလည်း ပါဝင်ဆွေးနွေးခဲ့သည်။

ဝန်ကြီးချုပ်မေသည် ကင်ညာနိုင်ငံသို့ ဩဂုတ် ၃၀ ရက်တွင် ရောက်ရှိခဲ့သည်။

ဗြိတိသျှ ကိုလိုနီနယ်မြေဟောင်းဖြစ်သော ကင်ညာနိုင်ငံသည် ဗြိတိန်နိုင်ငံ၏ အရှေ့အာဖရိက မဟာမိတ်နိုင်ငံဖြစ်သည်။ ဗြိတိန်စစ်ဘက်သည် ကင်ညာတပ်ဖွဲ့ဝင်များအား စစ်ရေးလေ့ကျင့်ပေးမှုကို နှစ်ပေါင်းကြာရှည် ပြုလုပ်လာခဲ့သည်။

ဝန်ကြီးချုပ်မေသည် မြို့တော်နိုင်ရိုဘီရှိ ဗြိတိသျှတပ်ဖွဲ့ထံသို့ အလည်အပတ်သွားရောက်ခဲ့သည်။ အဆိုပါ ဗြိတိသျှတပ်ဖွဲ့သည် ဆိုမာလီနိုင်ငံ၌ အာဖရိကသမဂ္ဂ (အေယူ)က ဆောင်ရွက်နေသော ငြိမ်းချမ်းရေး ထိန်းသိမ်းမှုမစ်ရှင်လုပ်ငန်းအတွက် ဒေသဆိုင်ရာ တပ်ဖွဲ့ဝင်များကို လေ့ကျင့်ပေးလျက်ရှိသည်။ ဆိုမာလီနိုင်ငံ၌ အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွှယ်မှုရှိသော အယ်လ်ရှာဘတ်အစွန်းရောက်အဖွဲ့၏ ခြိမ်းခြောက်မှုရှိနေသည်။

အာဖရိကသမဂ္ဂ၏ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုမစ်ရှင် လုပ်ငန်းအတွက် အထောက်အပံ့ ပေးနိုင်ရန်လည်းကောင်း၊ မိုးခေါင်မှုဒဏ်ခံနေရသော အိမ်နီးချင်း ဆိုမာလီနိုင်ငံအတွက် ရန်ပုံငွေ ထောက်ပံ့ပေးရန် လည်းကောင်း ဝန်ကြီးချုပ်မေက ထုတ်ပြန်ကြေညာခဲ့သည်။

## ကုန်ထုတ်လုပ်မှု အခြေခံ

အာဖရိက တိုက်သည် သဘာဝသယံဇာတ အရင်းအမြစ် ပေါကြွယ်သော်လည်း ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်မှု နောက်အကျဆုံးဒေသအဖြစ် ရပ်တည်နေရဆဲဖြစ်သည်။ နည်းပညာဆိုင်ရာ အခြေခံ အဆောက်အအုံ ပြည့်စုံကုံလုံမှုမရှိခြင်း၊ ရာဇဝတ်ပြစ်မှု ထူပြောခြင်း၊ အဂတိလိုက်စားမှုများပြားခြင်း စသည့်အကြောင်းတရားများအရ နိုင်ငံတကာ ရင်းနှီး မြှုပ်နှံသူများသည် အာဖရိက ဈေးကွက်ကို အန္တရာယ်ရှိသော ဈေးကွက်အဖြစ် ယခင်က ရှုမြင်ခဲ့ကြသည်။

သို့ရာတွင် ယနေ့ကာလ၌ အာဖရိကတိုက်သည် စွန့်စားရင်းနှီးမြှုပ်နှံသူများအတွက် အန္တရာယ်နည်းပါးလာသော ဒေသအဖြစ် ရှုမြင်လာကြသည်။ ကမ္ဘာပေါ်တွင် အလျင်မြန်ဆုံးနှုန်းဖြင့် လူဦးရေတိုးပွားနေသော ဒေသဖြစ်သည်နှင့်အညီ ကုန်ထုတ်လုပ်မှု လုပ်ငန်းများအတွက် အခြေခံလူ့စွမ်းအား အရင်းအမြစ်ကို အလုံအလောက် ထောက်ပံ့ပေးနိုင်သည်။

တရုတ်၊ အိန္ဒိယ၊ ရုရှားနှင့် ဘရာဇီးနိုင်ငံတို့သည် အာဖရိကတိုက်နှင့် စီးပွားရေးဆက်ဆံမှု မြှင့်တင်လျက်ရှိနေချိန်တွင် ဗြိတိန်နိုင်ငံကလည်း ယင်းဒေသနှင့် စီးပွားရေးဆက်ဆံမှုတိုးမြှင့်နိုင်ရန် ကြိုးပမ်းလာပုံကို တွေးတောမိရင်း "အာဖရိက ထွန်းသစ်စ ဈေးကွက် နိုးထလာ" ဟု ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။



စီးပွားရေးထွန်းသစ်စ နိုင်ဂျီးရီးယားနိုင်ငံ လေဂို့စ်မြို့ကို တွေ့ရစဉ်။ ဓာတ်ပုံ- itedge news

*Ref:*
*Britain's Prime Minister Pledges $ 5.1 Billion In Investment In Africa (NPR)*

# ပျဉ်းမနားမြို့နယ်၌ တိရစ္ဆာန်မွေးမြူရေးအသိပညာပေးလုပ်ငန်းများ ဟောပြော

**နေပြည်တော် စက်တင်ဘာ ၁**

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်)မှ ကျေးရွာများသို့ ကွင်းဆင်း၍ တိရစ္ဆာန်မွေးမြူရေး အသိပညာပေးလုပ်ငန်းများကို ဩဂုတ် ၂၇ ရက်က ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာနှင့် တာတိုင်ကုန်းကျေးရွာတို့တွင် ကွင်းဆင်းဟောပြောခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများက ကျေးလက်နေပြည်သူများ၏ မွေးမြူရေးလုပ်ငန်းနှင့် မွေးမြူရေးမှူးများက ကျေးလက်နေပြည်သူများ၏ မွေးမြူရေးလုပ်ငန်းနှင့် မွေးမြူထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကူးစက်ရောဂါများ ကင်းရှင်းစေရန်နှင့် အိမ်ထောင်စုဝင်ငွေ တိုးတက်စေသည့် တိရစ္ဆာန်မွေးမြူနည်းစနစ်များ ဆောင်ရွက်တက်လာစေရေးအတွက် ကွင်းဆင်းအဖွဲ့များက ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**၁၀၇**

# မိုးညှင်းမြို့နယ်တွင် ပြစ်မှုကင်းဝေး စကားဝိုင်းပြုလုပ်

**မိုးညှင်း စက်တင်ဘာ ၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် တကွင်းကျေးရွာအုပ်စု သဲဂုဏ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက် ပုညဘိသန္ဒဓမ္မာရုံ၌ ဩဂုတ် ၃၀ ရက် မွန်းလွဲ ၁ နာရီက ဒေသခံများနှင့်တွေ့ဆုံ၍ ပြစ်မှုကင်းဝေး လူထုစကားဝိုင်း ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ လူထုစကားဝိုင်းကို ဟိုပင်နယ်မြေရဲစခန်းမှူး ရဲအုပ်ဗျက်ဆန်း ဦးစီးသည့် တပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါးကင်းစင်ရေးနှင့် သက်ငယ်မုဒိမ်းမှုလျှော့နည်းပပျောက်စေရန်ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

"ရွာလုံးကျွတ် မူးယစ်ဆေးဝါးကင်းစင်နယ်မြေဖြစ်စေရန် ပြည်သူအများက ဆန္ဒရှိပါတယ်။ ဒါကြောင့် ပြည်သူတွေအနေနဲ့ မူးယစ်ဆေးဝါး အမှန်တကယ် ကင်းစင်ပပျောက်ရေးအတွက် ဘယ်လိုပူးပေါင်းဆောင်ရွက် လုပ်ကိုင်မယ့်အကြောင်းတွေကို အစည်းအဝေး တက်ရောက်လာသူတွေနဲ့ အပြန်အလှန်ဆွေးနွေးကြတာပါ"ဟု ရဲအုပ်ဗျက်ဆန်းက ပြောကြားသည်။

ရှာဖွေဖမ်းဆီးပေးနေသည့်သူများကို အန္တရာယ်မဖြစ်စေရန်နဲ့ ပြည်သူများနားလည် သဘောပေါက်စေရန်အတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အတွင်းရေးမှူး ဦးစိန်ဖေက မေးမြန်းခဲ့သည်။

ဆက်လက်ပြီး သက်ငယ်မုဒိမ်းမှုတားဆီးကာကွယ်ရေးအကြောင်း ဆွေးနွေးရာတွင် တက်ရောက်လာသည့် အမျိုးသမီးများက သိရှိလိုသည်များ မေးမြန်းရာ ရဲအုပ်ဗျက်ဆန်းက ရှင်းလင်းဖြေကြားပြီး ဒေသခံများအား ပြန်လည်ဆန်းစစ်မေးမြန်းရာတွင် မှန်ကန်စွာဖြေကြားနိုင်သူများအား ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**နီတိုး(မိုးညှင်း)**

# လားရှိုးမြို့တွင် ငွေကျပ်သိန်းနှစ်ရာကျော်တန်ဖိုးရှိစားသောက်ကုန်ပစ္စည်းများ ဖျက်ဆီး

**လားရှိုး စက်တင်ဘာ ၁**

ရေပူအကောက်ခွန် စစ်ဆေးရေးစခန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးအောင်ခိုင်နှင့် ဌာနဆိုင်ရာများ၊ စားသုံးသူရေးရာ ဦးစီးဌာနမှ တာဝန်ရှိသူများက လားရှိုးမြို့ အကောက်ခွန်ဦးစီးဌာနဝင်းအတွင်း ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက ငွေကျပ် ၂၃၁၉၇၅၀၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများအား ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။



"ရေပူအကောက်ခွန်စစ်ဆေးရေးစခန်းက ယခုနှစ် ဇွန်နှင့် ဇူလိုင်လအတွင်း အမှုပေါင်း ၂၄ မှု ဖြစ်ပေါ်ခဲ့ရာ တရုတ်နိုင်ငံဘက်မှ တရားမဝင်တင်သွင်းလာသည့် ဘီယာ၊ မုန့်နှင့် မုန့်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများ၊ ရေခဲမုန့်ပြုလုပ်သည့် ပစ္စည်းများ၊ စားသုံးဆီ၊ နို့မှုန့်၊ လက်ဖက်ခြောက်တို့အပြင် အခြား စားသောက်ကုန်ပစ္စည်းများ ပါဝင်ပါတယ်" ဟု လားရှိုးမြို့ အကောက်ခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းသူက ပြောသည်။

**အောင်မင်း**



ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ၁၄ ရပ်ကွက် သစ္စာလမ်း၌ ဩဂုတ် ၂၈ ရက်တွင် ရန်ကင်းမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးစိုးလှိုင်ဦး ဦးစီးသောအဖွဲ့ တိုင်းဒေသကြီး မှုခင်းပညာပေးယာဉ်ဖြင့် ပြည်သူ ၁၅၀ ခန့်အား ပညာပေးဟောပြောပြသစဉ်။

**ကိုရဲ**

# ရထားလမ်းကူးများတွင် ယာဉ်မတော်တဆမှုမဖြစ်ပွားစေရေး ပညာပေးဟောပြော

**မော်လမြိုင် စက်တင်ဘာ ၁**

မြန်မာ့မီးရထားဌာနမှ တရားဝင် ရထားလမ်းကူးများ၊ တရားမဝင် ရထားလမ်းကူးများ၌ ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရေးအတွက် ဩဂုတ် ၃၁ ရက် နံနက် ၈ နာရီက ပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

ရထားလမ်းကူးများ၌ ရထားနှင့် ကား၊ ဆိုင်ကယ်တို့ မကြာခဏတိုက်မိမှုဖြစ်ပွားပြီး သေဆုံး၊ ဒဏ်ရာရရှိသူများ ရှိနေသောကြောင့် အမှတ် (၈)တိုင်း မော်လမြိုင်ဘူတာကြီးမှ မန်နေဂျာ(သွားလာရေး) ဦးမျိုးတင့်၊ တပ်ခွဲ (၁၅) ရထားရဲတပ်ဖွဲ့မှ စခန်းမှူးရဲအုပ် အောင်မြင့်ဇော်၊ အငယ်တန်းအင်ဂျင်နီယာ (၁)သံလမ်း ဦးမင်းသိန်းနှင့် ဝန်ထမ်းများက RGC-102 ရထားဖြင့် မော်လမြိုင်ဘူတာမှ သိမ်ဇရပ်ဘူတာထိ တရားဝင်ရထားလမ်းကူးများ၊ တရားမဝင်ရထားလမ်းကူးများ၌ ရထားနှင့် ကား၊ ဆိုင်ကယ်များ တိုက်မှုမဖြစ်ပွားစေရေးအတွက် ပညာပေးဟောပြောကြပြီး ခရီးသွားပြည်သူများကိုလည်း လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြသည်။

**ကိုထွဋ် (မော်လမြိုင်)**

## မှုခင်းသတင်းတို

# ပေါက်မြို့၌ ဆိုင်ကယ်နှင့် ကားမျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွား

**ပေါက် စက်တင်ဘာ ၁**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ပေါက်-ပခုက္ကူ ကားလမ်းဆင်ဇာတံတားမိုင်တိုင်အမှတ်-၄၆/၆နှင့် ၄၆/၇ ကြားတွင် ဩဂုတ် ၃၁ ရက် ည ၁၂ နာရီ၄၅မိနစ်က ဆိုင်ကယ်နှင့်ကားမျက်နှာချင်းဆိုင်တိုက်မိရာ ဆိုင်ကယ်မောင်းသူမှာဒဏ်ရာများရရှိ၍ ပေါက်မြို့နယ် ပြည်သူ့ဆေးရုံသို့(မစိုးရိမ်ရ) ပို့ဆောင်ခဲ့ရကြောင်း၊ သတင်းအရ ပေါက်မြို့မရဲစခန်းမှ ဒုရဲအုပ်ဥမ္မာစိုးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ပေါက်မြို့ အောင်တံခွန်ရပ်ကွက်နေ အောင်ဆန်းလင်း (၃၅)နှစ် မောင်းနှင်လာသော 7A/---- ကင်တာအဖြူရောင်ယာဉ်အား ပေါက်မြို့ အောင်တံခွန်ရပ်ကွက်နေ ကျော်လေးမောင်းနှင်လာသော 125 ဖြူပြာကျား ဆိုင်ကယ်က အရှိန်မထိန်းနိုင်၍ တစ်ဖက်ယာဉ်ကြောရှိ မော်တော်ယာဉ်အား ဝင်ရောက်တိုက်မိခဲ့ရာ ဒဏ်ရာများရရှိခဲ့ပြီး ဆိုင်ကယ်အား မဆင်မခြင်မောင်းနှင်သူ ကျော်လေးအား ပေါက်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ညဏ်တိုး**

# ဆင်သတ်ရာတွင်အသုံးပြုသော သေနတ်နှင့် ဆက်စပ်ပစ္စည်းများတွေ့ရှိ

**ပုတော စက်တင်ဘာ ၁**

တောဆင်ရိုင်းများ ကာကွယ်စောင့်ရှောက်ရေး အခြေစိုက်စခန်း အမှတ် (၂) သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှ ဒုရဲမှူးထွန်းထွန်းဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ငရုတ်ကောင်းနယ်မြေစခန်းမှူး ရဲအုပ်ဝင်းဇော်အောင် ဦးစီးသောအဖွဲ့ဝင်များ၊ အခြားပူးပေါင်းအဖွဲ့များနှင့်အတူ ငပုတောမြို့နယ် သစ်တောကြိုးဝိုင်းများအတွင်း တောဆင်ရိုင်းများ သတ်ဖြတ်ခံရခြင်းမှ ကာကွယ်စောင့်ရှောက်ရန် ဩဂုတ် ၃၀ ရက် ညနေပိုင်းကလှည့်ကင်းဆောင်ရွက်စဉ် မြစ်တစ်ရာသစ်တောကြိုးဝိုင်းအကွက်အမှတ် (၂၁၃)၊ ငရုတ်ကောင်းတောင်ကျေးရွာ၏ အနောက်ဘက် ငါးမိုင်ခန့်အကွာ ကသ္တစ်တောင်၌ နယ်မြေရှင်းလင်း ဆောင်ရွက်စဉ် ချုံပုတ်အတွင်း ဆင်သတ်ရာတွင်အသုံးပြုသော တူမီးသေနတ် တစ်လက်နှင့်အတူ ဆက်စပ်ပစ္စည်းများအား ပိုင်ရှင်မဲ့တွေ့ရှိခဲ့သဖြင့် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးမိတ်ဆွေများအဖွဲ့(ဆင်ချစ်သူများအဖွဲ့)တာဝန်ခံ ဦးစိုင်းဇော်ဦးက သက်သေများနှင့်အတူ အပ်နှံခဲ့ရာ ရဲမှူးထွန်းထွန်းဝင်းက သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

# မိုးညှင်းမြို့နယ်၌ ဘိန်းဖြူ ၂၆ ဂရမ်ကျော် သိမ်းဆည်းရမိ

**မိုးညှင်း စက်တင်ဘာ ၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ သုသာန်အနီး မော်ဟန်-နမ္မချီမော်သွားလမ်း၌ ဩဂုတ် ၃၀ ရက် ညနေ ၆ နာရီ ၁၀ မိနစ်က မိုးညှင်းခရိုင်မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ ရဲအုပ်စိုးဝင်း ဦးစီးတပ်ဖွဲ့ဝင်များ၊ မော်ဟန်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ၊ သက်သေများနှင့်အတူ နမ္မချီမော်ဘက်မှ မော်ဟန်ကျေးရွာဘက်သို့ မိုးညှင်းမြို့နယ် အင်းကုန်းကျေးရွာအုပ်စု ဘုံချောင်းကျေးရွာနေ ဝင်းထွန်း ၄၀နှစ် မောင်းနှင်ပြီး တစ်ရွာတည်းနေ မအိသန္တာထွန်း ၂၅ နှစ် စီးနင်းလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား သတင်းအရ ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ ကြွပ်ကြွပ်အိတ်အနက်အတွင်း မူးယစ်ဆေးဝါးဖြူ ဝါရောင်အမှုန့် ၂၀ ဂရမ်ခန့်နှင့်အတူ ပလတ်စတစ်ဘူးကြီး သုံးဘူး၊ ဘူးအသေးတစ်ဘူးအတွင်းမှ ဘိန်းဖြူအလေးချိန် ၆ ဒသမ ၃ ဂရမ် စုစုပေါင်း ၂၆ ဒသမ ၃ ဂရမ်တို့အား တွေ့ရှိသောကြောင့် မူးယစ်ဆေးဝါး သယ်ဆောင်လာသူ ဝင်းထွန်းနှင့် မအိသန္တာထွန်းတို့နှစ်ဦးအား မိုးညှင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နီတိုး(မိုးညှင်း)**

# ထီးချိုင့်၌ အမျိုးသမီးတစ်ဦး မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းမိ

**မုံရွာ စက်တင်ဘာ ၁**

ထီးချိုင့် မြို့မရဲစခန်း မူးယစ်အထူးအဖွဲ့ငယ်မှ ဒုရဲအုပ် ရန်အောင်ဖြိုး၊ ကမ်းနီရဲကင်းစခန်းမှူး ရဲအုပ်သိန်းဇော်နှင့်အဖွဲ့၊ ထီးချိုင့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သတင်းအရ ဩဂုတ် ၃၀ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ထီးချိုင့်မြို့နယ် ကြို့ကုန်းကျေးရွာနေ မမိမာ(ခ)မနှင်းမာ ၃၉ နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ နေအိမ်အိပ်ခန်းအတွင်း သံသေတ္တာအနောက်မှ ကြွပ်ကြွပ်အိတ် အမည်းအတွင်း စက္ကူဖြင့်ပတ်လျက် စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၁၇၈၀ တန်ဖိုးကျပ် ၈၉၀၀၀၀ ခန့်အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးလက်ဝယ်ထားရှိသူ မမိမာ (ခ)မနှင်းမာအား ထီးချိုင့်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော် (မလှိုင်)**

# ဇေယျာသီရိမြို့နယ်တွင် လောင်းကစားဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် မအူတောကျေးရွာနေ မခိုင်သင်းကြည်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ချဲထီလောင်းကစားပြုလုပ်ရာတွင်အသုံးပြုသော လောင်းကစားဆက်စပ်ပစ္စည်းများနှင့် ငွေကျပ် ၈၆၄၀၀ တို့အား ရှာဖွေတွေ့ရှိသဖြင့် မခိုင်သင်းကြည်အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခွန်းဆက်နေ**

**အ-ထ-က (၃)၊ ပန်းဘဲတန်း (ရန်ကုန်)**
**အသက် (၆၀) ပြည့် အငြိမ်းစား ဆရာ ဆရာမများအား**
**(ပဥ္စမအကြိမ်) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း (အောက်လမ်း)တွင် တည်ရှိသော အ-ထ-က (၃)၊ ပန်းဘဲတန်း ကျောင်းသား/ကျောင်းသူဟောင်းများ၏ (ပဥ္စမအကြိမ်) မြောက် မြတ်ဆရာပူဇော်ပွဲကို ၉-၉-၂၀၁၈ (တနင်္ဂနွေ) နေ့တွင် CENTRAL HOTEL ၌ မွန်းလွဲ (၂) နာရီ မှ (၅) နာရီ အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက် ချီးမြှင့်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**မိတ်ဆွေသူငယ်ချင်းများ ဆရာသူငယ်ချင်းများ အားလုံးတက်ရောက်ပေးကြပါရန်။**

09-450051941, 09-5098518, 09-5102998, 09-428626763, 09-443098208
09-31958830, 09-73156110, 09-420020271, 09-795419771, 09-5124498

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ စစ်ကဲကုန်ရပ်ကွက်၊ အမှတ်(၄)၊ ကမ်းနားလမ်းနေ ဦးမြတ်ထွန်း(ခ) အစ်ဘာ[၁၀/မလမ(နိုင်) ၁၁၀၆၀၂] ကိုင်ဆောင်သူမှာတစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမြတ်ထွန်း(ခ)အစ်ဘာ**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ကိုဇင်မျိုးထိုက်[၁၂/သကတ(နိုင်)၁၇၄၇၂၆] ခရီးသွားရင်း Passport(မမှတ်မိ) ပျောက်ဆုံးသွားပါသည်။ တွေ့ရှိပါက ဆက်သွယ်ပေးကြပါ။ ကျေးဇူးဆပ်ပါမည်။

**ဖုန်း-၀၉၇၉၅၈၉၁၃၉၀**

**အမည်မှန်**

မာန်အောင်မြို့၊ အထက(ခွဲ) ဈေးတန်းကျောင်း၊ ပဉ္စမတန်း (B)မှ မအေးအိအိစံ၏ အမည်မှန်မှာ မနှင်းအိအိစံဖြစ်ပါသည်။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အထက(၆) ဗိုလ်တထောင်၊ အဌမတန်း(ဂ)မှ မောင်လမင်းအောင်၏ဖခင် ဦးမြတ်ထွန်း(ခ)အစ်ဘာ[၁၀/မလမ(နိုင်) ၁၁၀၆၀၂]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမြတ်ထွန်း(ခ)အစ်ဘာ**

**ထိပ်တန်း**
**အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း**
**မြို့တွင်း / နယ်ဝေး**
**09-254256969**
**09-971322259**

**ပျောက်ဆုံးကြောင်း**

ကျွန်တော်မောင်စည်သူအောင် CDC အမှတ်(၆၈၆၄၅)၏ ကျွမ်းကျင်မှုလက်မှတ်အမှတ် (BST-35319/09)သည် July လအတွင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၄၄၅၄၆၈၆**

**အိမ်နှင့်မြေရောင်းမည်**

မှော်ဘီမြို့နယ်၊ ဘွက်ကြီးအုပ်စု၊ ရဲစုရပ်ကွက်၊ ဖွံ့ဖြိုးရေးလမ်းသွယ်(၁) ထောက်ကြံ့လမ်းဆုံ အနီး ပေအကျယ်(၁၅×၄၀)ရှိ ရေမီးစုံ အရှုပ်အရှင်းမရှိ၊ အကျိုးဆောင်လို ဝိ/-နှုန်း

**ဖုန်း - ၀၉-၇၃၁၁၇၀၁၅၊ (၁၈၅)သိန်းကျပ်**

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

HYUNDAI PORTER II Box 2009(အဖြူ) 7I / YGN (1ton)

RAV4J, 2004,SLIVER 2.0,4K/RGN

ညှိနှိုင်းဈေးဖြင့်ရောင်းမည်။

**ဖုန်း-၀၉-၅၁၁၂၉၃၉၊ ၀၉-၇၆၇၉၂၇၈၂၆**







Fashion Shop, Jewellery Shop & Snack Shop
Show Room : Tower (A),Unit-1B,Royal Sin Min Condo,Corner Of Strand Rd & Ahlone St,Ahlone Twp,Yangon.

## စမော်လမြိုင်မြို့ ၊ ဆံတော်ရှင် ကျိုက်သုတ်စေတီတော်

## ဆေးပဋ္ဌာန်းပူဇော်ပွဲ နှိုးဆော်စာ

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၏ ကျက်သရေဆောင်၊ ဆံတော်ရှင်ကျိုက်သုတ်စေတီတော်မြတ်ကြီးတွင် အစဉ်အလာမပျက် လွန်ခဲ့သောနှစ်ပေါင်းတစ်ရာကျော်မှစ၍ "ဆေးပဋ္ဌာန်းပူဇော်ပွဲ"ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

ယခုနှစ်တွင် "(၁၃၃) ကြိမ်မြောက် ဆေးပဋ္ဌာန်းပူဇော်ပွဲ" ကို မွန်ပြည်နယ် နှင့် ကရင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း (၁၂၀) ကို လာမည့် ၁၃၈၀ ခုနှစ်၊ ဝါခေါင်လကွယ်နေ့ (၉-၉-၂၀၁၈) (တနင်္ဂနွေနေ့) မွန်းတည့် (၁၂:၀၀) နာရီတွင် ကျိုက်သုတ်စေတီတော်ပေါ်ရှိ၍ ကျန်းမာရေးအတွက် တိုင်းရင်းဆေးများ ၊ နိုင်ငံခြားဆေးများဖြင့် "အာသုဒါန ဆေးအလှူတော်မင်္ဂလာ ဆေးပဋ္ဌာန်းပူဇော်ပွဲကြီး" ကို ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

"သက်ရှည်ကျန်းမာ ဘေးရန်ကွာ၊ ချမ်းသာဆင်းလှ ၊ ဖြစ်ရရလျက် ၊ ဝေလအားသည်း ပညာကြီး၍ ပစ္စည်းနိုင်မြ ၊ မကွဲချစ်သူ ကျိုးဆယ်ဆူမှာ ဆေးလှူသူတို့ရ ဖြိုတည်း"

ဟူသော အကျိုးငှာ စေတနာရှင် သဒ္ဓါကြည်လင် ပါရမီရှင်များသည် ဆေးနှင့် အလှူငွေများကို သဒ္ဓါတရားယောက်သန်စွာ လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

ငါဘုရားကို ချစ်ကြည်ညိုမှု ၊ ငါ့အတူညီမှု ဂိလာနကို မေတ္တာပို၍ ရှိခသလေးမြတ်လုပ်ကျွေးအပ်ပါ၏။

ဆက်သွယ်လှူဒါန်းနိုင်သော လိပ်စာများ

မော်လမြိုင်မြို့ - ကျိုက်သုတ်စေတီတော်ဂေါပကအဖွဲ့ ၊ ၀၅၇- ၂၄၆၉၀
- ဦးအုန်း ၊ ၀၉- ၂၅၅၃၂၂၅၃၃
- အတွင်းရေးမှူး ၊ ၀၉-၄၅၅၁၀၀၀၄၅
- ဘဏ္ဍာရေးမှူး ၊ ၀၉-၄၃၀၀၀၄၆၆၈

ရန်ကုန် - မော်လမြိုင်အသင်း ၊ ရွှေတိဂုံဘုရားအနောက်အက်မောင်းတန်း
အောက်ပစ္စယ် ၊ ရန်ကုန်မြို့ ။ ဖုန်း ၀၁-၇၃၅၃၂၃ ၊ ၀၉-၂၅၃၃၃၀၄၈၄၀
ဒေါက်တာသိန်းယာဉ်ဦး ၊ တိုက် (၁၂) ၊ (၁၄၅)လမ်း၊ တာမွေ၊ ရန်ကုန်။
ဖုန်း ၀၉-၅၃၂၀၁၂၆ ၊ ၀၉-၂၅၅၈၈၈၀၇။
ဒေါ်လေးခွယ်တင့် ၊ မန်နေကျာ ၊ ဘလွှောစကာကျ်ဒွဲ (၃) ၊ မော်လမြိုင် ။
ဖုန်း ၀၅၇-၂၃၃၃၀ ၊ ၂၃၃၃၃ ၊ ၂၃၃၃၄ ၊ ၀၉-၂၅၅၉၁၅၅၉၀၁၈







ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၁၈) ကြိမ်မြောက် ထီပေါက်စဉ် ၂၀၁၈ ခုနှစ် ၊ စက်တင်ဘာလ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ဟ - ၉၉၃၈၄၀

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀၀)ဆုများ

ဋ - ၆၈၃၂၁၂ သ - ၇၇၈၁၉၂

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၃၀၀၀)ဆုများ

ပ - ၂၁၃၄၈၀ ယ - ၈၆၉၁၈၂

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀၀)ဆုများ

ထ - ၄၂၃၇၈၃ ဗ - ၅၇၀၂၉၃ သ - ၉၆၅၃၉၁

ကဆ - ၄၆၈၇၈၂ ခ - ၆၅၂၉၀၁

## ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀၀)ဆုများ

လ - ၁၃၆၀၆၁
ကဈ - ၃၀၁၂၃၉
က - ၃၆၃၂၃၇
ဈ - ၃၉၁၃၅၃
ကင - ၄၁၁၁၁၆
ဒ - ၅၁၅၉၅၈
ဋ - ၈၃၀၅၁၁
ကစ - ၈၉၅၈၁၇
ကခ - ၉၁၄၆၂၁
ဂ - ၉၃၇၃၈၉
စ - ၉၈၅၃၂၉

## ဆုတစ်ဆုချင်း ကျပ်သိန်း(၃၀၀)ဆုများ

ခ - ၁၂၂၄၈၂
ဗ - ၂၇၉၄၃၅
ထ - ၃၅၈၀၇၃
ဈ - ၄၁၀၇၀၃
ကဃ - ၄၂၃၅၆၁
ကဆ - ၄၆၂၄၇၄
ယ - ၇၃၈၃၁၄
ရ - ၇၄၀၂၂၉
န - ၈၂၉၂၆၂
လ - ၈၆၀၁၁၇
ဟ - ၉၆၈၃၇၆

## ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆုများ

ကဋ - ၁၀၉၈၄၇
ကဆ - ၁၅၈၀၆၇
ည - ၁၉၃၃၄၈
ပ - ၃၆၂၂၆၆
ယ - ၄၃၂၆၂၇
ဗ - ၄၇၀၅၃၁
ဋ - ၅၁၇၆၀၆
ကဍ - ၅၇၄၃၁၂
ကည - ၅၇၅၆၂၈
ဈ - ၇၉၈၃၀၄
မ - ၈၂၃၀၄၅
ပ - ၈၂၃၁၁၅
ကခ - ၈၄၉၂၄၀
ဇ - ၉၄၉၄၁၈

## ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

ခ - ၁၀၃၁၃၃ ဈ - ၆၇၆၃၉၁
အ - ၁၈၆၅၅၁ ကဈ - ၆၉၀၉၇၆
ခ - ၁၈၇၆၂၈ စ - ၇၀၇၃၃၉
ကဋ - ၂၃၁၅၈၆ က - ၇၈၅၆၈၅
စ - ၅၂၆၆၃၆ ကခ - ၈၀၀၁၆၆
ဖ - ၅၅၃၉၄၂ ဖ - ၉၁၁၄၆၆
ဒ - ၅၉၅၇၈၅ ကစ - ၉၅၅၇၆၇
ဇ - ၆၅၁၆၀၄

## ဆုတစ်ဆုချင်း ကျပ်သိန်း(၃၀)ဆုများ

ဇ - ၁၂၃၀၉၄ ည - ၅၄၉၅၆၃
ပ - ၂၁၄၃၀၈ ဍ - ၇၂၇၅၃၈
လ - ၂၄၀၆၃၀ ယ - ၇၉၅၂၇၉
ခ - ၂၄၃၄၇၈ တ - ၈၁၃၇၄၂
ဏ - ၂၆၂၅၉၄ ဗ - ၉၀၅၅၂၈
ကခ - ၄၅၇၄၇၂ ကစ - ၉၃၇၃၉၉
ဋ - ၄၇၅၀၂၃ ကင - ၉၆၉၁၄၅
ဖ - ၅၁၇၄၀၀ င - ၉၇၁၃၀၄

## ကျပ်(၁၀)သိန်းဆုများ

[illegible]

## ဆုမဲနှိုက်

### ကျပ်(၃)သိန်းဆုများ

[illegible]

### ကျပ်(၂)သိန်းဆုများ

[illegible]

### ကျပ်(၁)သိန်းဆုများ

[illegible]

### ကျပ်(၅)သောင်းဆုများ

[illegible]

[illegible]

www.irdmyanmar.gov.mm

[illegible]

## TRADEMARK CAUTIONARY NOTICE

GAKKEN HOLDINGS CO.,LTD. a company organized under the laws of Japan and having its principal office at 2-11-8, Nishi-Gotanda Shinagawa-ku, Tokyo, Japan is the owner and proprietor of the following Trademark:-

Myanmar Registration Number. 4/10456/2015

Used in respect of :-

Class 16

(1) Printed matter, (2) Magazines [periodicals], (3) Books, (4) Printed guides, (5) Exercises books, (6) Stationery, (7) Teaching materials (except apparatus), (8) Cards [Stationery].

Class 28

(1) Toys, (2) Dolls, (3) Games and playthings, (4) Parlor games, (5) Puzzles, (6) Playing cards, (7) Gymnastic and sporting articles not included in other classes, (8) Balls for games, (9) Educational toys, (10) Scientific experimental toy kits in the fields of electricity, electronics, radio, physics, solar energy and music for children and adults, (11) Rehabilitation apparatus (Body -), (12) Machines for physical exercises, (13) Archery implements, (14) Pools (Swimming -) [play articles], (15) Gloves for games, (16) Roller skates, (17) Ornaments for Christmas trees, except illumination articles and confectionery, (18) Fishing tackle, (19) Consumer games (apparatus for-) adapted for use with an external display screen or monitor.

Class 41

(1) Educational and instruction services relating to arts, crafts, sports or general knowledge, (2) Arranging, conducting and organization of seminars, (3) Educational examination services, (4) Tutoring at cram schools, (5) Preparatory schools, (6) Publication of books, (7) Production of educational video tapes, (8) Educational consultancy services, (9) Production of Educational radio and television programs, (10) Correspondence courses.

Any unauthorized use, imitation, infringements or fraudulent intentions of the above mark will be dealt with according to law.

**Gakken Ace Education Co., Ltd**
Ph: 09-424264643
E-mail : yas.yamamoto@gakken.co.jp (Mr.Yasuto Yamamoto)
(For: GAKKEN HOLDINGS CO.,LTD., JAPAN)

**Gakken Classroom**

## စစ်ကိုင်းတောင်ရိုး(ဝါးချက်) ဗီဗီတဒါနသံဃာ့ဆေးရုံ မျက်စိရောဂါကုသရေး အထူးအစီအစဉ်(၁၂/၂၀၁၈)

စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး(ဝါးချက်) ဗီဗီတဒါနသံဃာ့ဆေးရုံကြီးတွင် ပြင်သစ်နိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီးအဖွဲ့၊ မြန်မာမျက်စိအထူးကု ဆရာဝန်ကြီးများအဖွဲ့နှင့် ဆေးရုံဝန်ထမ်းများ ပူးပေါင်း၍ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၆ ရက်မှ ၂၀ ရက်အထိ မျက်စိရေတိမ်၊ အတွင်းတိမ်၊ မျက်စိအမြင်လွှာ (Retina)ရောဂါ၊ (မျက်လုံးရှေ့ခန်း၊ နောက်ခန်း) မျက်စိရောဂါ ဝေဒနာရှင်များကို စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေးပါမည်။

ဆေးရုံ၏ မျက်စိလက်ထောက် ဝန်ထမ်းများမှ နေ့စဉ်(နံနက် ၈ နာရီမှ ၁၂ နာရီ၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ) ကြိုတင်စမ်းသပ်၊ စစ်ဆေးပေးပြီး မျက်စိအထူးကုဆရာဝန်ကြီးများနှင့် စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ် ကုသနိုင်ရန် ရက်ချိန်း ပေးပါမည်။

(မိမိတို့၏ ဆေးမှတ်တမ်းများနှင့် ယခုသောက်နေသော ဆေးများ ရှိပါက ယူဆောင်လာခဲ့ပါ)

ဆေးရုံ ဖုန်း ၀၉- ၉၁၀၄၃၇၇၇၊ ၀၉- ၄၅၀၂၀၀၇၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း နိုင်ပါသည်။

ဆေးရုံကြီးကြပ်ထောက်ပံ့ရေးအဖွဲ့



တိုက်ခန်းသစ်ရောင်းရန်

၁။ သုမန(၂)လမ်း၊ ၁၆/၄ သုဝဏ္ဏ (18'x54')ပထပ်+ဒုထပ်(ပြင်ပြီး)

၂။ သုတလမ်းမ၊ ၄ရပ်ကွက်၊ တောင်ဥက္ကလာ၊ (18'x54')ပထပ်+ဒုထပ် (ပြင်ပြီး)

Ph: 09-252226848, 09-790888090, 09-73096497

**GW** 0973226006 0973133528 0973077569

အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ် အိမ်ပြောင်း ကားငှားနိုင်သည်။

09401505559

### သုတန္ဓေး

အဆင့်မြင့် ခရီးသွားလုပ်ငန်း(၆၆)ကြိမ်မြောက် အဘ အောင်မင်းခေါင်ထွက်ပွဲ၊ ပုဂံ၊ ညောင်ဦး၊ ပုပ္ပား၊ စွယ်တော်လေးဆူ ပုဂံဘုရားစုံဖူးခရီးစဉ် နေ/စား(ငြိမ်း)(၂)ည(၃)ရက်၁၀ဦး(၁)ဦး အခမဲ့ sep.24 စွယ်တော်လေးဆူ ဆွမ်းတော်ပွဲ၊ စက်လှေခါ၊ တောင်တက်ခါ၊ ဝန်ဆောင်ခများ အားလုံးအပြီးအစီးဖြစ်ပါသည်။ (၆၀၀၀၀/-)

ဖုန်း-၀၉-၇၇၂၉၁၇၇၈၈၊ ၀၉-၇၈၁၁၃၇၈၅၉၊ ၀၉-၇၆၃၇၈၃၀၂၃









**ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၏ နှစ်စဉ်ကျင်းပမြဲ(၁၆)ကြိမ်မြောက်ဝါတွင်း ရက်(၁၀၀)အထူးတရားစခန်းပွဲကြီး**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်(၉)ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၌ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ဥပနိဿယကိုခံယူလျှက်ဆရာတော် "ရှင်ပုညာနန္ဒ"၏ ဥာဏ်မိုးသမ္မာတောကြားတော်မူခဲ့သောနှာဥာဏ်ရောက်သစ္စာဆိုက်တရားတော်များ၊ အလုပ်ပေးတရားတော်များနှင့်တကွနယ်လှည့်ဓမ္မကထိကဆရာတော်ကြီးများ ဟောကြားတော်မူသောသစ္စာတရားတော်များကို နာယူမှတ်သားကာဝိပဿနာ တရားများရက်ရှည်ကျင့်ကြံပွားများအားထုတ်နိုင်ရန်အတွက်ဘုန်းဘုန်းကြီးဘဒ္ဒန္တဝိစာရ မှ(၁၃-၇-၂၀၁၈)မှ(၂၆-၁၀-၂၀၁၈)နေ့အထိကျင်းပကုသိုလ်ပြုသွားမည်ဖြစ်ရာမိမိ တို့စွမ်းနိုင်သမျှကျန်ရှိသောရက်များတွင်ကျင့်ကြံအားထုတ်လိုသောသူတော်စင်ယောဂီ များလိုအပ်သောအချက်အလက်စုံလင်စွာဖြင့်မိမိတို့ဝင်ရောက်အားထုတ်လိုသောရက် ပေါ်တိုင်မီဆက်လက်၍ကြိုတင်စာရင်းသွင်းနိုင်ကြပါသည်(ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၈၀၇ ၅၄၄၊၀၉-၅၀၁၃၂၉၄၊၀၉-၄၂၆၁၁၇၀၀၀၊၀၉-၅၀၇၉၉၇၀သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိမ်တိုင်ရာရောက် ကျန်းမာရေးပြုစုစောင့်ရှောက်မှု**

အိမ်(သို့)ဆေးရုံတွင် ပြုစုစောင့်ရှောက်ရန်လိုအပ်သော ကလေး၊ သက်ကြီးရွယ်အိုနှင့် နာမကျန်းသူများအတွက် အချိန်တို(သို့)အချိန်ရှည် ဝန်ဆောင်မှုများပေးလျက်ရှိပါသည်။

**Care Support Clover Co.,Ltd**
**Ph:09-250234108, 09-790635964, 01-524577**
**အမှတ်(၂၈)၊ သုခမြိုင်(၁)လမ်း၊ လှိုင်မြို့နယ်။**










**အမြန်ရောင်းမည်**
လှိုင်သာယာ၊အဆင့်မြင့်ရပ်ကွက်၊ နဝရတ်(၂)လမ်း၊ (၆၀×၅၀)မြေကွက်
09-264590106

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အေးမွန်ကျေးရွာ(အထက)မှ မောင်ဇေယျာကျော် (ဒသမတန်း)၊ မစန်းအိမွန်၊ မစုသက်မွန်တို့၏ဖခင်အမည်မှန်မှာ ဦးသန်းနိုင်ဦး [၁၂/ခရန(နိုင်)၁၅၇၉၂၇] ဖြစ်ပါကြောင်း။

**အများသိစေရန်**

ကျွန်ုပ်၏အမှုသည် ဒေါ်သည်ယဉ်အေး(၁၃/လရန(နိုင်)၈၅၇၃၃၆)၊ အမှတ်(၄)၊ ဧရာလမ်း၊ မြင့်ဆောင်ဗိုလ်မှန်အိမ်ယာ၊ ကြို့ပွာရေရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်နေထိုင်သူ၏ကိုယ်စားညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်(ဆ/က)ရပ်ကွက်၊ ကျိုက္ကဆံဘုရားလမ်း၊ အမှတ်(၄)တွင် တည်ဆောက်ထားသည့် RC(၅)ထပ်တိုက်၏ (၅)လွှာ ဘယ်ဘက်ခြမ်း အကျယ်အဝန်း (၁၈ × ၅၀ပေ)ရှိ တိုက်ခန်းကို ရောင်းပိုင်ခွင့်ရှိသူများထံမှ ကျွန်ုပ်၏အမှုသည်က အချုပ်စာချုပ်စရံငွေပေးချေပြီး ဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏အမှုသည်ထံသို့ဖြစ်စေ ခိုင်လုံသော စာရွက်စာတမ်းများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ခဲ့ပါက အပြီးပိုင် အရောင်းအဝယ်ပြုလုပ်ခြင်း ဆောက်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။




Total Skin Repair

ခေတ်မီ Germany လေဆာစက်သစ်ကြီးဖြင့်

Tattoo, တက်တူးများကို ဈေးနှုန်း သက်သာစွာ ဖျက်နိုင်ပါပြီ။

အခန်း(2B)၊ ပထမထပ်၊ မိုးမြင့်စံကွန်ဒို၊ ပြည်လမ်းနှင့် ဆည်မြောင်းလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉-၄၄၄၄၈၃၀၂၆၊ ၀၉-၄၄၄၄၈၃၀၂၇

**ရှမ်းဆရာမ နန်းငွေကြယ်(BA)**

(အောင်လက္ခဏာ ဓနနာဂွင်း) စီးပွားရေးပိုင်း၊ ထိမ်းထောင်ဘချစ်ရေး ... ကြည့်မြင်တိုင်။ (09775335911) (09254132041)

**နှံ့ထိုက်တော်ဝင်စားသောက်ကုန် သင်တန်း**

(၁၀.၉.၂၀၁၈မှ၁၆.၉.၂၀၁၈အထိအထူးသင်တန်း) မွှေးစပ်မာလာရှမ်းကော မာလာဟင်း၊ ဂဏန်းချဉ်စပ်၊ မြေအိုးမြီးရှည်၊ ဆန်ပြားလိပ်၊ ကြေးအိုး၊ မာလာငါး ထိုင်ဝမ်ရေကြော်၊ ဖက်ထုပ်၊ ဖက်ထုပ်ပေါင်း၊ နှင့်ဖက်ထုပ်အမျိုးမျိုး၊ အကင်အမျိုးမျိုး ကြက်ဆီထမင်း၊ ကြက်ကင်၊ ငါးသံပုရာ၊ တရုတ်ဟင်းချက်၊ အမဲလုံး၊ ဂဏန်းမာလာ

**သီးသန့်သင်တန်း**-ရေခဲမုန့်၊ အအေး/ ကိတ်၊ ပေါင်မုန့်၊ မုန့်ဖုတ်သင်တန်း တရုတ်ဟင်းချက်၊ ကြေးအိုးနှင့်ရှမ်းအစားအစာ/ လွှက်ရည်ဆိုင်မုန့်/ ဒင်းဆမ်း အကင်၊ ဟော့ပေါ့သင်တန်း/ သစ်သီးယိုမှိုးရှုံ/ အချိုရည်ဖျော်ယမကာသင်တန်း အသုပ်ကြော်အကြော်လုပ်ငန်း/ ဈေးဆိုလုပ်ငန်း/ ရှူးရှူးလွှက်၊ ပေါ်ပြား/ ပဲ ငါးမုန့်၊ အသုပ်ချောင်း/ သကြားလုံး/ ဆော့ပြာ အဆီအစ၊ ဆေးပြာရေ

**အရင်းနည်းနည်း အမြတ်များများ ကျော်မှန်လုပ်ငန်း၊ ကျော်မှန်တက် ကျောင်းသည်။**

၃၀×၃၁ ကြားမြေးဖြမ်းကြားမန္တလေး၊ ၀၉-၅၁၃၄၉၈၇၊ ၀၉-၄၀၂၂၂၀၈၇၃

**ဖခင်အမည်မှန်**

မြစ်ကြီးနားမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(H,)မှ မခေါန်ဘန့်၏ ဖခင်အမည်မှန်မှာ ဦးတူးရှုန်[၁/မကန(နိုင်)၁၃၁၄၆၉] ဖြစ်ပါသည်။

**အမည်မှန်**

မြစ်ကြီးနားမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(C)မှ (ဘ)ဦးဆ တန်းတန့်ဂွန်း၏ သား မောင်ဆတန်း ဆွတ်ထိန်နူး၏ အမည်မှန်မှာ မောင်ဆတန်းဆွတ်ထိန်တူး ဖြစ်ပါသည်။

**မွေးသက္ကရာဇ်အမှန်မိခင်အမည်မှန်**

မြစ်ကြီးနားမြို့၊ အထက(၅) နောင်နန်း၊ တက္ကသိုလ်ဝင်တန်း(B) မှ မကိုင်ဆိုင်း၏ မွေးသက္ကရာဇ် အမှန်မှာ ၁၉-၁၀-၂၀၀၂ ဖြစ်ပြီး မိခင်အမည်မှန်မှာ ဒေါ်ယွန်အောင် ဖြစ်ပါသည်။







**Trademark Caution**

Karmarts Public Company Limited, a company duly incorporated under law of Thailand and having its principal place of business at 81-81/1 Soi Petchakasem 54 Yak 3, Bangduan, Phasicharoen, Bangkok 10160, Thailand, is the Owner Sole Proprietor of following Trademarks:-

Reg No. IV/8102/2018 | Reg No IV/8103/2018

CATHY CHOO

Reg No IV/8104/2018 | Reg No IV/8105/2018

**In respect of:**

Lipsticks; eye shadow; nail colors; face powder sold in compact; eye brow pencil; make-up powder; perfumes; cosmetic creams; lotions for cosmetic purpose; massage creams; cleansing milk for toilet purpose; mascara; hair lotions; hair oils; essential oils; make up foundation; shampoo; after-shave lotions; soaps; cosmetics preparations for skin care, cosmetics; nail care products; nail polish, nail polish remover; cosmetic preparations for slimming purposes; eyeliners; hair styling products; hair care products; hair colorants; lip gloss; lip tints; concealers; toners; blushers; facial care cosmetics; facial masks; facial cleansing foams; facial cleansing gels; facial cleansing creams; shower creams; shower gels; hair treatment products; hair conditioners; hair perm products; hair relaxers; body creams; body lotions; false eyelashes; adhesives for affixing eyelashes; make-up removers; facial cosmetic sets and all products in class 3.

Any fraudulent limitation or unauthorized use of the said Trademark will be dealt with according to law.

**U Aung Thein (B. Econ, D.S, H.L.)**
**Advocate (7598)**
**09 500 1619**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၁)၊ မြေကွက်အမှတ်(၈၈)၊ ဧရိယာ(၀. ၀၅၅)ကေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၈၈)၊ ဇေယျာဒီပလမ်း၊ (၃၁)ရပ်ကွက်ဟု ခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဂရန်အမည်ပေါက် ဒေါ်မြစီ[KPW-၀၇၆၀၃၀] [၁၂/လမတ(နိုင်)၀၁၃၁၅၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေး ချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင် (LL.B) (စဉ်-၂၂၇၄၇)၊ ဒေါ်နှင်းပွင့်သန်း (LL.B) (စဉ်-၂၇၀၇၅)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၈၃၅၆၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၂၅၄၂၇၈၃၃၆**

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**စစ်တောင်းမြစ်**

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်တစ်ရက်အတွင်း ပေဝက်ခန့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ရွှေကျင်မြစ်**

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ်**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် မဒေါက်မြို့၊ ရွှေကျင်မြို့နယ်နှင့် ဘားအံမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။

**မိုး/ဇလ**

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို နီပေါနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်ဆိုင်ရာ သတင်းထုတ်ပြန်ချက်

စာမျက်နှာ - ၅

# တာချီလိတ်နယ်စပ်ဝင်ပေါက်မှ ခရီးသွားဧည့်သည်များ ငါးလအတွင်း သုံးသိန်းရှစ်သောင်းကျော် ဝင်ရောက်လည်ပတ်

တာချီလိတ် စက်တင်ဘာ ၁

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အဆက်မပြတ် ဝင်ရောက်လည်ပတ်လျက်ရှိရာ ယခုနှစ် ဩဂုတ် ၂၄ ရက်မှ ၃၀ ရက်အထိ ထိုင်းနိုင်ငံနှင့် တတိယနိုင်ငံသားများသည် ညအိပ်နှင့် နေ့ချင်းပြန် ခရီးသည်ပေါင်း ၂၃၂၄၄ ဦး၊ မိုင်းဖြတ်မြို့နှင့် ကျိုင်းတုံမြို့ခရီးစဉ်တွင် ၇၃ ဦး၊ ဗီဇာဖြင့် တာချီလိတ်မြို့မှတစ်ဆင့် ပြည်တွင်းသို့ ၁၁၃ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။**

အဆိုပါ ခရီးသွားဧည့်သည်များသည် နေ့ချင်းပြန်ခရီးအဖြစ် တာချီလိတ်မြို့ရှိ တာလော့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက်၊ ဝမ်ကောင်းရပ်ကွက်ရှိ မြို့မဈေး၊ ရွှေတိဂုံစေတီတော်၊ မြို့နယ်ဓမ္မာရုံ၊ နဂါးနှစ်ကောင်ကျောင်းတိုက်၊ ကိုးမြို့ရှင်နတ်နန်း၊ ပဒေါင်ကျေးရွာ၊ အာခါဈေး၊ တရုတ်ဘုံကျောင်းသို့ လည်းကောင်း၊ ညအိပ်ခရီးစဉ်အဖြစ် မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရားခြေတော်ရာစေတီ၊ သမိုင်းဝင်ဆုတောင်းပြည့် စွန်တောင်းစေတီ၊ ဘီလူးလျှာစေတီ၊ ကျိုင်းတုံမြို့အဝင် ဗုဒ္ဓဥယျာဉ်နှင့် ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဘုရား၊ စွန်တောင်းစေတီ၊ ရပ်တော်မူဘုရား၊ ဟိုခုံကျောင်း၊ ကျိုင်းရင်းဘုန်းကြီးကျောင်း၊ ဝပ်အင်းကျောင်း၊ ကျော့မ်ဆရီစေတီ၊ ပါလျန်ကျောင်း၊ သစ်တစ်ပင်တောင်၊ နောင်တုံကန်၊ ကမ္ဘာအေးစေတီ၊ လွယ်မွေဒေသ၊ ပင်းတောက်ရေတံခွန် စသည့် အထင်ကရနေရာများသို့ သွားရောက်ဘုရားဖူးခြင်း၊ **စာမျက်နှာ ၁၀ ကော်လံ ၅ သို့** ❋



တာချီလိတ်နယ်စပ်ဝင်ပေါက်မှ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်နေကြသည်ကို တွေ့ရစဉ်။



အသက် ၂၂ နှစ်အောက် ပြိုင်ပွဲအဖြစ် ကျင်းပသည့် ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကြစဉ်။ ဓာတ်ပုံ-စိုးညွန့်

# ၂၀၁၉ တွင် ပထမဆုံးကျင်းပမည့် အာဆီယံ ယူ-၂၂ ပြိုင်ပွဲတွင် မြန်မာအသင်း ယှဉ်ပြိုင်မည်

**ရန်ကုန် စက်တင်ဘာ ၁**

အာဆီယံဘောလုံးအဖွဲ့ချုပ်က ၂၀၁၉ ခုနှစ်တွင် ပထမဆုံးကျင်းပမည့် အာဆီယံ ယူ-၂၂ ပြိုင်ပွဲတွင် မြန်မာ ယူ-၂၂ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၉ အာဆီယံ ယူ-၂၂ ပြိုင်ပွဲကို ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး နည်းပြချုပ်အဖြစ် ဦးကြည်လွင်က ကိုင်တွယ်မည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် လက်ရှိတွင် အာဆီယံအဆင့် ယူ-၁၅/ယူ-၁၆ အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲ၊ ယူ-၁၈/ ယူ-၁၉ အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲ၊ အာဆီယံဆူဇူကီးဖလား အမျိုးသားပြိုင်ပွဲနှင့် အာဆီယံ အမျိုးသမီးပြိုင်ပွဲတို့ ကျင်းပလျက်ရှိပြီး လက်ရွေးစင်အဆင့်နှင့် ယူ-၁၉ ကြားတွင် ပြိုင်ပွဲမရှိသောကြောင့် ယူ-၂၂ ပြိုင်ပွဲကို စတင်ကျင်းပခြင်းဖြစ်သည်။ ထို့ကြောင့် လာမည့်နှစ်တွင် အရှေ့တောင်အာရှအသင်းများအနေဖြင့် အာရှနှင့် အာဆီယံအဆင့် ယူ-၂၂ ပြိုင်ပွဲသုံးပွဲအထိ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အာဆီယံ ယူ-၂၂ ပြိုင်ပွဲအပြင် အာရှ ယူ-၂၃ ခြေစစ်ပွဲနှင့် ဆီးဂိမ်းပြိုင်ပွဲတို့ပါ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ပြီးခဲ့သည့်ရက်ပိုင်းက ကျင်းပသည့် အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီအစည်းအဝေးတွင် အတည်ပြုခဲ့ပြီး အိမ်ရှင်နိုင်ငံအဖြစ် ကမ္ဘောဒီးယားနိုင်ငံအား ရွေးချယ်ခဲ့သည်။ **ရှိုင်းထက်ဇော်**

GRAND HANTHA INTERNATIONAL HOSPITAL

GREEN. GRAND. CARE FOR THE PEOPLE

ကလေးအထူးကု ပြင်ပလူနာဌာနနှင့် အတွင်းလူနာဌာန

ဂရန်း(ဒ်)ဟံသာ ကလေးအထူးကု အတွင်းလူနာဌာနတွင်


- အရေးပေါ်အတွင်းလူနာများအတွက် 24 နာရီကလေးအထူးကုဆရာဝန်ကြီးများထားရှိခြင်း။
- ဝါရင့် ကလေးအထူးကုဆရာဝန်ကြီးများက တာဝန်ယူကုသပေးခြင်း။
- ကလေးအထူးကု ပြင်ပလူနာဌာန သီးသန့်ထားရှိခြင်း။



အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၂၃၀၀၀၊ ၀၁ ၅၂၃၁၁၁၊ ၀၁ ၅၂၃၂၂၂

ဝတ္ထုတို

## သျှီ(တမာမြေ)




"သမီး မသွားလို့ မရဘူးလား အမေရယ်"

"မရဘူးလေ၊ အမေသူတို့ဆီက ပိုက်ဆံယူပြီးပြီ၊ သမီးမောင်လေးကို ညနေ ဆေးရုံပို့ရမှာ"

အေးမိစံ အိပ်ရာထက်မှာ ခွေခွေလေး လဲလျောင်းနေသော မောင်လေးဖြစ်သူရဲ့ မျက်နှာကို တစ်ချက်ကြည့်လိုက်သည်။ နာတာရှည်ရောဂါလို ဖြစ်နေတာကြာပြီဖြစ်သော သူ့မောင်လေးကို အလွန်သနားသည်။ မိသားစုရဲ့ဝင်ငွေက ပုံမှန်မရှိ။ အလုပ်ခေါ်မှ ပိုက်ဆံရသည်။ အဝတ်လျှော်မှ ထမင်းနပ်မှန်သော အေးမိစံတို့ သားအမိသုံးယောက်မှာ ချို့တဲ့သည်ထက် ဆိုးသေးသည်။

"အမေ သမီးကို ခိုင်းစားတာမဟုတ်ပါဘူး။ ဘယ်လိုမှကြံရာမရတဲ့အဆုံး ယူလိုက်မိတာပါ။ အမေ အသုံးမကျဘူးသမီးရယ်"

ဒေါ်ကြင်မေ အသံတို့ပါ တုန်ယင်သွားသည်။

မိခင်ဖြစ်သူ ဒေါ်ကြင်မေ၏ မျက်နှာကို ကြည့်လိုက်၊ မောင်လေးဖြစ်သူရဲ့ မျက်နှာကို ကြည့်လိုက်နဲ့ အေးမိစံ ပင့်သက်ချလိုက်မိသည်။ သူ့မောင်လေးရဲ့ ကျန်းမာရေးက တစ်နေ့တခြား ပိုဆိုးရွားနေသည်။ ဆေးမြီးတိုနဲ့ ကုနေရသည်မှာလည်း ရောဂါအားကောင်းအောင် လုပ်ပေးနေတာနဲ့တူသည်။ ရွာထဲက ဆေးဆရာတွေကလည်း တုတ်တုတ်မှ မလှုပ်ချင်။

"သမီးနားလည်ပါတယ်။ သမီး လိုက်သွားပါ့မယ်။ အမေလည်း ကျန်းမာရေး ဂရုစိုက်ပါ။ မောင်လေးကိုလည်း ဂရုစိုက်ပါနော်"

အေးမိစံ သူ့မောင်လေးရှိရာနေရာသို့ လှမ်းသွားပြီး နဖူးလေးကို ပွတ်သပ်ကာ ကြည့်နေမိသည်။ မောင်လေးအိပ်ပျော်မနေပါ။ သို့သော်လည်း ငြိမ်နေသည်။

အသက်ရှစ်နှစ်သာရှိသော ကလေးတစ်ယောက်ရဲ့ ရောဂါဝေဒနာက ဘာများလဲ၊ ဘယ်လိုတွေ ခံစားနေရပါသလဲ။

အေးမိစံသည် အသက် ၁၅ နှစ်သာရှိသော အပျိုဖော်ဝင်စမိန်းမငယ်တစ်ဦးဖြစ်သည်။

အိမ်ဖော်ပွဲစား ဒေါ်မြရည်မှာ မြို့မှာရှိတဲ့ အိမ်ကြီးရှင်တို့ရဲ့ ပွဲစားဖြစ်သည်။ အပြောကောင်း၊ အမွှမ်းကောင်းသလို သူအလုပ်ရှာပေးသူတွေလည်း ရွာထဲမှာ များပြားလှသည်။

သူခေါ်သွားတဲ့သူတိုင်းလည်း အိမ်ကို ထောက်ပံ့နိုင်ကြသည်။ ခုလည်း အေးမိစံကို အိမ်ဖော်လုပ်ရန်ဖြစ်သည်။ အိမ်ရှင်တွေကလည်း သဘောအလွန်ကောင်းသည်ဟုဆိုသည်။ လစာက တစ်လကို စရိတ်ငြိမ်း ခြောက်သောင်းရမည်။ အဝတ်အစားဆင်မည်တဲ့။

ရွာမှာဆို ခြောက်သောင်းမပြောနဲ့ ခြောက်ထောင်တောင် မသေချာပါ။ ပညာမတတ်တော့ ပိုဆိုးသည်။ အရင်းအနှီးမရှိတော့ ပိုခက်သည်။ အိမ်မှာ နာမကျန်းသူတစ်ယောက်ရှိလျှင် ပိုစိတ်ညစ်ရသည်။

"သမီး နေ့လယ်ကားနဲ့ လိုက်ရမှာနော်။ ခဏနေ ဒေါ်မြရည်လာခေါ်တော့မှာ၊ သမီးရေချိုးတော့လေ"

"မမ ဘယ်သွားမလို့လဲ"

အေးမိစံ သူ့မောင်လေးအမေးကို အမှန်အတိုင်း ဖြေရမည်လော။ ဆို့နင့်မှုတစ်ခုနဲ့ စိုးရိမ်ကြောင့်ကြမှုက သူ့ရင်မှာ ကြီးစိုးနေသည်။

"မောင်လေးအတွက် ကစားစရာနဲ့ မုန့်တွေသွားဝယ်မလို့လေ၊ လိမ်လိမ်မာမာနေနော်"

"အဲဒါဆို သားလည်း လိုက်မယ်"

"သားက လိုက်လို့မရဘူးလေ၊ သားမမ သွားဝယ်မှာ၊ သားက မေမေနဲ့နေခဲ့နော်"

ဒေါ်ကြင်မေက ဝင်ပြောသည်။

အေးမိစံ လိုက်ကာစုတ်လေးနဲ့ ကာထားသော အခန်းငယ်လေးထဲ ဝင်သွားသည်။ မြွေရေခွံအိတ်လေးထဲသို့ အဝတ်အစားများ ထည့်နေသည်။ အဝတ်အစားဆို၍လည်း များများစားစားမရှိပါ။ ဒေါ်ကြင်မေကတော့ ပွဲစား ဒေါ်မြရည်ဆီမှ ကြိုတင်ယူထားသော ငွေထုပ်ကို ရေတွက်ရင်း "ရော့ သမီး၊ ဒါ သမီး လမ်းမှာ စားချင်တာ ဝယ်စားဖို့နဲ့ ဟိုရောက်ရင် သုံးစရာရှိတာ သုံးဖို့ယူသွားပါ။ ကျန်းမာရေးကိုလည်း ဂရုစိုက်။ လူကြီးသူမစကားကို နားထောင်နော်၊ တစ်ခုခုပြန်ပြောချင်တိုင်း အမေနဲ့ သမီး မောင်လေးမျက်နှာကို ကြည့်ပေးပါ"

"ဟုတ်ကဲ့ပါ"

အေးမိစံအဖို့ မိသားစုနဲ့ ပထမဆုံး ခွဲခွာခြင်းပါ။ မြို့ကြီးမှာ အိမ်ဖော်လုပ်ရမည်တဲ့။ ဘယ်လိုတွေများပါလိမ့်ဟုတွေးရင်း ပင့်သက်မောနေသည်။ ပွဲစား ဒေါ်မြရည် ရောက်လာပြီမို့ ခေတ္တစကားပြောပြီး ထွက်လာခဲ့ကြသည်။ ငိုချင်သော မျက်လုံးတွေက ရှိုက်သံတွေ ထွက်ပေါ်မလာအောင် ထိန်းထားပေမယ့် မျက်ဝန်းဆီမှာတော့ ကြေကွဲရိပ်တို့ ထင်ဟပ်နေသည်။

"ကြည့်စမ်း ငါ့တူမတွေက ခုလို ဆင်လိုက်တော့ အချောတွေပဲ၊ ဒေါ်လေးက ညည်းတို့လေးတွေကို မကြည့်ရက်လို့ပါ။ ရွာမှာပဲနေရင် ဖင်ထဲ ရွံ့တစ်ပိဿာလောက်ဝင်မှ ထမင်းတစ်နပ်စားရတာ ဘာလုပ်မှာလဲ။ မြို့မှာဆို ငွေရှာရ သိပ်လွယ်တာ"

အေးမိစံအပါအဝင် ဆယ်ကျော်သက် သုံးယောက်ပါသည်။

အပြုံးလေးတွေနဲ့ မိဘသဖွယ် ပြောနေသော ဒေါ်မြရည်ရဲ့ စကားကြောင့် အားလုံး ကြည်နူးနေမိသည်။ မြို့မှ အဝတ်အစားတချို့ကို ဆင်မြန်းပေးထားတော့ အေးမိစံတို့မှာ မဝတ်ဖူးတာ ဝတ်၊ မစားဖူးတာ စားနေရတော့ ကျေနပ်နေကြသည်။

"သမီးအေးမိစံက ဒီမှာနေခဲ့ဦးနော်။ သမီးတို့နှစ်ယောက်ကတော့ ဒေါ်လေးနဲ့ လိုက်ခဲ့။ သမီးတို့နေရမယ့်အိမ်ကို လိုက်ပို့ပေးမယ်"

အေးမိစံကို အဆောင်လား၊ အိမ်လား၊ တည်းခိုခန်းလား မသိသော အခန်းတစ်ခုထဲမှာ ထားရစ်ခဲ့သည်။ ကျန်တဲ့နှစ်ယောက်ကိုတော့ ဒေါ်မြရည်ခေါ်သွားသည်။ ညနေမိုးချုပ်မှ ပြန်ရောက်လာသည်။ ထိုအချိန်မှာတော့ ခရီးပန်းလာသောဒဏ်နဲ့ အိပ်မောကျနေသည်။

"အခန်းထဲမှာ အိပ်နေတယ်။ ကောင်မလေးက ခုမှအသက်က ၁၅ နှစ်ပဲ ရှိသေးတယ်နော်။ ကိုယ့်ဘာသာပြုစုပြီး စည်းရုံးလိုက်။ သူငွေတအားလိုနေတယ်။ သူ့မောင်လေး ဆေးရုံတင်ရမယ်။ နင်နပ်ပါတယ် ဟဲဟဲဟဲ"

"ငါလည်း အသားတွေ စားရတာ ရိုးနေပြီဟ။ ခုလိုတောငါးပိလေးလည်း စားချင်တာပေါ့"

ထွန်းလူဆိုသောလူမှာ တစ်ဖက်နိုင်ငံကို လူကုန်ကူးနေသောလူဖြစ်သည်။ ဒေါ်မြရည်မှာလည်း ရွာက အပျိုပေါက်စလေးတွေကို စည်းရုံးပြီး ထွန်းလူဆီသာပို့နေသည်။ သူ့အတွက် ပွဲခက အံ့မခန်းရသည်လေ။

"စားတာလည်း ကြည့်စား အရိုးစူးမယ်။ ဟိုက တအားငယ်သေးတယ်နော်"

"စူးပါစေ စူးပါစေ အရိုးပါ ဝါးစားမယ်"

ထွန်းလူ လုပ်ပြသွားသောပုံမှာ အမြင်ကပ်စရာကောင်းလှသည်။ သူများသားသမီးကို သားမယားပြုကျင့်ဖို့၊ သူ့ရဲ့ ခဏတာ စိတ်သာယာဖို့ တစ်ခုတည်းနဲ့ ဘာကိုမှ မမြင်ချေ။

"ဒါပဲလား ငါ့အတွက်က"

ဒေါ်မြရည် လက်ထဲကငွေထုပ်ကို လှုပ်ခါပြရင်း ပြောလေသည်။

"တော်ပြီလေဟာ၊ နောက်တော့ ထပ်ပေးမှာပေါ့၊ အခြေအနေကြည့်ရဦးမယ်လေ"

ပြောပြောဆိုဆိုနဲ့ ထွန်းလူ အေးမိစံရှိသော အခန်းထဲကိုဝင်သွားသည်။ အခန်းထဲရောက်တော့ ခုတင်ပေါ်မှာ ခွေခွေလေးအိပ်နေသော အေးမိစံကို တွေ့ရသောအခါ မုဆိုးသားကောင်တွေ့သည့်နှယ် မရိုးမရွ ဖြစ်နေသည်။

အေးမိစံရဲ့ ဘေးမှာ ကပ်ထိုင်လိုက်သည်နှင့် အေးမိစံနိုးလာသည်။

"ဟင် ဘယ်သူကြီးလဲ၊ ဦးဦးကဘယ်သူလဲ"

"ဦးက သမီး ဒေါ်လေးရဲ့ အသိမိတ်ဆွေပါ။ သမီးကိုထားခဲ့တယ်ပြောလို့ လာခေါ်တာပါ။ သမီး အိမ်ဖော်လုပ်ဖို့ဆို"

"ဟုတ် ဟုတ်ပါတယ်။ ဒေါ်လေးမြရည်ရော ဘယ်မှာလဲ"

"သူလား သမီးနဲ့အတူတူပါလာတဲ့ သူငယ်ချင်းနှစ်ယောက်ကို လိုက်ပို့တယ်။ သမီးကို ထားခဲ့တာ စိတ်မချလို့တဲ့ သွားခေါ်ပေးပါဆိုလို့ လာခေါ်တာ"

"ဟင့်အင်း သမီးမလိုက်ချင်ဘူး။ ဒေါ်လေးမြရည်လာမှ လိုက်မယ်"

"ကဲ သဘောပါကွယ်၊ အဲဒီလိုဆိုလည်း သူလာတဲ့အချိန်ထိ စောင့်ကြတာပေါ့။ ဟုတ်ပြီလား။ သမီး ဘာစားပြီးပြီလဲ။ ဗိုက်ဆာနေပြီလား"

"ဟုတ်၊ ဘာမှ မစားရသေးဘူး"

"ခဏစောင့်ဦး၊ သမီးအတွက် စားစရာတစ်ခုခုသွားယူလာပေးမယ်"

ဦးထွန်းလူ မီးဖိုခန်းဘက်သို့ ထွက်သွားသည်။

စကားပြောပုံက သူမဟုတ်သလို ပါးနပ်မှုရှိပြီး နူးညံ့လွန်းသည်။ အကြင်နာတရားရှိသည့်ဟန် လူကြီးလူကောင်းဆန်လှသည်။

ခဏကြာတော့ ကော်ဖီနှင့်မုန့် ယူလာသည်။ အေးမိစံလည်း ဗိုက်ဆာနေတာနဲ့ ဦးထွန်းလူ ယူလာသော ကော်ဖီနှင့်မုန့်ကို စားလိုက်သည်။ မြိန်ရေယှက်ရေ စားနေသော အေးမိစံကို ကြည့်ပြီး ငါ့ခွင်ထဲတော့ မိပြီဟူသော အကြည့်နှင့် ပြုံးနေသည်။ မကြာလိုက်ပါဘူး။ အေးမိစံရဲ့ မျက်လုံးတွေ မှေးစင်းသွားသည်။ တစ်ခုခုခံစားနေရသည့်နှယ် လူးလွန့်နေသည်။

ကာမစိတ်လား ဘာလား မသိသော ဝေဒနာတစ်ခုကို ခံစားနေရသည်။ ဦးထွန်းလူလည်း အချိန်ကောင်းဟု မှတ်ယူကာ အေးမိစံ အနားကပ်သွားပြီး လိုသလို သွေးသားယူနေလေသည်။

အပျိုဖော်ဝင်စ အရွယ်ဖြစ်သည်။ ထိန်းချုပ်မှုကင်းမဲ့စွာ စာနာမှုမရှိဘဲ မိမိလိုအင်ဆန္ဒကိုသာ ရှေ့တန်းတင်ခဲ့သောကြောင့် ထိုနေရာမှာပဲ အေးမိစံ ရှော့ဖြစ်သွားသည်။

ဦးထွန်းလူ သူ့ကိစ္စပြီးသွားပေမယ့် ခေါ်၍ မရ၊ နှိုး၍မရဘဲ ခွေခေါက်၍ လဲနေသော အေးမိစံကိုကြည့်ပြီး စိတ်ချောက်ချားသွားသည်။

"မြရည်ရေ မြရည် လာပါဦး။ ဘာဖြစ်သွားလဲ မသိဘူး"

ထွန်းလူ၏ ခေါ်သံကြောင့် ဧည့်ခန်းထဲတွင် အနားယူနေသော ဒေါ်မြရည်ရောက်လာသည်။

"ဟင် နင်ဘယ်လိုတွေ လုပ်လိုက်တာလဲ၊ သေသွားပြီလား မသိဘူး"

"ဟာ မသိဘူးလေဟာ၊ ငါ ငါလည်း ထားလိုက်ဟာ။ သေသွားလည်း ဖျောက်လိုက်၊ နင့်ကို ပိုက်ဆံထပ်ပေးမယ်"

"အဲဒီလိုလုပ်လို့မရဘူးဟဲ့။ အရူးကောင်ရဲ့"

သေချာသည်။ အရွယ်နဲ့မမျှအောင် ပြုကျင့်ခံရမှုကြောင့် အေးမိစံ အသက်ပါ ပေးဆပ်လိုက်ရသည်။

အေးမိစံရဲ့ ပုံကိုကြည့်ပြီး ဒေါ်မြရည် ဒူးတုန်နေသည်။

စာနာစိတ်ကင်းမဲ့လှတဲ့ ဒေါ်မြရည် ခုလိုမြင်တွေ့ရတော့ ကြောက်ရွံ့နေမိသည်။

"နင့်ကို ငါပြောပါတယ်။ ငယ်ပါသေးတယ်လို့၊ အခုဘယ်လိုလုပ်မလဲ"

"ထုံးစံအတိုင်းပေါ့ဟာ။ သူ့အိမ်ကို လေးငါးလလောက် ပိုက်ဆံပုံမှန်ပို့ပေးလိုက်ပေါ့၊ ဒါမျိုးတွေ နင်ကျွမ်းပါတယ်"

ဟုတ်ပါသည်။ ဒါမျိုးတွေ ဒေါ်မြရည် သိပ်ကျွမ်းပါသည်။ တစ်ဖက်နိုင်ငံကို ပို့လိုက်ပြီး လေးငါးလလောက် ကျွန်တော်မပျက် လစာပို့ပေး နေတတ်သည်။ နောက်က မိသားစုတွေကတော့ မြို့ရောက်နေတဲ့သားသမီးတွေ အဆင်ပြေတယ်လို့သာ မှတ်ယူထားကြသည်။

"တူ တူ တူ"

ပြောနေရင်းမှာပဲ လက်ထဲကဖုန်းလေး ထမြည်လာသည်။ ကိုယ့်အပြစ်နဲ့ကို ဖုန်းသံကိုတောင် လန့်နေကြသည်။

ရွာကဖုန်းဖြစ်သည်။ ရွာမှာက ရွာဦးကျောင်းမှာသာ ဖုန်းရှိသည်။ ကိစ္စတစ်ခုခုရှိရင် ရွာဦးကျောင်းဆရာတော်ဆီက ဖုန်းနဲ့ ဆက်သွယ်ကြသည်။

" ဟဲလို "

"မြရည်လား မြရည် ငါ့သမီးလေးကို ခုပြန်လွှတ်ပေးပါလား။ နောက်မှ နင်တို့ ပြန်ခေါ်သွားပါနော်။ သူ့အိမ်ရှင်ကိုလည်း ပြောပေးပါ၊ ပြီးရင် ပြန်ပို့ပေးပါ့မယ်လို့"

"ဟင် မ မရဘူးလေ။ သူ့ကို သူနေရမယ့် အိမ်မှာထားခဲ့ပြီ။ ပြန်ခေါ်လို့မရလောက်တော့ဘူး"

"မလုပ်ပါနဲ့ မြရည်ရယ်။ သူ့မောင်လေး ခုဆေးရုံမှာ ဆုံးပြီ။ လုပ်ပါမြရည်ရယ် ကူညီပါ။ သူ့ကို သူ့မောင်လေးဆုံးပြီလို့ သွားမပြောပါနဲ့နော်။ ဒီအတိုင်းပဲ ခဏဆိုပြီး ပြန်ခေါ်ပေးပါ။ ဘယ်လိုမှမရရင်လည်း ညည်းပေးတဲ့ စရန်ငွေ ပြန်ပေးမယ်အေ။ ငါ့သမီးလေးကိုပြန်ပို့ပေးပါ "

"အေး အေး ငါပြောကြည့်ပေးမယ်"

ဘယ်လိုလုပ်ရပါ့။ ဘယ်လိုလုပ်မည်နည်း။ ဒေါ်မြရည် ဘာဆက်လုပ်မည်နည်း။ သူ့ရဲ့ ငွေမက်မှု၊ စာနာစိတ်ကင်းမဲ့မှုတို့ကြောင့် အနာဂတ်ရဲ့ ကြယ်ပွင့်တွေကို ခူးဆွတ်နေမှန်း မသိ ခူးနေမိသည်။ အညွှန့်တွေကို ချိုးဖဲ့နေသည်။ အေးမိစံလိုလူတွေ ဘယ်လောက်တောင် များနေပြီလဲ။ အေးမိစံနဲ့ အတူတူပါလာသော နှစ်ယောက်ရော ဘယ်လိုဘဝရောက်သွားပြီလဲ။ အေးမိစံလိုပဲ နစ်မွန်းသွားပြီလား။ ဘာဆက်လုပ်ရမည်နည်း။ ဘယ်လိုတွေ ရှေ့ဆက်ကြမည်နည်း။

ဓားစာခံဘဝတွေကို ဘယ်လိုရုန်းထွက်ကြမည်နည်း။ အနီးဆုံးရန်သူက ဘယ်မှာနည်း။ ။

## မျိုးဆက်သစ်ရင်ပြင်
## လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် **မျိုးဆက်သစ်ရင်ပြင်** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

**မျိုးဆက်သစ်ရင်ပြင်** သို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

(စာတည်းအဖွဲ့)

# အချိန် စီမံခန့်ခွဲမှု

## ဆောင်းပါး

ဆေးရောင်

"အချိန်မရဘူး"ဆိုတဲ့ စကားကို ပတ်ဝန်းကျင်ရှိ လူအတော်များများ ပြောတတ်ကြ၏။ အချိန်မရလို့ လုပ်စရာရှိတာတွေကို မလုပ်ဘဲနေဖြစ်ကြသည်။ ထို့ကြောင့် တိုးတက်အောင်မြင်မှု ရှိသင့်သလောက်မရှိဘဲ ဖြစ်တတ်လေ၏။ တကယ်ဆိုလျှင် လူတိုင်းတစ်နေ့ ၂၄ နာရီရကြသည်ချည်းသာဖြစ်သည်။ ကြီးပွားနေသူများလည်း တစ်နေ့လျှင် ၂၄ နာရီသာရ ကြသကဲ့သို့ သာမန်လူတို့သည်လည်း တစ်နေ့လျှင် ၂၄ နာရီသာရကြသည်။ အချိန်ကို ကောင်းစွာစီမံခန့်ခွဲနိုင်သူက သာလွန်အကျိုးများမည်ဖြစ်ပေသည်။ အမှန်စင်စစ်တွင်မူအချိန်သည် "ရ" ရန်မလို၊ "ယူ"တတ်ဖို့သာ လိုပေသည်။ ၂၄ နာရီဆိုတဲ့ အချိန်ပမာဏကို ကောင်းကောင်းမွန်မွန် စီမံခန့်ခွဲပြီး အချိန်ရလျှင်ရသလို လုပ်စရာရှိသည်တွေကို လုပ်သင့်ပေသည်။

### ရဲရဲသာလုပ်

အချိန်မရသည့် ပြဿနာမှာ အများအားဖြင့် အလုပ်တစ်ခုကို စမလုပ်မီ တွေဝေတုန့်ဆိုင်းခြင်းကြောင့်ဖြစ်သည်။ "ဘယ်နေရာက စလုပ်ရင်ကောင်းမလဲ"ဆိုပြီး စဉ်းစားရင်းနှင့်ပင် အချိန်ကုန်ဆုံးသွားတတ်ကြ၏။ အလုပ်တစ်ခုစလုပ်လျှင် တာထွက်အစသည် အခက်ဆုံး အပိုင်းဖြစ်ပေသည်။ ခက်သော အပိုင်းကို ကျော်ရန်သာလိုသည်။ ထိုအပိုင်းလေးကို ကျော်မိသည်နှင့် တစ်ပြိုင်နက် တံခါးပွင့်လေသည်။ ထို့ကြောင့် အလုပ်တစ်ခု စလုပ်တော့မည်ဆိုလျှင် မဆိုင်းမတွဘဲ ရဲရဲသာလုပ်သင့်၏။ ပန်းချီဆရာတစ်ဦးသည် ပန်းချီဆွဲရန်အတွက် ဖြူဖွေးသော ပိတ်ကားပေါ်တွင် ရဲရဲတင်းတင်းချဆွဲလိုက်၏။ ဤနည်းဖြင့် ပန်းချီဆွဲဖြစ်သွားလေသည်။ ထို့ကြောင့် အလုပ်တစ်ခု စလုပ်တော့မည်ဆိုလျှင် ကြောက်ရွံ့မနေဘဲ ရဲရင့်စွာ စလုပ်လိုက်သင့်၏။ စလုပ်ရာတွင်လည်း စိတ်မပါဘဲ ရှိတတ်လေသည်။ စိတ်မပါလျှင် စိတ်ပါလာအောင် လုပ်ရပေမည်။ စာတစ်ပုဒ်ကို စရေးရာတွင် မည်သည့်နေရာက စရေးရမည်ကို စဉ်းစားမရဘဲ ရှိတတ်၏။ ရဲရဲတင်းတင်း ချရေးလိုက်ရန်သာလိုသည်။ ဤနည်းဖြင့် စိတ်ပါလာပြီး အလုပ်ကို အာရုံစူးစိုက်စိုက်ဖြင့် လုပ်ဖြစ်သွားမည်ဖြစ်၏။

### တွန်းအားပေး

ထို့အတူ အချိန်ကို စီမံခန့်ခွဲတတ်ဖို့ရာ အလွန်အရေးကြီးလှသည်။ တစ်နေ့တာတွင် လုပ်ရမည့် အလုပ်များကို နာရီအပိုင်းအခြား သတ်မှတ်ပြီး လုပ်ခြင်းဖြင့် အလုပ်တွင်ကျယ်စေသည်။ အလုပ်တစ်ခုကို တစ်နာရီအတွင်းပြီးအောင်လုပ်ရမည်ဟု သတ်မှတ်လိုက်သည်ဆိုပါစို့၊ တစ်နာရီအတွင်း အပြီးလုပ်ရန် ကိုယ့်ဟာကိုယ် တွန်းအားပေးရာလည်း ရောက်သည်။ တစ်နည်းပြောရလျှင် မိမိကိုယ် မိမိစိန်ခေါ်ခြင်းဖြစ်ပေသည်။ မိမိ၏စိန်ခေါ်မှုကို အနိုင်ရရန် ကြိုးစားရသောကြောင့် အလုပ်ကို မြန်မြန်နှင့်မှန်မှန် ပြီးစေ၏။ လိုအပ်သော အချိန်ထက်လည်း ပိုမယူရသောကြောင့် အချိန်ချွေတာရာလည်း ရောက်ပေသည်။ ကျောင်းသားတို့အနေဖြင့်လည်း စာမေးပွဲမတိုင်မီကတည်း ကြိုတင် အစီအစဉ်ဆွဲခြင်းဖြင့် အဆင်ပြေအကျိုးများနိုင်ပေသည်။ ဤသည်မှာ အောင်မြင်သူတို့၏ ကိုယ်တွေ့ အချိန်စီမံခန့်ခွဲနည်းများပင် ဖြစ်ပေ၏။

အချိန်သည် "အဖိုးတန်ဆုံးသော အရင်းအနှီး" ဖြစ်သည်။ ထို့ကြောင့် အချိန်ကို အကျိုးရှိစွာ အသုံးချရန် လိုအပ်သလို တန်ဖိုးထားရန်လည်း အရေးကြီးပေသည်။ ရွေ့လျားနေသော စက္ကန့်တိုင်းသည် တန်ဖိုးကြီးလှသည်။ အကျိုးမရှိသော အလုပ်များဖြင့် အချိန်ကုန် မခံသင့်။ အချိန်ကို အမြဲလေးစားသင့်သည်။ "အချိန်ကို ဖြုန်းတီးပါက အချိန်ကသင့်ကိုပြန်၍ ဖြုန်းတီးသွားလိမ့်မည်"ဟု ရှိတ်စပီးယားက ဆိုဖူး၏။ တစ်နေ့လျှင် အချိန် တစ်နာရီ ဖြုန်းတီးမိပါက ၂၄ ရက်ဆိုလျှင် တစ်ရက်စာ ဖြုန်းတီးမိမည်။ ထို့ကြောင့် အချိန်တိုင်း အချိန်တိုင်းတွင် မိမိအကျိုးရှိမည့် လုပ်ငန်းများ လုပ်ဆောင်နေသင့်သည်။ တိုးတက်သောလူတိုင်းသည် စောင့်ဆိုင်းချိန်များကိုပင် စာဖတ်ခြင်းဖြင့် အချိန်ကုန်ဆုံးတတ်ကြ၏။ သိပ္ပံပညာရှင်သောမတ်အက်ဒီဆင် စာအုပ်တစ်အုပ် မပါလျှင် အပြင်သို့ ထွက်လေ့မရှိ။ အချိန်တိုင်းစာဖတ်သည်။ အချိန်ကို အကျိုးရှိရှိ အသုံးချသည်။

### ချင့်ချိန်သုံးသပ်

"အချိန်ပြည့် အလုပ်လုပ် နေရမှာလား၊ အနားယူချိန်မထားသင့်ဘူးလား"ဆိုပြီး မေးစရာရှိသည်။ "အနားယူခြင်း"ဆိုတဲ့ ဝေါဟာရအဓိပ္ပာယ်သည် အိပ်ရာပေါ်တွင် လဲလျောင်းနေမှု မဟုတ်။ စာဖတ်သော အလုပ်ဖြစ်သည့် ဉာဏအလုပ်မှ ကိုယ်လက်လှုပ်ရှားကာယ အလုပ်သို့ ပြောင်းလဲပြုလုပ်ခြင်းသည် အနားယူခြင်းတစ်မျိုးပင်ဖြစ်၏။ အလုပ်လုပ်ရင်း ငြီးငွေ့လာသည့်အခါ မိမိဝါသနာပါရာအလုပ်ဖြစ်သော ပန်းချီဆွဲခြင်းဖြစ်ဖြစ်၊ သီချင်းနားထောင်ခြင်းဖြစ်ဖြစ် ပြောင်းလဲ လုပ်ဆောင်လိုက်ခြင်းသည် အနားယူခြင်းပင် ဖြစ်သည်။ အနားယူချိန်ကို မိမိကိုယ်တိုင် ချင့်ချိန်သုံးသပ်ဆုံးဖြတ်တတ်ရန်သာ အရေးကြီးသည်။

အချိန်ကို တန်ဖိုးထားပြီး သေချာစွာ စီမံခန့်ခွဲပါက ဘဝတွင် အောင်မြင်မှုရမည်ဖြစ်သည်။ ထက်မြက်သော "အချိန် မန်နေဂျာ" တိုင်း တိုးတက်ကြသည်။ သူတို့သည် အချိန်ကို အမြဲလေးစား၏။ တစ်စက္ကန့်ပင် အကုန်ဆုံးမခံနိုင်ကြ။ ရသမျှအချိန်တိုင်းကို အကျိုးရှိရှိ အသုံးချပြီး ဒီနေ့လုပ်ရမယ့် အလုပ်ကို နောက်နေ့ မရွှေ့တတ်ကြချေ။ သူတို့ဘဝတိုးတက်ရေးအတွက် အချိန်ကိုရင်းနှီးမြှုပ်နှံထားကြသည်။ ထို့ကြောင့် အချိန်ကို တန်ဖိုးထားလေးစားပြီး ကောင်းစွာ စီမံခန့်ခွဲနိုင်သူတစ်ယောက်ဖြစ်စေရန် အလို့ငှာ တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ဝါခေါင်လပြည့်

ဝါခေါင်မိုးက သည်းသည်းရွာ
ကန်ချောင်းရေတိုးလာ
တို့ရွာဝန်းကျင် လယ်တောအလှ
ကောက်ပင်စိမ်းမြမြ။

အဆင်းလှလှ ပန်းခတ္တာ
ရနံ့သင်းထုံဖြာ
သိဟ်ရာသီ ခေါ်တွင်ပြု
ဝါခေါင်လ ဥတု။

ကောင်းမှုပြုလို့ ကုသိုလ်ယူ
သဒ္ဒါဖွေးဖွေးဖြူ
ပေးလှူဘောဇဉ် ဝတ္ထု၊ ဆွမ်း
ရေစက်ချ လှူဒါန်း။

ကံစမ်းမဲဖောက် စာရေးတံ
ပျော်ရွှင်စရာအမှန်
မြတ်သံဃာ ထေရ်မွန်အပေါင်း
များစွာ ရာထောင်သောင်း။

ဘေးရန်အပေါင်း ကင်းပစင်
မေတ္တာပန်း ပန်ဆင်
ဗုဒ္ဓဘုရားရှင် ဟောညွှန်ပြ
လပြည့် ဝါခေါင်လ။

လက်ာရင်သွေး

# ပညာရေးမှာ အနုပညာ

ဟန်မင်းနွယ်

(၁)

ပညာရေးဆိုတာနဲ့ စာသင်ကျောင်းလို့ပြေးမြင်ကြတယ်။ အမှန်တော့ ဒီလိုမဟုတ်ပါဘူး။ဝမ်းကြာတိုက်ကလွတ်တဲ့နေ့ကနေ စာသင်ခန်းထဲ မရောက်မချင်း ကလေးတစ်ယောက်ဟာ မိဘတွေရဲ့မသိမသာ သင်ပေးခြင်းကို ခံရပါတယ်။ မိဘတွေဟာ ကလေးရဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေပဲ။ ဒါကြောင့်မို့လည်း လက်ဦးဆရာလို့ ခေါ်ကြတာပေါ့။ လူတွေမှာမွေးကတည်းကပါလာတဲ့ ဗီဇ ဆိုတာရှိတယ်။ ငယ်စဉ်မှာ အကောင်းဆုံး ပျိုးထောင်ပေးရမယ့် အချိန်ပါ။ ကျောင်းနေဖို့ အရွယ်ရောက်လာတဲ့အခါကျမှ ပတ်ဝန်းကျင်လို့ ခေါ်တဲ့စာသင်ကျောင်းကို ပို့ကြရတယ်။ ဒါကြောင့်မို့ ပညာရေးရဲ့အစဟာ အိမ်လို့ ဖွင့်ဆိုပြရတာပါ။ ဝလုံးလေးကိုဝိုင်းအောင်မရေးတတ်သေးတဲ့ ကလေးတစ်ယောက်ကို ဗျည်းအက္ခရာတွေရေးတတ်တဲ့အထိ မြန်မာစာကို ကောင်းစွာရေးတတ်ဖတ်တတ်တဲ့အထိ သင်ကြားပြသပေးတဲ့ မူလတန်းဆရာ ဆရာမများရဲ့ ကျေးဇူးဟာ အင်မတန်ကြီးလွန်းတယ်။ အနန္တဂိုဏ်းဝင်တွေရဲ့ ကျေးဇူးကို မမေ့သင့်ပါ။

(၂)

"တပည့်မရှားတစ်ပြားမရှိ"တဲ့ "ပီတိကိုစားအားရှိ၏" အစသဖြင့် ဟိုးတုန်းက ဆိုရိုးစကားလေးတွေရှိတယ်။ ပိုက်ဆံတစ်ခုအတွက်နဲ့ဆို ကျောင်းဆရာမလုပ်သင့်တာ။ရာထူးအတွက်ဆို ဆရာမလုပ်သင့်တာ။ ရင်ထဲကဝါသနာပါမှ လုပ်ပါ။ စေတနာ့ ဝန်ထမ်းနိုင်ရမယ်။ လစာကောင်းမှ ဖြစ်မယ်ဆို အခြားအလုပ်ကို ရွေးပါ။ ပညာဟာ ကုန်ပစ္စည်းမဟုတ်သလို ပညာရေးဟာ စီးပွားရေးမဆန်သင့်ဘူး။ စီးပွားရေးဆန်လာတဲ့အခါ တပည့်ကအလုပ်ရှင် ဆရာကအလုပ်သမားလို ဖြစ်လာမယ်။ ရိုသေမှုတွေဝေးလာမယ်။ တပည့်တွေရိုင်းလာမယ်။သူတို့ရဲ့ နောက်ဘဝမကောင်းနိုင်ဘူး။ ပညာကို ငွေနဲ့ဝယ်လို့ရတယ်ဆိုတာဖြစ်လာရင် အနာဂတ်အတွက် ရင်လေးစရာပါ။ အမှန်ကဆရာတစ်ယောက်ဟာ သူတတ်ထားတဲ့ပညာနဲ့ တပည့်လေးတွေကို သင်ကြားပြသပေးချင်သူပါ။ လူလိမ္မာလေးတွေ မွေးထုတ်ပေးလိုတဲ့ စေတနာရှိတယ်။

ဥပေက္ခာတရား ဆိုတာဆရာတွေအတွက် တပည့်ဆိုးကို လက်လျှော့တာမျိုးမဟုတ်ဘူး။ သူ့ကြောင့် တပည့်တွေ ဘဝကြီးပွားတိုးတက်သွားရင် တပည့်ဆီကမျှော်ကိုးလိုစိတ်မရှိတာကိုပြောတာပါ။ ဝါသနာအရစာသင်ရတာကို နှစ်သက်တယ်။ တပည့်တွေကို ပညာတတ်ကြီးဖြစ်စေလိုကြတယ်။ ဆရာတိုင်းမှာ ဒီစိတ်ရှိရမယ်။ ဆရာတွေရဲ့ အသွေးအသားဗီဇတွေကိုက ပညာဒါနကို နှစ်သက်မြတ်နိုးနေကြတာ။ ဆရာဆိုတာ စာဖတ်ဝါသနာပါသူတစ်ယောက်လဲဖြစ်ရမယ်။ တပည့်တွေကို သားသမီးပမာ ချစ်ရမယ်။ ကျောသား ရင်သားမခွဲရဘူး။ တပည့်ကို မုန်းနေသူမှာ ဆရာစိတ်မရှိနိုင်ဘူး။ ဆရာမဖြစ်နိုင်ပါဘူး။ ဆရာတွေမှာ ဝါသနာ၊ စေတနာ၊ အနစ်နာတွေထက် စေတနာလေးရှိတယ်ဆို လုံလောက်ပါတယ်။ ဆရာဆိုတာ ထာဝရကျောင်းသား တစ်ဦးလိုပဲ။ ဘာသာရပ်နဲ့ပတ်သက်ပြီး အသစ်အသစ်တွေကို အမြဲလေ့လာသင်ယူနေရမယ်။ပညာ့ဝမ်းစာအတွက် စာကောင်းပေမွန်တွေကိုလည်း ဖတ်သင့်တာပေါ့။ ဆရာတစ်ယောက်ရဲ့ အလုပ်ဟာ လွယ်တဲ့အလုပ်တော့ မဟုတ်ပါဘူး။ ဆရာဟာ တပည့်ရဲ့အခက်အခဲတွေကို ကူညီပေးနိုင်ရမယ်။ ကျောင်းရဲ့လုပ်ငန်းဆောင်တာတွေမှာ မားမားမတ်မတ်ရပ်တည်နိုင်ရမယ်။ တက်တက်ကြွကြွရှိရမယ်။ ဆရာကောင်းတစ်ယောက်ထွက်ပေါ်ရင် တပည့်ပေါင်းများစွာရဲ့ အသိပညာတွေ ပွင့်လင်းပြီး စိတ်ဓာတ်တွေလည်းလှသွားကြတယ်။ နှလုံးသားနဲ့ဦးနှောက်အတွက် အကောင်းဆုံးအာဟာရဟာ ပညာပဲဖြစ်တယ်။

(၃)

ကျွန်တော်ဟာ ဆရာဘဝကို ဂုဏ်ယူတယ်။ စာဖတ်ရတာကိုနှစ်သက်တယ်။ ကဗျာလေးတွေရေးရတာ ကြိုက်တယ်။ ဆရာဆိုတာစာသင်ကောင်းရုံနဲ့လည်း မလုံလောက်သေးပါဘူး။ တီထွင်ကြံဆမှုတွေလဲ လိုတယ်။ ပညာရေးသဘောတရား ပညာရေးစိတ်ပညာ ပညာရေးသင်ပြနည်းတွေကို မဖြစ်မနေသိထားရမယ်။ ဘာသာရပ်ကျွမ်းကျင်ရုံနဲ့လဲ မရသေးပြန်ဘူး။ ထိရောက်တဲ့သင်ကြားမှုနည်းလမ်းဟာ ဆရာတွေအတွက် အရေးကြီးတယ်။ ပညာရေးမှာ ဆရာတွေဟာ အခရာပဲ။ တစ်ခါတလေ စာသင်ကြားမှုမှာ အနုပညာလေးထည့်သင်ပေးသင့်တယ်။ ကဗျာတွေသင်တဲ့ခါ စာသားတွေကို စက်ရုပ်လိုဖတ်ပြပြီး ရှင်းပြနေတာဟာ စာသင်တာမဟုတ်ပါဘူး။ လူငယ်တွေရဲ့နှလုံးသားတွေ မယဉ်ကျေးနိုင်ဘူး။ အနုပညာမမြောက်ဖူးပေါ့။ကဗျာတွေသင်တဲ့ခါ ကဗျာရေးသူရဲ့ ရင်တွင်းခံစားမှုကို ရအောင်သင်ပေးသင့်တယ်။ ကဗျာဖြစ်လာရတဲ့ နောက်ခံအကြောင်းအရာကို စိတ်ဝင်စားစွာပြောတတ်ရမယ်။

(၄)

နှလုံးသားယဉ်ကျေးပြီး စာတော်တဲ့ကလေးဟာ နိုင်ငံအတွက် ရတနာပဲ။ နှလုံးသားသာ ယဉ်ကျေးပြီဆိုရင် စာညံ့တာဟာ အတိတ်ကံပါပဲ။ သူဟာလည်း တစ်ချိန်မှာနိုင်ငံကို အကျိုးပြုမယ့်သူတစ်ယောက်ပါ။ ညံ့တဲ့ကလေးတွေကို မနှိမ်သင့်ပါဘူး။ အပြစ်ပြောတာဟာ လူရဲ့အရည်အချင်းကို ဆုတ်ယုတ်စေတယ်။ ကောင်းကွက်လေးတွေ ချီးမွမ်းပေးရမှာပါ။ ယုံကြည်မှုလေးရှိလာအောင်ပါ။ ကလေးကိုညံ့တယ်လို့ ပြောတာဟာလည်းမမှန်ပါဘူး။ ဆရာညံ့တာကြောင့် ကလေးညံ့နေရတာပါပဲ။ မြတ်ဗုဒ္ဓက "မိတ်ဆွေကောင်းရှိခြင်းဟာ လူတစ်ယောက်ရဲ့ဘဝတိုးတက်ဖို့ ၁၀၀ ရာခိုင်နှုန်း အထောက်အပံ့ဖြစ်စေနိုင်ပါတယ်တဲ့"။ ဆရာဟာ အဓိကပါပဲ။

မြတ်ဗုဒ္ဓဟာ ဆရာကောင်းဆရာမြတ်ဖြစ်တယ်။ တပည့်ရဟန်း ရှင်သာရိပုတ္တရာဟာ ပညာအရာမှာ ဧဒတဂ်ပါပဲ။ ဒေဝဒတ်ဟာ ဆရာဆိုးဖြစ်တယ်လို့ အဇာတသတ်ရဲ့လုပ်ရပ်က သက်သေထူတယ်။အဇာတသတ်ငယ်စဉ်က လက်မှာခူနာပေါက်တယ်။ သူ့အနာက သွေးပြည်ကို မျိုချပေးတဲ့ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို ထီးနန်းအတွက် ခြေဖဝါးခွာခွဲသတ်ခဲ့သူပါ။ဆရာကိုးကွယ်မှားလို့ အဖေကိုပြန်သတ်မိတာပေါ့။ ဆရာတွေရဲ့အခန်းကဏ္ဍဟာ နိုင်ငံတိုင်းအတွက် အရေးပါတယ်။ ဘောလိဝုဒ်မင်းသားဖြစ်သူ အမီရာခန်းက ကလေးတိုင်းမညံ့ကြကြောင်း "Every child is special" ဆိုတဲ့ဇာတ်ကားမှာ တစ်ကမ္ဘာလုံးကိုချပြခဲ့ပါတယ်။မကြာသေးမီက ထွက်ရှိထားတဲ့ (hichki)ဆိုတဲ့ ဘောလိဝုဒ်ဇာတ်ကားလေးကို ဆရာ ဆရာမတိုင်းကြည့်သင့်ပါတယ်။ ဒီကားဟာ ဆရာတွေရဲ့ စွမ်းဆောင်ရည်မည်မျှအရေးကြီးကြောင်း မျက်စိပွင့်သွားစေတဲ့ ဇာတ်ကားလေးဖြစ်ပါတယ်။

လူတွေရဲ့အတွေးအခေါ်တွေ လုပ်ရပ်တွေ လုံးဝဥဿုံ မှန်ကန်ဖို့ အရေးကြီးတယ်။အမှားအမှန် ခွဲခြားနိုင်ဖို့ ပညာလိုအပ်ပါတယ်။ ပညာဟာ ပြင်ပကမမြင်ရတဲ့ လူတစ်ယောက်ရဲ့ရင်တွင်းက ဝရဇိန်လက်နက်တစ်ခုပါ။အနုပညာဆိုတာဟာလည်း လူတွေကိုတစ်ဖက်လှည့်နဲ့ လူကောင်းတွေဖြစ်လာအောင် သင်ပေးနေခြင်းမျိုးပါ။ "အလိမ္မာ စာမှာရှိ"ဆိုသလိုပဲ စာပေအနုပညာတွေကို ချစ်တဲ့စိတ်လေးနဲ့ အချိန်ပေးဖတ်သင့်တယ်လို့ အကြံပြုရေးသားလိုက်ပါတယ်။

ဝတ္ထုတို

■ နိုင်ကြည်သားနေ



(၁)

အရီးကျော်သည် လူငယ်တွေနှင့် ထွေရာလေးပါး စကားပြောရသည်ကို နှစ်သက်သူဖြစ်သည်။ စာအုပ်အတော်အတန် ဖတ်သဖြင့် ဗဟုသုတလည်းရှိ၏။ လူငယ်တွေကလည်း ခင်မင်သည်။ သို့သော် အရီးကျော်က ဒီရွာသား မဟုတ်ပေ။ လွန်ခဲ့သော ငါးနှစ်ကမှ ရွာဦးကျောင်းဆရာတော်က ကပ္ပိယအဖြစ် ခေါ်လာခြင်းဖြစ်သည်။ ကျောင်းဝေယျာဝစ္စ လုပ်၍ပြီးလျှင် လက်ဖက်ရည်ဆိုင် ထိုင်တတ်၏။ ယခုလည်း လက်ဖက်ရည်ဆိုင်တွင် စာဖတ်နေတုန်း သက်ဝေက ရှူးရှူးရှားရှားဖြင့် ရောက်လာကာ ခုံဆွဲထိုင်ရင်း. . .

"မကျေနပ်ဘူးဗျာ၊ လုံးဝမကျေနပ်ဘူး သတ်ပစ်မယ် အဲ့ကောင်ကို"

အရီးကျော်က စာအုပ်ကို အသာအယာ ပိတ်ကာ

"ဘာဖြစ်လာတာတုန်းဟ မင်းဟာက အလန့်တကြား"

"လူပါးဝတယ်ဗျာ၊ လောင်းကစားပဲဗျ နိုင်တုန်းကတော့ယူပြီး ရှုံးရင်လည်းပေးမှပေါ့ ခုဟာက အုပ်စုနဲ့အနိုင်ကျင့်တာ တစ်ယောက်ချင်းဆိုရင် သတ်ပစ်လိုက်ပြီ"

"စိတ်လျှော့သက်ဝေ စိတ်လျှော့ သတ်တယ်၊ ဖြတ်တယ်ဆိုတာ ကောင်းတဲ့အလုပ်မဟုတ်ဘူး။ မင်းခုသူ့ကိုသတ်ရင် တစ်ချိန်မင်းပြန်အသတ်ခံရမယ်။ ဝဋ်ဆိုတာ တစ်ခါတလေ ဘဝမခြားဘူး၊ ချက်ချင်းလည်တာ"

"အရီးကျော်က အဲ့ဒါပဲ ကပ္ပိယကြီးလို့ မပြောရဘူး"

အရီးကျော်က ပြုံးကာ

"သက်ဝေ မင်းကိုငါ ဇာတ်လမ်းတစ်ပုဒ် ပြောပြမယ် နားထောင်မလား"

"ဟုတ် ပြောဗျာ၊ နားထောင်မယ်"

အရီးကျော်က ရေနွေးတကြိုက်ကို မော့သောက်ရင်း

"အေး နားထောင် ဟိုး. . . လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က"

(၂)

နံ့သာကုန်းရွာတွင် မိုးစွေလို့နေသည်။ ဒီလိုရာသီဥတုကို အရက်သမားတွေက ကြိုက်လိမ့်မည်။ အေးစိမ့်စိမ့်လေးနှင့် မူးရသဖြင့် တစ်မျိုးအရသာ ရှိလှသည်။ ကိုလှစိန်၏ အရက်ဆိုင်လေးမှာ အတော်အသင့် နာမည်ကြီးသည်။ နာမည်ကြီးသလို သူကလည်း ဖော်ရွေသည်။ ပုံမှန်ဖောက်သည်တွေအတွက် သူက အကြွေးစာရင်းလုပ်ပေးထား၏။ အရက်မှာလိုက်သည်နှင့် ချဉ်ပေါင်ကြော်လေး တစ်ပွဲပါ ချပေးသဖြင့်တော်ရုံ ငွေကြေးမတတ်နိုင်သူက အရက်ဖိုးရှိရင် သူ့ဆိုင်မှာ သောက်လို့ရသည်လေ။ ဤသည်ပင်လျှင် သူ၏စီးပွားရေး အကွက်မြင်မှုဟု ချီးကျူးရမည်။

သူ့ဆိုင်၏ ထူးခြားမှုမှာ အစားအသောက် လတ်ဆတ်ခြင်းဖြစ်သည်။ သူ့အိမ်အနောက်တွင် ယုန်လေးတွေ လှောင်ထားသည်။ ယုန်သားနှင့်မြည်းလိုသူက ယုန်ကို လက်ညှိုးလေး ထိုးပြရုံပင်။ မကြာခင် ထိုယုန်မှာ ဟင်းဖြစ်ရ၏။ တချို့ မသောက်တတ်သူများကလည်း ထမင်းနှင့်စားရန် တကူးတက လာဝယ်ကြသည်။ သည်တော့ သူ့ဆိုင်တွင် လူပြတ်သည်ဟူ၍မရှိ။ သူ့မိန်းမ မတင်မြကလည်း စီးတဲ့ရေ ဆည်သည့်ကန်သင်းပမာ။ အသုံးအစွဲ ကျစ်လျစ်လှသည်။

သူတို့ဆိုင်တွင် အရက်သောက်သူများ တစ်နေ့တခြား သေပျောက်သွားသော်လည်း သူတို့၏စီးပွားရေးမှာ တိုးလျက်ပင်။ လူငယ် ခြေတက်လေးများ အရက်ကြိုက်လာခြင်းကြောင့်ဖြစ်သည်။ သူတို့လင်မယားကလည်း လူငယ်တွေ၏အထာကို နပ်သည်။ သူတို့က အလိုလိုက်သဖြင့် သူတို့ကို လူငယ်တွေက ပြန်အကြိုက်ဆောင်သည်။ ရန်တွေဘာတွေ ဖြစ်လျှင်တောင်

"ဟေ့ကောင်. . . မိုက်ရင်ဆိုင်အပြင် ထွက်ခဲ့"

"ငါကွာ တောက် ဦးလှစိန်ကို အားနာလို့ မဟုတ်ရင် မင်းကိုငါ ပုလင်းနဲ့ ရိုက်ခွဲပစ်လိုက်ပြီ"စသည်ဖြင့် သူတို့၏ အလိုက်သိမှုကို ပြကြသည်။ ဒီတော့မှ ဦးလှစိန်က ဖြောင်းဖျကာ နှစ်ဦးနှစ်ဖက် ပြေလည်စေသည်။

"ကိုလှစိန် ယုန်တစ်ကောင် လုပ်ဗျာ"

သောက်နေကျ ဖောက်သည် ကိုကျော်ညွန့်က မေးလိုက်သည်။ ကိုလှစိန်က

"ဘယ်လောက်သားကောင်လဲ"

"ကျုပ်တစ်ယောက်စာပဲဗျာ၊ တော်ရာတစ်ကောင်လုပ်လိုက်တော့ လိုက်ရွေးမနေတော့ဘူး သနားလို့ ဒါပေမဲ့ ဟော့လူ သွေးလေးပါထည့်ချက်ဗျာ နော်"

ကိုလှစိန်က

"စိတ်ချ ခဏစောင့်"ဟုဆိုကာ ခါးတွင် အမြဲထိုးထားသော ဓားမြှောင်ကိုထုတ်၍ နောက်ဖေးသို့ ထွက်သွားကာ ယုန်တစ်ကောင်ရွေးလိုက်၏။ ကံဆိုးသော ယုန်လေးတစ်ကောင်အား နားရွက်နှစ်ဖက် ပူးကာဆွဲယူပြီး စဉ်းတီတုံးပေါ်တင်လိုက်သည်။ ပြီးတော့မှ ယုန်၏လည်ပင်းအား ဓားဖြင့် လှီးကာ ထွက်လာသောသွေးကို ကြွေခွက်ဖြင့် ခံထားလိုက်သည်။ မကြာခင် အသားခုတ်သံ ကြားရတော့မည်။

(၃)

ညသည် တိတ်ဆိတ်နေသည်။ ခပ်လှမ်းလှမ်းမှ ခွေးအူသံသည် အသည်းယားဖွယ်ကောင်းလှ၏။ တစ်ချက်တစ်ချက် ခြေသံလိုလို ကြားရသည်။ လူခြေတိတ်ချိန်မို့ စိတ်ထင်တာပဲနေမှာပါဟု ဖော့တွေးလိုက်သည်။ ကိုလှစိန် တစ်ယောက် မိန္ဒယ်ကိုလွမ်းကာ အိပ်မပျော်သဖြင့် ခြင်ထောင်အပြင်ထွက်ကာ ဆေးလိပ်ဖွာနေလိုက်သည်။ သူ့ဇနီးကတော့ အပူအပင်ကင်းစွာ အိပ်ပျော်လျက်။ ကိုလှစိန်က ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ ဓားမြှောင်ကိုခါးတွင်ထိုးကာ အိမ်အပြင်ထွက်လာလိုက်သည်။ သူ့ခြေလှမ်းတို့သည်. . . .။

မိန္ဒယ်တို့ အိမ်နားရောက်တော့ ဝင်နေကျ တံခါးမှပဲ ဝင်လိုက်သည်။ မိန္ဒယ်သည် တစ်ခုလပ်ဖြစ်၏။ လေဖြတ်ထားသော ဖခင်အိုကြီးနှင့်အတူနေရသည်။ မိန္ဒယ်သည်တစ်ခုလပ် ဆိုသော်ငြား တော်ရုံအပျို ရှုံးလောက်သည်။ ထို့ကြောင့် ကိုလှစိန်က တပ်မက်နေခြင်းဖြစ်သည်။ သူနှင့်မိန္ဒယ် ဖောက်လွဲ ဖောက်ပြန်ဖြစ်နေခြင်းကို ဇနီးသည်များသိခဲ့ရင်ဆိုသော အတွေး ဝင်ဝင်လာတတ်သည့်အခိုက် သွေးပျက်မိသော်လည်း မိန္ဒယ်နှင့် မတွေ့ဘဲလည်း မနေနိုင်ပါ။

မိန္ဒယ်၏ ခြင်ထောင်ကို အသာမကာ ဝင်လာလိုက်သည်။ ဘေးတစောင်းအိပ်ပျော်နေသော မိန္ဒယ်၏အနားသို့ အသာကပ်ကာ လေသံတိုးတိုးလေးဖြင့်

"နွယ်. . . နွယ်. . . ညီမ"

မိန္ဒယ်က ရုတ်တရက်လန့်သွားသော်လည်း ကိုလှစိန်မှန်း တန်းသိလိုက်သည်။ ဒီအချိန် ဒီလိုလာတတ်တာ ကိုလှစိန် တစ်ယောက်ပဲ ရှိသည်လေ။

"ကိုစိန်ရယ် ဒီအချိန်ကြီးကျမှ လာမယ်ဆိုလည်း ညနေထဲက ကြိုပြောတာမဟုတ်ဘူး"

"ကိုစိန်လည်း အစက လာဖို့မရှိဘူး ခုလွမ်းတာနဲ့ အရဲစွန့်ထွက်ခဲ့တာပဲ"

"ပိုပြီ ကိုစိန်ကတော့ အဟင်းအဟင်း"

"လိုတောင်လိုပါသေးတယ် နွယ်ရာ"ဟုဆိုကာ မိန္ဒယ်ပါးလေးကို လှမ်းနမ်းလိုက်သည်။ မိန္ဒယ်က

"ကိုစိန် နွယ့်ကို လက်စွပ်က ဘယ်တော့ပေးမှာလဲ"

ကိုလှစိန်က သက်ပြင်းချရင်း

"ပေးမှာပေါ့နွယ်ရာ အိမ်ကဟာကြီး လစ်တာနဲ့ နွယ့်ကိုပေးမှာ စိတ်ချ"

တိတ်ဆိတ်သွားသောအခိုက်အတန့်သည် အသူတစ်ရာနက်သော ရာဂချောက်ကမ်းပါး၏အဝဖြစ်သည်။

ထိုအတွင်းသက်ဆင်းရင်း နက်သထက်နက်လာသောအခါ အကုသိုလ်ဝဲဂယက်ထဲ နစ်သည်ထက် နစ်ကြရသည်။

"နွယ်"

ကိုလှစိန်၏အသံက တိုးသဲ့သဲ့။

"ဟင်"

မိန္ဒယ်၏ အသံက ဖျော့တော့စွာ။

"လေးနာရီလောက်ရှိရော့မယ် ပြန်တော့မယ်"

"အင်း. . . နွယ်ပြောတာ မမေ့နဲ့နော်"

"အင်းပါ"ဟုဆိုကာ ကိုလှစိန် ခြင်ထောင်ထဲက ထွက်လိုက်သည်။ အိမ်အပြင်ရောက်တော့ ကိုလှစိန် လမ်းကို ခပ်သွက်သွက်လျှောက်ရင်း ဇနီးမတင်မြ အိပ်မောကျပါစေဟု ဆုတောင်းလာလိုက်သည်။

ကိုလှစိန် အိမ်ထဲရောက်ရောက်ချင်း မတင်မြ နိုးမည်စိုး၍ ခြေဖော့ကာ အိပ်ခန်းဆီလာခိုက်

"မြရယ် ဒီလိုတစ်သက်လုံးနေရရင် ကောင်းမယ်နော်"

"ခုလည်းမကြာမကြာ နေနေရတာကို ကိုကျော်ညွန့်ကလည်း"

ကိုလှစိန်နားအတွင်း မိုးကြိုးဆယ်စင်း ဆင့်ပစ်သလို ခံစားလိုက်ရသည်။

"ဒါပေမယ့်ကွာ ဒါက ဟိုကောင် မြရဲ့လင် မယားငယ်အိမ်သွားမှ တွေ့ရတာလေ။ ဒီညတောင် ကိုကျော်ညွန့်က ညဦးပိုင်းထဲက မှောင်ရိပ်ခိုစောင့်နေလို့ မဟုတ်ရင် ဒီည အဖို့ဝေးစွ"

"အင်းပါ ဟုတ်ပါပြီ၊ ခုပြန်တော့နော် ဟိုလူကြီးပြန်လာမှ ခက်မယ်"

ကိုကျော်ညွန့်က တင်းကျပ်စွာ ပွေ့ဖက်နှုတ်ဆက်နေစဉ် အခန်းအတွင်းမှ ဘက်ထရီမီးချောင်းလေး ရုတ်တရက်လင်းလာသည်။

"ထွက်ခဲ့စမ်း မယားခိုးကောင်"

ကိုလှစိန်၏အသံမှာ အတော်အတန်ကျယ်သွားသဖြင့် ဘေးအိမ်များပါ တစ်စတစ်စနိုးလာကြသည်။

"ထွက်ခဲ့စမ်းဆို. . . ကဲဟာ. . . ကဲဟာ" ဆိုပြီး ခြင်ထောင်ကိုမ၍ အားဖြင့်ဆောင့်ကန်လိုက်ရာ မတင်မြ၏ ရင်ညွန့်ကိုထိသွားပြီး ခွေကျသွားသည်။ ကိုကျော်ညွန့်လည်း ဒေါသထွက်ကာ ခြင်ထောင်မှ အလူးအလဲထွက်၍ ပြန်ချလေသည်။

သူတစ်ပြန်ကိုယ်တစ်ပြန် သတ်ပုတ်နေကြရင်း ကိုကျော်ညွန့်က အသာရကာ အပေါ်စီးက ခွထိုးလေ၏။ ကိုလှစိန်ကလည်း ခါးကြားမှဓားကိုသတိရကာ ဓားဖြင့်ထိုးလိုက်သဖြင့် ကိုကျော်ညွန့် လက်မောင်းပြတ်ရှသွားသည်။ ကိုကျော်ညွန့်က ဟန်ချက်ပျက်သွားသော်လည်း ဓားကို အတင်းလုနေသည်။ အော်သံ ဆူသံများက တိတ်ဆိတ်ခြင်းကို ဖြိုခွဲလျက်။

(၄)

"ဒုန်း. . ."

"ဒုန်း. . ."

"ဟေး တံခါးဖွင့်စမ်း. . . ဘာဖြစ်နေကြတာလဲ. . . ဟော့ငါပြောနေတာ မကြားဘူးလား"

အုပ်ချုပ်ရေးမှူးအသံက ပီသစွာထွက်ပေါ်လာသည်။

"ဟေ့ ဖွင့်စမ်း. . . အာ. . . ကြာတယ်ကွာ. . . ဟော့ကောင်တွေ တံခါးဖျက်ကွာ. . . ကြာတယ်"

လူငယ်တချို့က တံခါးကို ဖျက်ကြရသည်။ ဆယ့်ငါးမိနစ်အကြာတွင် တံခါးပွင့်သွားသဖြင့် အားလုံးအိမ်ထဲလိုက်ဝင်ကြသည်။ အိမ်ထဲရောက်သောအခါ မြင်လိုက်ရသော မြင်ကွင်းကြောင့် အားလုံးမင်သက်နေကြသည်။

လည်ပင်းအား ဓားဖြင့်အလှီးခံထားရသော ကိုလှစိန်၏ အလောင်းဘေးတွင် သွေးထွက်လွန်းသဖြင့် လက်မောင်းကိုဖိ၍ မတ်တတ်ရပ်နေသော ကိုကျော်ညွန့်ကို တွေ့လိုက်ရလေသည်။

(၅)

အရီးကျော်က အာခြောက်သွားဟန်ဖြင့် ရေနွေးလက်ကျန်ကို မော့လိုက်၏။ သက်ဝေက. . .

"ဒါ တကယ့်အဖြစ်အပျက်လား အရီးကျော်"

"အေး. . တကယ့်အဖြစ်အပျက်"

"အရီးကျော်နဲ့ အသတ်ခံရတဲ့ကိုလှစိန်နဲ့ ခင်လား"

"တစ်ရွာတည်း သားချင်းတွေပဲကွာ. . . ကဲ. . . ပြန်ဦးမယ် ကျောင်းဝင်းမှာ မြက်ရှင်းရဦးမယ်ဟ . . . မင်းနဲ့စကားကောင်းနေတာနဲ့ အချိန်တောင် နည်းနည်းလင့်နေပြီ"

"ဟုတ် နောက်လည်း ပြောပြပါဦး နားထောင်လို့ ကောင်းတယ်"

"နားထောင်လို့ကောင်းရုံမလုပ်နဲ့ မောင် ဝဋ်ဆိုတာ ကြောက်ဖို့ကောင်းတာလည်း မှတ်ဦး"ဟုဆိုကာ အရီးကျော်က စာအုပ်လေးကြားမှ ပိုက်ဆံငါးရာကို ထုတ်လိုက်တော့ သက်ဝေက. . .

"အာ နေပါအရီးရာ ကျွန်တော် ရှင်းပါ့မယ် ထားလိုက်ပါ"ဟု ကပျာကယာ ပြောရသည်။ ဒီတော့မှ အရီးကျော်က ထိုင်ရာမှ ထရင်း. . .

"သွားပြီ သက်ဝေ ငါပြောတာလည်း မမေ့နဲ့"

အရီးကျော်တစ်ယောက် ဘုန်းကြီးကျောင်းဘက်သို့ လျှောက်လာရင်း လက်မောင်းမှ အနာရွတ်ကို သတိတရ ကိုင်မိလိုက်လေသည်။

## ကြီးပွားခြင်းတရား

ထကြွလုံ့လ၊ ဝီရိယ
ဥစ္စာကို ရှာဖွေကြ။
လုံခြုံအောင်ထိန်း
စောင့်ရှောက်သိမ်း
စီးပွားဖြစ်မယ့်ကိန်း။
အဝင်အထွက်
မျှတချက်
သုံးစွဲခြိုးခြံလျက်။
မိတ်ဆွေမိတ်ကောင်း
ကြံညာဏ်တောင်း
တိုးတက်ခြင်းအကြောင်း။
ဒီလေးချက်သာ
ညီသူဟာ
ကြီးပွားတိုးတက်မှာ။
ဒီလေးချက်အား
ပိုင်ဆိုင်ထား
ကြီးပွားခြင်းတရား။ ။

ဖြူလေး(လယ်ဝေး)

ဝတ္ထုတို

## ခေတ်ရှိုင်း(ပန်းချီ)

# ပန်းတစ်ပွင့်၏ကိုယ်ပိုင်တန်ဖိုး

ဘုရားပုထိုးများ လက်ညှိုးထိုးမလွဲသည့် "လှည်းဝင်ရိုးသံတည်းသံ"ဒေသတွင် သူမွေးဖွား ကြီးပြင်းခဲ့ရသည်။ သူသိတတ်စအရွယ်မှစ၍ ပတ်ဝန်းကျင်၌ မြင်သမျှ တွေ့သမျှတို့မှာ ဆေးမခြောက်တခြောက်၊ အရွယ်အစားအမျိုးမျိုးနှင့် ဆေးရောင်စုံ ပန်းချီကားချပ်များဖြစ်သည်။ သူ၏ကစားစရာအရုပ်များမှာလည်း စုတ်တံအကျိုးနှင့် ပိတ်စ အပြဲများသာ။

သူတို့မိသားစုလေး၏ စားဝတ်နေရေးမှာ 'တစ်နေ့လုပ်မှ တစ်နေ့စားရ' ဆိုသလို မဟုတ်ပေမယ့် ပန်းချီတစ်ကားရောင်း၍ရသောငွေလေးကို နောက်ထပ်တစ်ကားရောင်းလို့မထွက်မချင်း ချွေချွေတာတာဖြင့် စားနေရသော အခြေအနေဖြစ်သည်။ ပန်းချီဆွဲ၍ရသည့်ငွေဖြင့် လူလားမြောက်ခဲ့ရ၍လားမသိ သူ့မှာလည်း ပန်းချီဟူသော 'မျိုးစေ့'မှာ ရေလောင်းပေါင်းသင်မလုပ်ခင်၌ကပင် အမြစ်တွယ်ကာကြီးထွားလာခဲ့ပေသည်။

ကလေးဘဝတွင် သူ့သူငယ်ချင်းများက ကားရုပ်ကလေးများဖြင့် ဆော့ကစားနေချိန်မှာ သူသည် စာရွက်ဖြူဖြူလေးပေါ်တွင် ကားရုပ်ကလေးများ ရေးခြစ်၍ ကစားနေလေ့ရှိသည်။ သူငယ်ချင်းတွေက စက်ရုပ်များဖြင့် ကစားနေလျှင် သူသည်လည်း စာရွက်ပေါ်တွင် စက်ရုပ်ပုံများကို ခြစ်၍ကစားခဲ့ရသည်။ သူတို့တွေ သေနတ်ဆို သူလည်း သေနတ်၊ သူတို့တွေ လေယာဉ်ပျံဆို သူလည်း လေယာဉ်ပျံတစ်ခုပဲကွာသည်။ သူတို့တွေက ပစ္စည်းစစ်၊ သူကတော့ စာရွက်ဖြူဖြူလေးပေါ်က ပုံတူအရုပ်ကလေးတွေ။

ဤသို့ဖြင့် သူကျောင်းတက်ဖို့ အရွယ်ရောက်လာခဲ့သည်။ သူ့ကျောင်းတက်စ ရက်ကလေးမှာ သူ့သူငယ်ချင်းများကဲ့သို့ လိုတရ ရက်ကလေးတစ်ရက်ဖြစ်ခွင့်မရခဲ့ပါ။ ပန်းချီကားတွေကြားမှာ ခေါင်းမဖော်နိုင်အောင် နေ့ရှိသမျှအချိန်ကုန်နေသော သူ့အဖေနှင့်အပ်ချုပ်စက်ရှေ့တွင် မထနိုင်အောင်အလုပ်များနေတတ်သော အမေဖြစ်သူတို့ဆီမှာလည်း သူတောင်းဆိုစရာမှာ စက်ဘီးလည်းမဟုတ်၊ ပြိုင်ကားအရုပ်လှလှလေးလည်း မဟုတ်။ ပုံဆွဲစာအုပ်နှင့် ရောင်စုံခဲတံလေးများသာ။

သူ တတိယတန်းကျောင်းသားဘဝတွင် တစ်ကျောင်းလုံးက သူ့ကိုသိသွားစေသော အဖြစ်အပျက်တစ်ခု ပေါ်ပေါက်လာခဲ့ပါတော့သည်။ သူတို့ အထကကျောင်း၏ ကျောင်းအုပ်ကြီးမှာ တတိယတန်းအခန်းလေးသို့ စစ်ဆေးလေ့လာရင်း ရောက်ရှိလာခြင်းဖြစ်သည်။ ထို့နောက် ကျောင်းသားကျောင်းသူများအား မိမိတို့၏ ရည်မှန်းချက်များကို တစ်ယောက်ချင်းစီ ထ၍ ပြောခိုင်းခြင်းဖြစ်သည်။ ဤသို့ဖြင့် သူ့အလှည့်သို့ ရောက်လာလေတော့သည်။ "ကဲ သားလေး မောင်လင်းနေ သားကရော အသက်ကြီးလာရင် ဘာဖြစ်ချင်လဲ ကျန်တဲ့သူတွေပြောသလို ဆရာဝန်ကြီးလား အင်ဂျင်နီယာကြီးလား အင်း ဒါမှမဟုတ် သားရဲ့ ရုပ်ရည်နဲ့ဆိုတော့ ရုပ်ရှင်မင်းသားလုပ်မလား။ သူ ခဏမျှစဉ်းစားပြီး ဖြေလိုက်သောစကားကြောင့် တစ်တန်းလုံးတွင်သာမက ကျောင်းအုပ်ဆရာမကြီးပင် အံ့သြသွားရသည်။ သူဖြေလိုက်သည်မှာ "ကျွန်တော် ပန်းချီဆွဲနေရတဲ့သူပဲ ဖြစ်ချင်ပါတယ်ခင်ဗျာ" ဟူ၍ ဖြစ်လေသည်။ သူသည် ထိုကဲ့သို့သော ကလေးမျိုးဖြစ်ပါသည်။ "လင်းနေ" ဆိုသော ကောင်လေးသည် သူ့ 'ကိုယ်ပိုင်တန်ဖိုး'ကို သူကိုယ်တိုင်သိရှိနားလည်နေသော သူတစ်ယောက်ဖြစ်ခဲ့ပါသည်။

လင်းနေ၏ သတင်းမှာ "ပန်းသတင်းလေညင်းဆောင်၊ လူသတင်း လူချင်းဆောင်" ၍တစ်ကျောင်းလုံးသို့ ခဏအတွင်းပင် ပျံ့နှံ့သွားပါတော့သည်။ ကျောင်းရှိ ဆရာ ဆရာမများတွင်သာမက ကျောင်းသူကျောင်းသား အကြီးအငယ်များဆီသို့ပါ မွှေးပျံ့စိမ့်ဝင်သွားပါတော့သည်။ ဤသည်မှာ ထိုကျောင်းအတွက် 'မရှိမဖြစ်သူ' ဖြစ်လာရန် ရှေ့ပြေးနိမိတ်ပုံပင် ဖြစ်ပါသည်။

'လင်းနေ' သည် ဆရာ ဆရာမများအတွက် သင်ကြားရေးတွင် အထောက်အကူဖြစ်စေသော ဘာသာရပ်ဆိုင်ရာ သရုပ်ဖော်ပုံများ၊ သင်ခန်းစာအလိုက် သင်ထောက်ကူကားချပ်များကို အခါအခွင့်ကြုံသလို ဆွဲပေးလာရသည်။ ထိုသို့ဆွဲရန်လိုအပ်သော ပန်းချီပစ္စည်းများမှာ သူ့အိမ်၌ အပေါဆုံးပင်မဟုတ်ပါလား။ ဒါတွင်မက သူ့သူငယ်ချင်းများအတွက် မွေးနေ့လက်ဆောင်ပုံတူလေးများ၊ အမှတ်တရ လက်ဆောင်ပုံလေးများ၊ သင်ခန်းစာနှင့်သက်ဆိုင်သော နမူနာပုံလေးများကိုလည်း သူ့အရွယ်နှင့်မလိုက်အောင် ဆွဲပေးနိုင်သည်။သူမဆွဲနိုင်သည့်ပုံများကိုလည်း မည်သို့ဆွဲရမည်ကို မေးမြန်းရန် သူ့အဖေကြီး တစ်ယောက်လုံး ရှိနေရာ သူ့အတွက်မည်သည့်ပုံမဆို အကောင်းဆုံးကြီး မဟုတ်တောင် အဆင်ပြေအောင် သူဆွဲပေးနိုင်လေသည်။ ဤသို့ဖြင့် "လင်းနေ" မှာ သူ့အရွယ်နှင့်မမျှအောင် အောင်မြင်၍ ထိုကျောင်းရှိ ဆရာ ဆရာမများနှင့် သူငယ်ချင်းများအတွက် ဘုရားပေးသော ဆုလာဘ်တစ်ခုပင်ဖြစ်ခဲ့ရပါသည်။

သင်္ချာဆရာမ၏ စာသင်ချိန်တွင် အဝေးကိုငေးကာ တကုပ်ကုပ်ဖြင့် ပုံများရေးခြစ်နေတတ်၍ မကြာခဏဆိုသလို အပြစ်ပေးခံရသော 'လင်းနေ' မှာ ကျောင်းစာတွင်လည်း အတော်အသင့်အဆင့်တွင်ရှိပေသည်။ တတိယတန်းတွင် အတန်းသား ၂၃ ယောက်ရှိသည့်အနက် 'လင်းနေ' ၏အဆင့်မှာ ၁၀, ၁၁, ၁၂ တွင်ဖြစ်သည်။

ဤသည်မှာ ကျွန်တော်တာဝန်ကျရာ ကျောင်းသို့ ရောက်ရောက်ချင်း ကြားသိလိုက်ရသော 'လင်းနေ' ဟူသည့် ကျောင်းသားလေး၏အကြောင်းပင် ဖြစ်ပါသည်။ ယခုတော့ ကျောင်းတွင် 'လင်းနေ' ရှိမနေတော့ပါ။ သူ ကျောင်းပျက်သည်မှာ နှစ်လပင်ကျော်နေပြီဖြစ်၍ သူ့နာမည်မှာ မင်နီတားခြင်းခံရသော ကျောင်းနှင့်မသက်ဆိုင်တော့သူဖြစ်သွားပါပြီ။ "ပျောက်သောသူ ရှာလျှင်တွေ့၊ သေသောသူ ကြာရင်မေ့" ဆိုထားသော်လည်း ဘယ်ရောက်နေမှန်းမသိသော 'လင်းနေ' သည် ယနေ့ထက်တိုင် ကျောင်းအုပ်ဆရာမကြီးအပါအဝင် တစ်ကျောင်းလုံးမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ ရင်တွင်းတစ်နေရာတွင် နေရာယူနေဆဲ ရှင်သန်နေဆဲပင်ဖြစ်ပါသည်။ နှစ်ရှည်လများ အတူတူနေခဲ့ကြရသော ကျောင်းမှဆရာများနှင့် ကလေးများမဆိုထားနှင့် သူ့အကြောင်းကို ကြားဖူးရုံသာရှိသော ကျွန်တော်ပင်လျှင် 'လင်းနေ' လေး၏အပေါ်၌ သံယောဇဉ်ဝင်မိသည်။ သူ့ဘဝလေးကို စိတ်ဝင်စားမိသည်။ ကျောင်းထွက်သွားရသည့်အတွက်လည်း အလွန်နှမြောမိရသည်။ သူ့အနာဂတ်မှာ လင်းလက်ထွန်းပေါက်မည်ကို အလိုလိုခံစားနားလည်မိသည်။ ထို့ကြောင့်လည်း သူ့အကြောင်းကို တကူးတကစုံစမ်းမေးမြန်းကြည့်မိပါသည်။

ဤတွင် ပြန်၍သိလာရသည်မှာ 'လင်းနေ' ၏မိဘနှစ်ပါးမှာ စီးပွားရေးမပြေမလည်ဖြစ်ရာမှ နောက်ဆုံးတွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲလိုက်ကြသည်။ 'လင်းနေ' လေးမှာလည်း သူ့မိခင် 'ဒေါ်မူယာခင်' နောက်သို့လိုက်သွားခဲ့ရသည်။ ဒေါ်မူယာခင်မှာ ချမ်းသာကြွယ်ဝသောအသိုင်းအဝိုင်းမှဖြစ်ရာ 'လင်းနေ' ၏ စားဝတ်နေရေးအတွက်ကိုဖြင့် ပူပင်စရာရှိတော့မည် မဟုတ်ပေ။ သို့သော် သူ့အတွက် အကြီးဆုံး ကံဆိုးမှုသည်လည်း တွဲလျက်လိုက်ပါလာသည်။ ဒေါ်မူယာခင်၏ မိဘများမှာ ပန်းချီဆရာများကိုသာမက ပန်းချီပညာကိုပင် အထင်သေးကဲ့ရဲ့ကြသူများ ဖြစ်ပေသည်။ ဒေါ်မူယာခင်နှင့် လင်းနေ၏ ဖခင် ဦးနေစိုးသော်တို့ကိုလည်း သဘောတူကြည်ဖြူခဲ့ကြသည်မဟုတ်။ အမွေပြတ် စွန့်လွှတ်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထိုအခါ လင်းနေလေး၏ဘဝမှာ မည်သို့မည်ပုံပြောင်းလဲသွားမည်နည်း။ ကျွန်တော်တွေးကြည့်မိပါသည်။

ပန်းချီကားများအကြားတွင် လူလားမြောက်ကြီးပြင်းခဲ့ရသော လင်းနေ၊ ပန်းချီသည် သူ့ကစားစရာ၊ သူ့အဖော်အဖြစ် သတ်မှတ်ထားသော လင်းနေ၊ ပန်းချီမဆွဲရလျှင် စားမဝင်အိပ်မပျော်ဘူးဆိုသော လင်းနေ အခုတော့ဖြင့် ဘယ်လိုတွေ ပြောင်းလဲသွားမည်လဲ။ ကြီးကျယ်ခမ်းနားလှတဲ့ အိမ်ကြီးပေါ်မှာ ခေတ်ပေါ်ကစားစရာတွေ၊ ဂိမ်းစက်တွေအကြားမှာ သူ့ဝါသနာကို မေ့ပျောက်သွားပြီလား။ သူ့ဖခင်ကိုပဲ လွမ်းဆွတ်ပြီးခေါင်းငိုက်စိုက်ချ ငိုနေမလား။ . . သို့မဟုတ်ပါဘဲ . . ဖြစ်ချင်တိုင်းဖြစ်ခွင့်မရတဲ့လောကကြီးကို စိတ်ပျက်လက်ပျက်နဲ့ လူ့လောကကြီးထဲကနေ သူ . . . သူ . . . ။

ကျွန်တော့်အတွေးကို ဒီနေရာတွင်ပဲ ရပ်ထားလိုက်ပါတော့မည်။

ဤသို့ဖြင့် တစ်ပတ်အကြာမှာ မနှစ်တုန်းက ဆယ်တန်းဖြေဆိုအောင်မြင်ကြသူများ၏ 'တက္ကသိုလ်ဝင်တန်းအောင်မြင်ခြင်းအထိမ်းအမှတ်ဂုဏ်ပြုပွဲ' သို့ ကျောင်းကဆရာ ဆရာမများအားဖိတ်ကြား၍ ရွာထဲသို့ ရောက်ခဲ့ရသည်။ဤတွင် ကျွန်တော်တို့ အားလုံး သိချင်နေကြသော သတင်းတစ်ခုကို ကြားခဲ့ကြရသည်။ 'လင်းနေ' လေး၏ သတင်းပါ။ 'လင်းနေ' လေးခမျာ သူ့မိခင်နောက်သို့ လိုက်သွားပြီး တစ်လခန့်အကြာတွင် အစားအသောက်တရှောင်ရှောင်ဖြင့် ပိန်လှီဖျော့တော့၍ မန္တလေးဆေးရုံကြီးသို့ ပို့လိုက်ရကြောင်း၊ ဆေးရုံရောက်ပြီး နှစ်ရက်ခန့်အကြာမှာပင် သေဆုံးသွားကြောင်း ရင်နင့်ဖွယ်ရာ သိခဲ့ရသည်။ ကျွန်တော့်ရင်မှာ အမျိုးအမည်မသိသော ဒေါသတွေ လှိုင်းထန်၍လာသည်။ အသက်ရှူရတာပင် မောနေရသည်။ လင်းနေလေးအတွက်လည်း လွန်စွာသနားမိသည်။ ကျွန်တော့်တွင်သာမက ဆရာ ဆရာမ အားလုံးလည်း ကိုယ့်အတွေးနှင့်ကိုယ် ခံစားနေကြရလိမ့်မည်။

ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် "လင်းနေ" ကဲ့သို့သော ကလေးမျိုးတွေ မည်မျှတောင် ရှိနေမည်နည်း။ ပွင့်လန်းခွင့်မရခဲ့သော အမွှေးဆုံးပန်းကလေးတွေ၊ ရှင်သန်ခွင့်ပင်မရခဲ့သော အလှဆုံးပန်းကလေးတွေ မည်မျှအထိရှိနေမည်နည်း။ အများကြီး ရှိနေပါလိမ့်မည်။ အခုလည်း ရှိနေပါသည်။ နောက်လည်း ရှိလာဦးမည်ပင်ဖြစ်ပါသည်။ ကျွန်တော်တို့တစ်တွေမှာ "ကိုယ်ပိုင်တန်ဖိုး" တွေရှိကြသည်။ တချို့မှာ ထို "ကိုယ်ပိုင်တန်ဖိုး"ကို သိ၍ တန်ဖိုးရှိစွာ အသုံးချ။

အစွမ်းကုန် ပွင့်လန်းရန် အားခဲကြီးပြင်းလာခဲ့သည့် အရိုင်းပန်းလေးတစ်ပွင့်မှာ ရုပ်ထွေးကြီးမားလှသည့် "လောင်းရိပ်" တို့၏ အောက်တွင် မလူးသာမလွင့်သာဖြင့် ညှိုးနွမ်းကာ အသက်ပါဆုံးရှုံးခဲ့ရပေပြီ။ ဟန်ဆောင်မှုကင်းသော ကလေးများသည် မိမိလိုချင်သည့် အရာကိုမရပါက သူဉာဏ်မီသလောက် ဆန္ဒထုတ်ဖော်ပြပေလိမ့်မည်။ ခေါင်းမာပြလိမ့်မည်။ သူ့ရိုးသားပွင့်လင်းမှုကို အသိအမှတ်မပြုဘဲ ကလေးနှင့်ပြိုင်ကာ အတင်းအကျပ်ပြုပါက ဤသို့ ပင်နိဂုံးချုပ်ရပေလိမ့်မည်။

ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် 'လင်းနေ' ကဲ့သို့သော ကလေးမျိုးတွေ မည်မျှတောင်ရှိနေမည်နည်း။ ပွင့်လန်းခွင့်မရခဲ့သော အမွှေးဆုံးပန်းကလေးတွေ၊ ရှင်သန်ခွင့်ပင်မရခဲ့သော အလှဆုံးပန်းကလေးတွေ မည်မျှအထိရှိနေမည်နည်း။ အများကြီး ရှိနေပါလိမ့်မည်။ အခုလည်း ရှိနေပါသည်။ နောက်လည်း ရှိလာဦးမည်ပင်ဖြစ်ပါသည်။ ကျွန်တော်တို့တစ်တွေမှာ "ကိုယ်ပိုင်တန်ဖိုး" တွေရှိကြသည်။ တချို့မှာ ထို 'ကိုယ်ပိုင်တန်ဖိုး'ကို သိ၍ တန်ဖိုးရှိစွာ အသုံးချသွားကြသည်။ တချို့မှာတော့ ထိုတန်ဖိုးကို သိနေပါသော်လည်း အသုံးချခွင့်မရကြ။ ထို့ပြင် နောက်ထပ်တချို့ကတော့ ကိုယ့်တန်ဖိုးကိုလည်း ကိုယ်မသိကြ။ တန်ဖိုးသိသူများကိုပင် ကဲ့ရဲ့ရှုတ်ချနေကြသေးသည်။ 'သကြား' ၏ ကိုယ်ပိုင်တန်ဖိုးမှာ 'ချို'သော အရသာပင် ဖြစ်ရာ 'ငန်'သော အရသာသို့ပြောင်းလဲအောင် လုပ်၍ရမည်မဟုတ်ပါ။ 'ငန်' သောအရသာကို လိုချင်ပါက 'ဆား' ကိုသွားရှာရန်သာ အသင့်တော်ဆုံးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့တစ်တွေသည် ကလေးများတွင် ရှိနေပြီးသား 'ဝါသနာဗီဇ' ကို ပို၍တိုးတက်အောင်မြင်ရန်သာ လမ်းညွှန်ထိန်းကျောင်းပေးသင့်ကြောင်း တင်ပြလျက်. . . . .။ ။

---

## မြန်မာ့ခြင်း

တို့ရိုးရာ ခြင်းအလှ၊
ခင်းအပြ သာသော်၊
သတင်းက ကမ္ဘာကျော်တယ်၊
အထာနော် ခက်သား။
တော်ဝင်တဲ့ ဘိုးဘွားမွေကို၊
တိုးပွားစေ ထိန်းသိမ်းစို့လား။
အကနဲ့ သိုင်းကွက်ကိုကွယ်၊
ပိုင်းဆက်သို ပေါင်းထား။
နှိုင်းချက်မပို အကြောင်းများက၊
မဟောင်းသွား သစ်လွင်။
မဟာနွယ် တည့်ဖဝါးနဲ့၊
လှည့်ကစား မျက်စိရှင်ရှင်။
တစ်ယောက်ချင်း အလယ်ဝင်ကာ၊
တကယ်ပင် စည်းလုံးကြလို့၊
နည်းဆုံးပြ မကပ်မခို၊
အတတ်မလျှို။
တန်ဖိုးရှိ ပညာကိုကွယ်၊
အစဉ်သာလို တည်တံ့စေလေး။ ။

အောင်(ပန်းခင်းကဗျာ)

---

## လူကုန်ကူးမှုတိုက်ဖျက်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး

အဆွယ်ကောင်းတဲ့ သူတို့ကို
မယုံမိဖို့လို။
အမှားအမှန် သင်ခွဲခြား
လူကြီးများနှင့် တိုင်ပင်ထား။
ပိုက်ဆံကြောင့်ရယ် အရှက်ရယ်
အသက်ပါ ပျောက်စေမယ်။
မတွေးမိက ဒီဘဝ
ပျက်စီးသွားမယ်ဗျ။
ကျား မ ဆိုတာ မရွေးပါ
အကုန်ကူးတယ်ကွာ။
အသက်ငယ်တာ သူတို့မသိ
စာနာစိတ်မရှိ။
နောင်တစ်ချိန်၌ ခေါင်းဆောင်မှာ
ဤကလေး တွေပါ။
ထို့ကြောင့်ကူညီ ဆောင်ရွက်ပေး
လူကုန်ကူးမှုတိုက်ဖျက်ရေး။ ။

ဝေယံဦး

---

## အလိမ္မာ စာမှာရှိ

အလိမ္မာကွယ် စာမှာရှိလို့
စာပေချစ်ဖို့ လိုပါတယ်။
သားသားမီးမီး လိမ္မာကြဖို့
စာတွေများများ ဖတ်ပါကွယ်။
စာအုပ်စာပေ လူ့မိတ်ဆွေမို့
အမြဲပေါင်းဖော် လေးစားကွယ်။
စာပေမှတ်ကာ ပညာတတ်လို့
ဘဝအလင်း ထွန်းစေတယ်။
ဘဝတန်ဆောင် ဂုဏ်ရည်ပြောင်လို့
လူတော်လူကောင်း ဖြစ်စေတယ်။

နင်းစက်(ရွှေကြို့)

မြေပုံသာ အဘပွဲတော် ဒါနခရီးစဉ်များ
အဘပွဲတော်၊တောင်ကြီး၊အင်းလေး၊ပင်းတယ၊ရွှေငံ၊ထမ့်ဆမ်း(၅)ည(၆)ရက်(75000)(21.9.18)
အဘပွဲတော်၊မန္တလေး၊ပြင်ဦးလွင်၊စစ်ကိုင်း၊မုံရွာ၊ပခန်းကြီး၊ပခုက္ကူ၊ပုဂံ(၅)ည(၆)ရက်(75000)(21.9.18)
အဘပွဲတော်၊ပုဂံ(ရွှေဇီးခုံ)၊ပခန်းကြီး၊သရက္ခန်၊ပခုက္ကူ(၃)ည(၄)ရက်(45000)(23.9.18)
အဘပွဲတော်၊ပုပ္ပါးတောင်ကလပ်သီးသန့် အောင်မောင်းတီးပြီးပြန်(၂)ည(၃)ရက်(35000)(24.9.18)
Ph:09425334456,09250233599,09421141415




### မိခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(F)မှ မောင်အောင်ချမ်းပြည့်၏ မိခင်အမည်မှန်မှာ ဒေါ်သန်းပို[၅/ခဥတ(နိုင်)၀၀၆၇၀၆] ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(D)မှ မဝင့်သီရိဇော်၏ မိခင်အမည်မှန်မှာ ဒေါ်ကျော့မေခိုင် [၅/ခဥတ(နိုင်)၀၅၅၆၂၆] ဖြစ်ပါကြောင်း။

### မိဘအမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(D)မှ မရွှေအိမ်စိုး၏ မိဘအမည်မှန်မှာ ဦးတင့်ဆွေ[၅/ခဥတ(နိုင်)၀၃၈၇၃၈] နှင့် ဒေါ်လှအေး[၅/ခဥတ(နိုင်)၁၀၇၀၅၃] ဖြစ်ပါကြောင်း။




### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(H)မှ မခိုင်မြတ်နွယ်ဦး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဆွေ[၅/ခဥတ(နိုင်)၀၁၈၈၄၈]ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ အထက၊ န၀မတန်း(G)မှ မောင်ဝေယံဖြိုး၏ဖခင် ဦးဖိုးကျော်[၅/ခဥတ(နိုင်)၀၇၂၂၃၃]နှင့် ဦးကြည်သိန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မကွေးမြို့၊ အထက(၃)၊ န၀မတန်းမှ မောင်အာကာ၏ ဖခင်အမည်မှန်မှာ ဦးစည်သူကျော်[၅/၀လန(နိုင်)၀၁၄၀၄၇] ဖြစ်ပါကြောင်း။

**ဦးစည်သူကျော်**

### မိဘအမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(D)မှ မမွန်မြတ်သူ၏ မိဘအမည်မှန်မှာ ဦးညွန့်ဦး[၅/ခဥတ(နိုင်)၀၃၈၅၀၅]နှင့် ဒေါ်စိန်ငွေ[၅/ခဥတ(နိုင်)၀၀၁၁၆၆] ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ယင်းမာပင်မြို့နယ်၊ ဘန့်ဘွေးကျေးရွာ အထက၊ ဆဋ္ဌမတန်းမှ မောင်အောင်မျိုးသန်းနှင့် ဒသမတန်းမှ မနှင်းယုဝေတို့၏ ဖခင်အမည်မှန်မှာ ဦးမြင့်ခိုင်[၅/ယမပ(နိုင်)၀၄၆၀၄၆] ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(H)မှ မချယ်ရီဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်မိုးဦး[၅/ခဥတ(နိုင်)၁၀၃၈၀၅] ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(D)မှ မမေသူနိုင်၏ မိခင်အမည်မှန်မှာ ဒေါ်မြင့်ငွေ[၅/ခဥတ(နိုင်)၀၀၅၇၇၀] ဖြစ်ပါကြောင်း။



### မိခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(A)မှ မယုဝေဝေဖြိုး၏ မိခင်အမည်မှန်မှာ ဒေါ်ခင်စန်းရင်[၅/ခဥတ(နိုင်)၀၀၁၆၅၀] ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ ခင်မွန်၊ အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်း(A)မှ မပွေးအိစံ၏ဖခင် ဦးတင်စန်းဝေ (ခ) ဦးစန်းဝေ[၅/ခဥတ(နိုင်)၀၉၃၁၈၃]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(D)မှ မတင်ဇာနွယ်၏ ဖခင်အမည်မှန်မှာ ဦးစိန်ညွန့်[၅/ခဥတ(နိုင်)၀၃၉၁၆၇] ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ အထက၊ န၀မတန်း(B)မှ မချောစု၏ ဖခင်အမည်မှန်မှာ ဦးမြင့်အောင်[၅/ခဥတ(နိုင်)၀၅၃၅၃၆] ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅၂ယ/၆၈၃၀၀၊ အမျိုးအမည် Kenbo 125 အမျိုးအစား၊ M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးကျော်သက်နိုင်[၈/ပခက(နိုင်)၁၅၀၃၇၁]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန(မုံရွာ)**

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရေအားလျှပ်စစ်စီမံကိန်းများတွင် ဆောင်ရွက်မည့် ဘူမိဗေဒလုပ်ငန်းများအတွက် လိုအပ်သော စက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများနှင့် မိုင်းလုပ်ငန်းသုံးဆက်စပ်ပစ္စည်းနှင့် စက်အရန်ပစ္စည်းများအား D.D.P(Paung Laung)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

- (က) Tender No.08/DHPI/Geology Machine/2018-2019
- (ခ) Tender No.09/DHPI/Geology Spare/2018-2019
- (ဂ) Tender No.10/DHPI/Mining Spare/2018-2019

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ ၂-၁၀-၂၀၁၈ ရက် ၁၂ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moee.gov.mm ၌ ဝင်ရောက်ကြည့်ရှု၍ အခမဲ့ Download ဆွဲယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊**
**နေပြည်တော်၊ ဖုန်း-၀၆၇-၈၁၀၄၁၉၁၊ ၀၆၇-၈၁၀၄၁၉၀**



